# ကြေးမုံ
The Mirror
Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်၊ စနေနေ့ (28-3-2015) (၈၁၅၈)


**မေတ္တာ၏ အကျိုးအာနိသင်**

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘ၀သမ္ပတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာတည်းတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍ မရှိပေ။

သေက္ခတောင်ဆရာတော် ဦးတိလောက

# နှစ်(၇၀)ပြည့် တပ်မတော်နေ့အခါသမယတွင် တပ်မတော်သားအရာရှိ၊ စစ်သည်၊ မိသားစုများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဂုဏ်ပြုစကားပြောကြား

**နေပြည်တော် မတ် ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့ရက်စွဲဖြင့် နိုင်ငံတော်၏ နယ်မြေဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော တပ်မတော်သားအရာရှိ၊ စစ်သည်၊ မိသားစုများအားလုံးအတွက် ချီးကျူးဂုဏ်ပြုကြောင်းနှင့် ဆုမွန်ကောင်းတောင်းကြောင်း ပြောကြားခဲ့သည်။

အပြည့်အစုံမှာ ယနေ့ ၂၀၁၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကျရောက်သော နှစ်(၇၀)ပြည့် တပ်မတော်နေ့အခါသမယတွင် ပြည်သူမှမွေးဖွားလာသည့် တပ်မတော်သားများပီသစွာဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် အေးချမ်းသာယာရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်၏ နယ်မြေဒေသအသီးသီးတွင် ရောက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်ခြေလျင်၊ ခြေမြန်၊ လက်ရုံးဝန်ထမ်းတပ်ဖွဲ့များမှ တပ်မတော်သားအရာရှိ၊ စစ်သည်၊ မိသားစုများအားလုံးကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ချီးကျူးဂုဏ်ပြုလိုက်သည်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက် ရဲဘော်တို့ဆင်နွှဲသည့် တရားသောစစ်ပွဲအောင်မြင်စေရန်အတွက်လည်း ဆုမွန်ကောင်းတောင်းလိုက်သည်ဟု ဖော်ပြပါရှိကြောင်း သိရှိရသည်။ **(မြဝတီ)**

# ပိုင်နက်နယ်မြေလုံခြုံရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေး ပြည်တွင်း ပြည်ပ အန္တရာယ်မှန်သမျှကို တပ်မတော်အနေဖြင့် တိုက်ထုတ်ကာကွယ်စောင့်ရှောက်သွားမည်

**နေပြည်တော် မတ် ၂၇**

၂၀၁၅ ခုနှစ် နှစ်(၇၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ရေးပြကွင်းကြီး၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။ **(ယာပုံ)**

အဆိုပါ စစ်ရေးပြအခမ်းအနားသို့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးသရေစည်သူလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးဇေယျကျော်ထင်သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးဇေယျကျော်ထင်ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်အငြိမ်းစားအရာရှိကြီးများ၊ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီရိပျံ့ချီရာပြည့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်ကျောင်းဆရာများနှင့် ကျောင်းသားများ၊ နယ်ခြားစောင့်တပ်များ၊ ဗဟိုအကြံပေးနှင့်ကွပ်ကဲရေးအဖွဲ့များ၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)အဖွဲ့ဝင်များ၊ ပြည်တွင်း ပြည်ပ သတင်းဌာနများမှ သတင်းထောက်များ၊ ပြည်တွင်းဂျာနယ်၊ မဂ္ဂဇင်းများမှ သတင်းထောက်များ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နှစ်(၇၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများ ချီတက်မည့် စုရပ်သစ်တပ်စစ်ရေးပြကွင်းမှ စစ်ရေးပြကွင်းကြီး၏ အဝင်မုခ်ဦး၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**










ကြေးမုံ စာတည်းရှုထောင့် ၂၈-၃-၂၀၁၅၊ စနေနေ့

# ရေမြင့်လျှင် ကြာတင့်မည်

"ရေမြင့် ကြာမြင့်"မြန်မာစကားပုံရှိသည်။ ရေမျက်နှာပြင် မြင့်တက်လာသည်နှင့်အမျှ ကြာပင်ကလည်း မြင့်တက်ဘိသကဲ့သို့ဖြစ်သည်။ မှီခိုရာ၏ အဆင့်အတန်းအခြေအနေ မြင့်မားလာသည်နှင့်အမျှ မှီခိုသူများလည်း အခြေအနေမြင့်မားလာခြင်းဖြစ်သည်။

ကြီးပွားရေးအနေနှင့်ပြောမည်ဆိုလျှင် လူတို့အလုပ်အကိုင်ဝင်ငွေကောင်းလာသည့်အခါ ထိုအလုပ်အကိုင်နှင့် အသက်မွေးသူတို့ပါ ရေမြင့်ကြာမြင့် ဆိုသကဲ့သို့ ထိုအလုပ်အကိုင်များပါ လိုက်ပါဖွံ့ဖြိုးလာကြမည်မှာ အမှန်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားကို အစဉ်အလေးထားဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်လျက်ရှိရာတွင် အထောက်အကူဖြစ်စေရန်၊ စားဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်းအထိုက်အလျောက် မြှင့်တင်ပေးနိုင်ရန်ရည်ရွယ်၍ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တိုးမြှင့်သတ်မှတ်ပေးလိုက်ပေသည်။

ထိုသို့တိုးမြှင့်ပေးလိုက်ခြင်းသည် နိုင်ငံတော်အစိုးရက ဝန်ထမ်းများ၏ လုပ်အားကို အသိအမှတ်ပြုမှုနှင့် နိုင်ငံ့ဝန်ထမ်းများအပေါ် ထားရှိသည့်စေတနာကို ပြသလိုက်ခြင်းဖြစ်သည်။ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်က ထိုသို့လစာနှုန်းထားများ တိုးမြှင့်ပေးလိုက်ခြင်းသည် နိုင်ငံတော်၏ဘတ်ဂျက်တွင် ပိုငွေပြနေ၍ လစာတိုးပေးလိုက်ခြင်းမဟုတ်သည်ကို သတိမူရပေမည်။ လိုငွေပြနေသည့်ကြားမှ စေတနာရှေ့ထား၍ တိုးမြှင့်ပေးလိုက်သည်ကို သိရှိနားလည်ထားကြရမည်ဖြစ်သည်။

လစာတိုးမြှင့်ရေးဆောင်ရွက်ပေးရာတွင် နိုင်ငံတော်၏ဘဏ္ဍာရေး၊ ငွေကြေးဖောင်းပွမှု၊ လက်ရှိခံစားနေသည့် နှုန်းထား၊ အဆင့်လိုက်ဝန်ထမ်းဦးရေနှင့်အချိုး၊ ထမ်းဆောင်ရသည့်တာဝန်နှင့်ပေးဆပ်ရသည့်လုပ်အား၊ ပြင်ပအနိမ့်ဆုံးလုပ်ခနှုန်း၊ နိုင်ငံတော်၏ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်၊ အခြားဆက်စပ်ပေးရသည့် ပင်စင်၊ ဆုကြေး၊ နေ့တွက်စရိတ်၊ နေ့စားလုပ်ခ၊ ပုံသေလစာ စသည့်ဆက်စပ်အကြောင်းအရာမျိုးစုံကို တွက်ချက်စဉ်းစားသုံးသပ်ပြီးမှ ဆောင်ရွက်ပေးခဲ့ရခြင်းဖြစ်သည်။

လစာနှုန်းထားများတိုးမြှင့်ပေးလိုက်ခြင်းသည် မင်္ဂလာသတင်းဖြစ်၍ နိုင်ငံ့ဝန်ထမ်းများသာမက ဝန်ထမ်းများ၏ မိဘဆွေမျိုးအသိုင်းအဝိုင်းအားလုံးဝမ်းမြောက်ပီတိဖြစ်ကြပေလိမ့်မည်။ တစ်သန်းကျော်သော ဝန်ထမ်းတို့၏ လစာဝင်ငွေတိုးတက်လာခြင်းကြောင့် ဝန်ထမ်းများသာမက ဝန်ထမ်းမိသားစုပါ သင့်တင့်လျောက်ပတ်သော လူမှုဘဝအခြေအနေမြင့်မားလာမည်ဟု ယုံကြည်ပါသည်။ ထို့အပြင် ဝန်ထမ်းများနှင့် ဆက်စပ်ရာ ရောင်းရေးဝယ်တာလုပ်ငန်းများပါ လိုက်ပါဖွံ့ဖြိုးလာမည်ဖြစ်သည်။

ထို့ကြောင့် မင်္ဂလာရှိသော လုပ်ဆောင်မှုဖြစ်၍ နိုင်ငံတော်ကထားရှိသောစေတနာကို ပြန်လည်တုံ့ပြန်ကြဖို့လိုပါသည်။ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်ဆောင်ရွက်ရာတွင် မဖြစ်မနေဆောင်ရွက်ရမည့်ကိစ္စမှလွဲ၍ ခြိုးခြံချွေတာသုံးစွဲကြရန်နှင့် မိမိတို့တာဝန်အဆင့်နှင့်လျော်ညီစွာ နိုင်ငံ့တာဝန်များကို အပြည့်အဝပေးဆပ်ကြရမည်ဖြစ်သည်။ တိုးတက်ရရှိသော ဝင်ငွေဖြင့် မိမိတို့ဘဝကို မြင့်မားတိုးတက်အောင် အားထုတ်ကြရမည်ဖြစ်သည်။

တစ်သန်းကျော်သော ဝန်ထမ်းများနှင့်ဆက်စပ်နေသော ပြင်ပတွင်လည်း လိုက်ပါဖွံ့ဖြိုးလာမည်မှာ အမှန်ဖြစ်သည်။ ဝန်ထမ်းများလစာတိုးမြှင့်လာသည်မှာ ဝမ်းမြောက်စရာဖြစ်သလို နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ မြင့်မားတိုးတက်လာရန်ဖြစ်ပါသည်။ လစာတိုးမြှင့်လာခြင်းကို အကြောင်းပြု၍ ကုန်ဈေးနှုန်းတိုးမြှင့်ရန် အားထုတ်ခြင်းမျိုးသည် "ရေမြင့်ကြာမြင့်"ဟူသည့် မြန်မာစကားပုံကို တလွဲအသုံးချခြင်းသာဖြစ်သည်။ ထို့ကြောင့် ဝန်ထမ်းများလစာတိုးမြှင့်ခြင်းသည် နိုင်ငံတော်နှင့်အများပြည်သူအတွက်ပါ ကောင်းသောအကျိုးသက်ရောက်မှုဖြစ်စေမည့် ဆောင်ရွက်ချက်ဖြစ်၍ သက်ဆိုင်သူများအားလုံးက မှန်ကန်သော စေတနာဖြင့် ဆောင်ရွက်ကြလိမ့်မည်ဟု ကြေးမုံကရှုမြင်ပါသည်။ ။

# နိုင်ငံတကာ စာနယ်ဇင်းအဖွဲ့အစည်း (IPI) ကမ္ဘာ့ညီလာခံ ရန်ကုန်မြို့တွင် စတင်ကျင်းပ



**ရန်ကုန် မတ် ၂၇**

(၆၅) ကြိမ်မြောက် နိုင်ငံတကာစာနယ်ဇင်းအဖွဲ့အစည်း (IPI) ကမ္ဘာ့ညီလာခံကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချက်ထရီယံဟိုတယ်၌ စတင်ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတကာ စာနယ်ဇင်းအဖွဲ့အစည်း၏ ကမ္ဘာ့ညီလာခံဖွင့်ပွဲအခမ်းအနားတွင် မြန်မာ့စောင်းတူရိယာပညာရှင် ဦးထွန်းဝဏ္ဏစိုးက စောင်းလက်သံဖြင့် ဖျော်ဖြေတင်ဆက်ပြီး အနုပညာရှင်များက မြန်မာအကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ IPI ဥက္ကဋ္ဌ Ms. Galina Sidorova၊ မဇ္ဈိမ မီဒီယာ အယ်ဒီတာချုပ် ဦးစိုးမြင့်၊ IPI Interim Executive Director Ms. Barbara Trionfi တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

IPI ညီလာခံကို " လွတ်လပ်သော မီဒီယာဆီသို့ ခရီးလမ်း" (On the Path to Free Media) ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်ကာ ညီလာခံ ပထမနေ့ အစီအစဉ်အပိုင်း(၁) အရ ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ UN Special Rapporteur on Freedom of Expression မှ Mr. David Kaye၊ Centre for Law and Demogracy , Canada မှ အမှုဆောင်ဒါရိုက်တာ Mr. Toby Mendel နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးမင်းသိန်းတို့က ဥပဒေနှင့်အလေ့အထများမှတစ်ဆင့် မီဒီယာလွတ်လပ်ခွင့်ရယူခြင်းခေါင်းစဉ်ကို ဦးဆောင်ဆွေးနွေးသူများအဖြစ် ဆောင်ရွက်ဆွေးနွေးကြသည်။

အဆိုပါခေါင်းစဉ်အရ၂၀၁၁ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံသည် ထူးခြားသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိခဲ့မှု၊ ယင်းဖွံ့ဖြိုးတိုးတက်မှုများမှတစ်ဆင့် လွတ်လပ်ပြီး အမှီအခိုကင်းသော မီဒီယာတစ်ရပ်ဖြစ်ရန် ဥပဒေဆိုင်ရာပတ်ဝန်းကျင်ဖော်ဆောင်ပေးနိုင်မှု၊ နှစ် ၅၀ အတွင်း ပုဂ္ဂလိကသတင်းစာများ ထုတ်ဝေခွင့်ရရှိပြီး စိစစ်ဖြတ်တောက်မှု လုပ်ငန်းများ ဖျက်သိမ်းခဲ့မှု၊ မလိုလားအပ်သော ဥပဒေဟောင်းများက စာနယ်ဇင်းလွတ်လပ်ခွင့်အား ခြိမ်းခြောက်နေမှုတို့ကို ဆွေးနွေးကြပြီး တက်ရောက်လာသော ပြည်တွင်းပြည်ပသတင်းစာဆရာများက အပြန်အလှန် ပါဝင်ဆွေးနွေးကြသည်။

ယနေ့ ကျင်းပသော ညီလာခံတွင် မီဒီယာဆိုင်ရာ အပိုင်းကဏ္ဍ (၄) ရပ်ဖြင့် ဆွေးနွေးသွားမည်ဖြစ်ကာ ထိရှလွယ်သော ပဋိပက္ခသတင်းရေးသားခြင်းသင်ခန်းစာများ၊ နောက်ဆုံးရ ထူးခြားသတင်းများ (Breaking News) ရယူရာတွင် ဘာသာရေးဆိုင်ရာအကဲဆတ်မှု၊ ပုံနှိပ်သတင်းစာဆိုင်ရာစိန်ခေါ်မှုများတွင် စီးပွားရေးအရ ရပ်တည်နိုင်မှုနှင့် အများယုံကြည်လက်ခံနိုင်မှုစသည့် ခေါင်းစဉ်များကို ပြည်တွင်းပြည်ပ သတင်းစာဆရာများက သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆွေးနွေးကြသည်။

အဆိုပါညီလာခံသို့ IPI အဖွဲ့ဝင်သတင်းမီဒီယာများမှ ရှေ့ဆောင်စာနယ်ဇင်းသမားများ၊ အစီအစဉ်ညွှန်ကြားရေးမှူးများ၊ အမှုဆောင်အယ်ဒီတာများ၊ ထုတ်ဝေသူများ၊ သတင်းစာဆရာများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ရှိသူများ၊ မြန်မာသတင်းမီဒီယာအဖွဲ့အစည်းအသီးသီးမှ သတင်းမီဒီယာများ၊ ထုတ်ဝေသူများ၊ အယ်ဒီတာများနှင့် သတင်းစာဆရာစုစုပေါင်း ၂၁၀ ကျော် တက်ရောက်ကြကာ မတ် ၂၉ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါညီလာခံ ကျင်းပနေစဉ် ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်သည် ကာတာနိုင်ငံ အယ်ဂျာဇီးယား (အင်္ဂလိပ်) မှ ဦးဆောင်ညွှန်ကြားရေးမှူး AL Anstey နှင့် မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ ဩစတြေးလျနိုင်ငံ မီဒီယာနှင့် လူမှုဆက်သွယ်ရေးဌာနမှ Program Director Dr. Andrew Dodd နှင့် ကနေဒါ အမျိုးသား သတင်းစာမှ Beijing Bureau Chief Nathan Vander Klippe တို့နှင့် ညနေ ၃နာရီတွင် လည်းကောင်း ချက်ထရီယံဟိုတယ်ရှိ အမရပူရခန်းမ၌ သီးသန့်တွေ့ဆုံခဲ့သည်။ **(သတင်းစဉ်)**






**ပြည်တွင်းရေးရာ**

# အနာဂတ်မျိုးဆက်သစ်များသို့တိုင် တပ်မတော်၏အစဉ်အလာနှင့်အညီ လက်ဆင့်ကမ်းအမွေ ပေးဝေသွားမည်

နေပြည်တော် မတ် ၂၇

**နှစ်(၇၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ခဲ့ကြသော တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားအရာရှိကြီးများအား ဂါရဝပြုကန်တော့သည့်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက တက်ရောက်ဂါရဝပြုကန်တော့ကြသည်။**

အဆိုပါ ဂါရဝပြုအခမ်းအနားသို့ တပ်မတော်အငြိမ်းစားအရာရှိကြီးများဖြစ်ကြသော ဗိုလ်ချုပ်သူရစောဖြူ ဗိုလ်မှူးချုပ်တင့်ဆွေ၊ ဗိုလ်မှူးချုပ်လှထွန်း၊ ဗိုလ်မှူးချုပ်သန်းတင်၊ ဗိုလ်ချုပ်အောင်ခင်၊ ဗိုလ်မှူးချုပ်အေးစန်၊ ဗိုလ်မှူးချုပ်မျိုးအောင်၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်မောင်ခင်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ရဲကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဘ၊ ဒုတိယဗိုလ်ချုပ်ကြီးသန်းညွန့်၊ ဒုတိယဗိုလ်ချုပ်ကြီးသိန်းဝင်း၊ ဗိုလ်မှူးချုပ်မောင်မောင်၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းသိန်း၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ငွေ၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဗိုလ်ချုပ်စိန်ထွား၊ ဗိုလ်ချုပ်တင်ငွေ၊ ဗိုလ်ချုပ်မြင့်အောင်၊ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း၊ ဗိုလ်ချုပ်မြင့်ဆွေ၊ ဗိုလ်ချုပ်မောင်ညို၊ ဗိုလ်ချုပ်တင်ငွေ၊ ဗိုလ်ချုပ်ဝင်းမြင့်၊ ဗိုလ်ချုပ်သိန်းထွန်း၊ ဗိုလ်ချုပ်အောင်ကြည်၊ ဗိုလ်ချုပ်ခင်မောင်တင့်နှင့် အငြိမ်းစားအရာရှိကြီးများ၏ဇနီးများ တက်ရောက်ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နှစ်(၇၀)ကျော်ကာလအတွင်း ခေတ်အဆက်ဆက်တာဝန်များစွာကို ပခုံးပြောင်းထမ်းဆောင်ကာ တပ်မတော်သန္ဓေတည်မှုပိုမိုရင့်သန်အောင် လုပ်ဆောင်



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများ စစ်မှုထမ်းဟောင်းအရာရှိကြီးများအား ဂါရဝပြုပစ္စည်းများ ရိုသေစွာပေးအပ်စဉ်။ (မြဝတီ)**

ပေးခဲ့ကြသည့် မိမိတို့၏ အမိအဖများဖြစ်ကြသော အငြိမ်းစားတပ်မတော်အရာရှိကြီးများအား ကံသုံးပါးတို့ဖြင့် အလေးအမြတ်ထား ကန်တော့ပါကြောင်း၊ မျိုးဆက်ဟောင်းများမှသည် လက်ရှိမျိုးဆက်သစ်များ၊ မိမိတို့မှတစ်ဆင့် အနာဂတ်မျိုးဆက်သစ်များသို့တိုင် တပ်မတော်၏ အစဉ်အလာနှင့်အညီ လက်ဆင့်ကမ်းအမွေပေးဝေသွားမည်ဖြစ်ပါကြောင်း၊ မျိုးဆက်သစ်များကလည်း တပ်မတော်အားရှေးကထက် ပိုကောင်းသည်ထက်ကောင်းအောင်၊ ခိုင်မာသည်ထက်ခိုင်မာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြင့် ရှင်းလင်းတင်ပြပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများကိုယ်စား တပ်မတော် အငြိမ်းစားအရာရှိကြီးများအား မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာနှင့်အညီ ရိုသေစွာဖြင့် ဂါရဝပြုကန်တော့ကြသည်။

ယင်းနောက် တပ်မတော်အငြိမ်းစားအရာရှိကြီးများကိုယ်စား ဗိုလ်မှူးချုပ်လှထွန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်တို့က တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများအတွက် ဆုံးမဩဝါဒနှင့် ဆုမွန်ကောင်းစကားများ ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက တပ်မတော် အငြိမ်းစားအရာရှိကြီးများထံသို့ ဂါရဝပြုပစ္စည်းများကိုယ်တိုင်ကိုယ်ကျ ရိုသေစွာပေးအပ်ကြသည်။

ယခင်(၆၉)နှစ်မြောက် တပ်မတော်နေ့တွင် စစ်ရေးပြအခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားများသို့ တပ်မတော်အငြိမ်းစားအရာရှိကြီးများအား ဖိတ်ကြားခဲ့ရာ အငြိမ်းစားအရာရှိကြီး ၁၅ ဦးတို့တက်ရောက်ခဲ့ပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကန်တော့ခဲ့ကြသည်။ ယခု နှစ်(၇၀)ပြည့် တပ်မတော်နေ့အခမ်းအနားတွင် အငြိမ်းစားအရာရှိကြီးများအား ဖိတ်ကြားခဲ့ရာ စစ်ရေးပြအခမ်းအနားသို့ ၄၇ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# နှစ်(၇၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိသော စစ်ရေးပြတပ်ခွဲများအား ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် မတ် ၂၇**

၂၀၁၅ ခုနှစ် နှစ်(၇၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိကြသော စစ်ရေးပြတပ်ခွဲများအား ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စုရပ်သစ်တပ်စစ်ရေးပြကွင်း၌ကျင်းပရာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း တက်ရောက်၍ ဆုများကို ပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ ဗိုလ်ချုပ်ကြီးလှဌေးဝင်းအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ဖုန်းမြတ် ဦးဆောင်သည့် စစ်ရေးပြစစ်ကြောင်းများက အလေးပြုကြသည်။

ထို့နောက် နှစ်(၇၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က စစ်ရေးပြဂုဏ်ပြုဆုရရှိကြသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအထူးတပ်ဖွဲ့၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုတပ်ဖွဲ့၊ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့ အရာရှိချုပ်ရုံးကိုယ်စားပြုတပ်ဖွဲ့၊ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြုတပ်ဖွဲ့၊ သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြုတပ်ဖွဲ့၊ တပ်မတော်(ကြည်း)(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြုစစ်ရေးပြတပ်ခွဲနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသမီး) စစ်ရေးပြတပ်ခွဲတို့အားလည်းကောင်း၊ အလံကိုင်အဖွဲ့အကောင်းဆုံးဆုရရှိသော ကျန်စစ်သားစစ်ကြောင်းကိုယ်စားပြု အလံကိုင်အဖွဲ့အားလည်းကောင်း၊ စစ်တီးဝိုင်းအဖွဲ့အကောင်းဆုံးဆုရရှိသော ဘုရင့်နောင်စစ်ကြောင်းကိုယ်စားပြု စစ်တီးဝိုင်းအဖွဲ့အားလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦးက အကောင်းဆုံးစခန်းတတိယဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စစ်ချီသီချင်းအကောင်းဆုံး တတိယဆုရရှိသော အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စစ်စည်းကမ်းအကောင်းဆုံးတတိယဆုရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စစ်ရေးပြအကောင်းဆုံး တတိယဆုရရှိသော အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအား လည်းကောင်း၊ အကောင်းဆုံးစခန်း ဒုတိယဆုရရှိသော စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စစ်ချီသီချင်းအကောင်းဆုံး ဒုတိယဆုရရှိသော လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စစ်စည်းကမ်းအကောင်းဆုံး ဒုတိယဆုရရှိသော ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စစ်ရေးပြအကောင်းဆုံး ဒုတိယဆုရရှိသော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းက အကောင်းဆုံးစခန်း ပထမဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)အား လည်းကောင်း၊ စစ်ချီသီချင်းအကောင်းဆုံးပထမဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)အားလည်းကောင်း၊ စစ်စည်းကမ်းအကောင်းဆုံး ပထမဆုရရှိသော ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စစ်ရေးပြအကောင်းဆုံးပထမဆုရရှိသော ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စံပြတပ်ခွဲ တတိယဆုရရှိသော စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စံပြတပ်ခွဲ ဒုတိယဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲအားလည်းကောင်း၊ စံပြတပ်ခွဲ ပထမဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲအားလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဗိုလ်ချုပ်ကြီးလှဌေးဝင်းအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ဖုန်းမြတ် ဦးဆောင်သည့် စစ်ရေးပြစစ်ကြောင်းများက အလေးပြုကြပြီး ဆုချီးမြှင့်ပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



**ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးလှဌေးဝင်း စံပြတပ်ခွဲ ပထမဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြုတပ်ခွဲအား ဆုချီးမြှင့်စဉ်။** (မြဝတီ)



**စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦး စစ်ရေးပြအကောင်းဆုံး ဒုတိယဆုရရှိသော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုတပ်ခွဲအား ဆုချီးမြှင့်စဉ်။** (မြဝတီ)



**တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တပ်မတော် (ကြည်း)(အမျိုးသမီး) စစ်ရေးပြတပ်ခွဲအား ဂုဏ်ပြုဆုပေးအပ်စဉ်။** (မြဝတီ)



**တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသမီး) စစ်ရေးပြတပ်ခွဲအား ဂုဏ်ပြုဆုပေးအပ်စဉ်။** (မြဝတီ)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နှစ်(၇၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် မတ် ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ၂၀၁၅ ခုနှစ် နှစ်(၇၀) ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဥပစာရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာဂုဏ်ပြုညစာစားပွဲ စတင်ကျင်းပချိန်တွင် နှစ်(၇၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် တပ်မတော်နေ့စစ်ရေးပြကွင်းနှင့် ဘုရင့်နောင်ရိပ်သာတို့မှ မီးရှူးမီးပန်းများ ပစ်ဖောက်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် ၂၀၁၅ ခုနှစ် တပ်မတော်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့်ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပသည့် ဇေယျာသီရိဗိမာန်ဥပစာရင်ပြင်သို့ ည ၇ နာရီတွင် ရောက်ရှိလာပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှငွေးဝင်းနှင့်ဇနီး ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး သူရ သက်ဆွေနှင့်ဇနီး ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီးတို့နှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသည့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ တပ်မတော် အငြိမ်းစား အရာရှိကြီးများနှင့် ဇနီးများ၊ လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများ၊ တပ်မတော် အမျိုးသမီးအရာရှိကြီးများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လုပ်ငန်းရှင်များ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင် ကျောင်းဆရာများနှင့် ကျောင်းသားများ၊ နယ်ခြားစောင့်တပ်များ၊ ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့များ၊ အနုပညာရှင်များ၊ စစ်ချီတေး၊ စစ်သီတေး၊ ကဗျာ၊ ဝတ္ထုပြိုင်ပွဲများတွင် ဆုရရှိသူများ၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ) အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။**(အပေါ်ပုံ)**



ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က တက်ရောက်လာကြသည့်ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

နှစ်(၇၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ မြဝတီတေးဂီတအဖွဲ့နှင့်အနုပညာရှင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြ သည်။

ညစာစားပွဲအပြီးတွင် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဇေယျာသီရိဗိမာန် သဘင်ဆောင်ခန်းမ၌ မြဝတီအငြိမ့်အဖွဲ့နှင့် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများမှ စစ်သည်၊ စစ်သမီးများက ယဉ်ကျေးမှုအကပဒေသာများဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# အနုပညာရှင်များနှင့် စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်

နေပြည်တော် မတ် ၂၇

**နှစ်(၇၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် ကွမ်းလုံရက်(၄၀) ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များနှင့် စစ်ချီတေး၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူ ဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ ကျင်းပသည်။**



**ညှိနှိုင်းကွပ်ကဲရေးမှူးက တပ်မတော်ဂုဏ်ပြု ကွမ်းလုံရက်(၄၀) ဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် ဒါရိုက်တာ ထပ်ဆင့်အကယ်ဒမီ ပန်းချီစိုးမိုးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (မြဝတီ)**

ရှေးဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှငွေးဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးလှငွေးဝင်းက တပ်မတော်ဂုဏ်ပြု ကွမ်းလုံရက် (၄၀) ဇာတ်လမ်းတွင် ပါဝင်ခဲ့သည့်ဒါရိုက်တာထပ်ဆင့်အကယ်ဒမီ ပန်းချီစိုးမိုး၊ မူရင်းဝတ္ထုပြုစုသူ ဦးလှသောင်းနှင့် ဇာတ်ညွှန်းရေးသားသူ ထပ်ဆင့်အကယ်ဒမီ ဦးငြိမ်းမင်းတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုးက သရုပ်ဆောင်များ ဖြစ်ကြသည့် အကယ်ဒမီ ဦးဇော်ဦး၊ သူထူးစံ၊ စိုးရန်အောင်၊ အကယ်ဒမီမေသဥ္ဇာဦးနှင့် မိုးယုစံတို့ကို လည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်က မိုးယံဇွန်၊ ထက်လူ၊ ထူးခန့်ကျော်၊ သတ္တိနှင့် မောင်ဟိန်းကျော်စိုးမိုးတို့ကိုလည်းကောင်း၊ စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦးက အုပ်ချုပ်သူ ဗိုလ်မှူးကြီး ခင်မောင်ချို၊ ရိုက်ကူးရေးတာဝန်ခံအရာရှိ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦး၊ ဝတ္ထုနှင့် တွဲဖက်ဒါရိုက်တာ ဗိုလ်ကြီးတင်အောင်စိုး၊ စက်မှုနှင့် တည်းဖြတ် ဗိုလ်ကြီး ဗညားအောင်တို့အား လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အသီးသီးပေးအပ်သည်။

ယင်းနောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နှစ်(၇၀)ပြည့် တပ်မတော်နေ့ စစ်ချီတေးသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ဒေါ်ခင်မိုးထွေး/ မိုးသူ(သုခမ)၊ ဒုတိယဆုရရှိသော တပ်ကြပ် သက်ဝေ၊ တတိယဆုရရှိသော အရာခံဗိုလ်ကျော်လေး၊ နှစ်သိမ့်ဆုရရှိသော ဗိုလ်ကြီးအောင်မိုးလင်းနှင့် တပ်ကြပ်ကြီးမင်းနိုင်၊ စစ်သည်တေးသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ဒေါ်မေသန့်ရွှေ/မေသန့်(သုခမ)၊ ဒုတိယဆုရရှိသော ဦးဝေလင်း/ ဝေလင်း (သုခမ)၊ တတိယဆုရရှိသော တပ်ကြပ်သက်ဝေ၊ နှစ်သိမ့်ဆုရရှိသော ဗိုလ်ကြီးအောင်မိုးလင်းနှင့် တပ်ကြပ်ကြီး တင်မောင်လတ်နှင့် ဝတ္ထုတိုစာမူပြိုင်ပွဲတွင် ပထမဆုရရှိသော တပ်ကြပ်ကြီးတင့်ဌေး၊ ဒုတိယဆုရရှိသော ဦးအောင်ကျော်မိုး/နီသင်အောင်ကျော်မိုး၊ တတိယဆုရရှိသော မနန်းစောညွှန့်/ စောငယ်ငယ် (မိုးညှင်း)၊ နှစ်သိမ့်ဆုရရှိသော မခင်သန္တာနှင့် ဦးမြင့်သိန်း/ထွန်းနိုင်တို့အား ဂုဏ်ပြုဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်အေးက ကဗျာပြိုင်ပွဲတွင် ပထမဆုရရှိသော တပ်ကြပ်ကြီး စာရေးဆရာ ဘိုသန်း/ ဘုန်းရဲနိုင် (ကံ့ကော်)၊ ဒုတိယဆုရရှိသော မောင်သက်ငွေးအောင်/သက်ဝေမှူး၊ တတိယဆုရရှိသော အောင်သက်ကို ပုံညာမြေရွှေဖူး၊ နှစ်သိမ့်ဆုရရှိသော ဦးခင်မောင်မြ/ခင်မောင်မြ(ညောင်ရွှေ)နှင့် တပ်ကြပ်ကြီး ကြည်မြင့်/ မောင်ရေမွှေး (ပေလေးပင်)၊ တပ်မတော်၏သမိုင်းကြောင်းနှင့်ယှဉ်သော ဒီမိုကရေစီဖော်ဆောင်မှုနှင့် ပတ်သက်၍ စစ်ချီသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ဗိုလ်ဖုန်းမြင့် (အငြိမ်းစား)၊ ဒုတိယဆုရရှိသော တပ်ကြပ်ကြီးသက်ဝင်းလှိုင်၊ တတိယဆုရရှိသော တပ်ကြပ်ကြီးမင်းနိုင်၊ နှစ်သိမ့်ဆုရရှိသော တပ်ကြပ်ကြီး မောင်မျိုးနှင့် တပ်ကြပ်ကြီး သန့်ဇင်ဦးတို့အားလည်းကောင်း ဂုဏ်ပြုဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အသီးသီးပေးအပ်သည်။

ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပွဲအပြီးတွင် အခမ်းအနားတက်ရောက်လာကြသူများအား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ဥရောပသမဂ္ဂမှ တင်သွင်းသည့် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ဆုံးဖြတ်ချက် မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုများအပေါ် အထင်အမြင်လွဲမှားစေမည့် ရေးသားချက်များ ပါဝင်နေ

## သတင်းထုတ်ပြန်ချက်

၁။ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပလျက်ရှိသည့် (၂၈) ကြိမ်မြောက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအစည်းအဝေးတွင် ဥရောပသမဂ္ဂမှ တင်သွင်းသည့် မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ကို ၂၇-၃-၂၀၁၅ ရက်နေ့၌ ချမှတ်ခဲ့သည်။

၂။ ယင်းဆုံးဖြတ်ချက်သည် မြန်မာနိုင်ငံတွင် ပြည်သူများ၏ လူ့အခွင့်အရေး တိုးမြှင့်ရရှိခံစားစေရန်နှင့် ကာကွယ်စောင့်ရှောက်ရန်အတွက် ဆောင်ရွက်ချက်နှင့် ရလဒ်များကို ဓမ္မဓိဋ္ဌာန်ကျစွာ သုံးသပ်ဖော်ပြမှုများ အားနည်းသည့်အပြင် ပါဝင်သည့် အချို့အချက်အလက်များမှာ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာရောက်ခြင်း၊ လာမည့်ရွေးကောက်ပွဲကို လွတ်လပ်၍ မျှတပြီး ပွင့်လင်းမြင်သာမှုရှိသော ရွေးကောက်ပွဲတစ်ရပ်ဖြစ်ရန် ကြိုးပမ်းနေမှုများကို မျက်ကွယ်ပြုလျက် ရွေးကောက်ပွဲနှင့် ရလဒ်တို့အပေါ် ကြိုတင်ဝေဖန်ပြောကြားမှုများ ပါဝင်ခြင်း၊ နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံးမှ လက်ခံခြင်းမရှိသည့် ဝေါဟာရအသုံးအနှုန်းများပါဝင်နေခြင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အသိုက်အဝန်းနှင့်မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုများအပေါ် အထင်အမြင်လွဲမှားစေမည့် ရေးသားချက်များ ပါဝင်နေခြင်း စသည်တို့ကို စိစစ်တွေ့ရှိရသည်။

၃။ သို့ဖြစ်ရာ လူ့အခွင့်အရေးကောင်စီက ယင်းဆုံးဖြတ်ချက်မချမှတ်မီ ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီးသည် အထက်ဖော်ပြပါ အချက်အလက်များ ပါဝင်သည့် စာပိုဒ်များကို ကန့်ကွက်ခြင်း၊ ခွင်းချက်ပြုခြင်း၊ မိမိနိုင်ငံ၏ ရပ်တည်ချက်ကို ရှင်းလင်းပြောကြားခြင်းများ ပြုလုပ်ခဲ့ပါသည်။ ယင်းအပြင် ဆုံးဖြတ်ချက်တစ်ရပ်လုံးကိုလည်း မြန်မာနိုင်ငံအနေဖြင့် ပါဝင်ပတ်သက်မှုမရှိကြောင်း ရပ်တည်ပြောကြားခဲ့သည်။

၄။ မြန်မာနိုင်ငံသည် နိုင်ငံရေး၊ လူမှုစီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိရာ လေးနှစ်တာကာလအတွင်း သိသာထင်ရှားသည့် အောင်မြင်မှုများ ရရှိလျက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် နုနယ်သော ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအနေဖြင့် ကြုံတွေ့ရမြဲဖြစ်သော စိန်ခေါ်မှုများကိုလည်း ကြိုးပမ်း ကျော်လွှားလျက်ရှိပါသည်။ ဤသို့ သိမ်မွေ့သည့် အခြေအနေမျိုးတွင် ဖြစ်ရပ်အချို့ကို ထောက်ပြဝေဖန်ခြင်းထက် ဖြစ်စဉ်တစ်ရပ်လုံး၏ ရည်မှန်းချက်အတိုင်း ပေါက်မြောက်အောင်မြင်မှုများ တိုးတက်ရရှိစေရန် အပြုသဘော ပံ့ပိုးခြင်းနှင့် အကြံပေးခြင်းများကိုသာ ပြုလုပ်သင့်ပါသည်။

၅။ မြန်မာနိုင်ငံအနေဖြင့် ပြည်သူများ၏ လူ့အခွင့်အရေး တိုးမြှင့်ရရှိခံစားစေရန်နှင့် ကာကွယ်စောင့်ရှောက်ရန်အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် အပြုသဘောဖြင့် ကူညီအားပေးသော မိတ်ဆွေနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**၂၀၁၅ ခုနှစ် မတ်လ ၂၇ ရက်**


ဦးရဲထွဋ် ပြည်ထောင်စုဝန်ကြီး။

# မီဒီယာအချို့၏ ဆန္ဒဖော်ထုတ်မှုသည် မြန်မာမီဒီယာလောက လွတ်လပ်ပွင့်လင်းမှုကို သက်သေပြရာရောက်သည့်အတွက် ကျေးဇူးတင်

ဦးရဲထွဋ်၊ ပြည်ထောင်စုဝန်ကြီး

**မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်လာရောက်ကျင်းပသော နိုင်ငံတကာစာနယ်ဇင်းအဖွဲ့အစည်း (IPI) ၏ (၆၅)ကြိမ်မြောက် ကမ္ဘာ့ညီလာခံကို ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်၌ ယနေ့ နံနက်ပိုင်းမှ စတင်ကျင်းပလျက်ရှိသည်။**

**အဆိုပါညီလာခံသို့ နိုင်ငံတကာမီဒီယာအဖွဲ့အစည်းအသီးသီးမှ ရှေ့ဆောင်မီဒီယာများ၊ အမှုဆောင်အယ်ဒီတာနှင့် သတင်းအယ်ဒီတာများ၊ ထုတ်ဝေသူများ၊ သတင်းစာဆရာများ၊ မြန်မာနိုင်ငံ နယ်ပယ်အသီးသီးရှိ သတင်းမီဒီယာလုပ်ငန်း လုပ်ကိုင်နေသူများ တက်ရောက်ကြပြီး မီဒီယာလွတ်လပ်ခွင့်နှင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးကြမည်ဖြစ်သည်။ အဆိုပါ ညီလာခံမကျင်းပမီ မီဒီယာလွတ်လပ်ခွင့်အတွက် ဆွေးနွေးပွဲကျင်းပရာသို့ လာရောက်လှုပ်ရှားမှု ပြုလုပ်ခဲ့သော သတင်းမီဒီယာများ၏ ဆန္ဒသဘောထားများနှင့် ယင်းသို့ဆန္ဒပြခြင်းအပေါ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ သဘောထားအမြင်များကို မြန်မာ့သတင်းစဉ် သတင်းအဖွဲ့က စုစည်းဖော်ပြလိုက်ပါသည်။**

## မြန်မာနိုင်ငံရဲ့ မီဒီယာလောက လွတ်လပ်ပွင့်လင်းလာတယ်ဆိုတာကို နိုင်ငံတကာက လာတဲ့ သူတွေကို လိုက်ပြီးပြောပြနေစရာမလိုတော့ဘူး။ သူတို့ရဲ့လုပ်ရပ်က သက်သေပြရာရောက်တဲ့အတွက် ကျွန်တော်က ကျေးဇူးတင်တယ်။

**ဦးကျော်ဇေယျာထွန်း(အယ်ဒီတာ)**
**မော်ကွန်းမဂ္ဂဇင်း**

ဘာကြောင့် ဒီဟာလုပ်ရလဲဆိုရင် လက်ပံတန်းဖြိုခွင်းမှုမှာ မီဒီယာသမားအချို့၊ သတင်းထောက်အချို့ အရိုက်ခံရတယ်။ နှစ်ယောက်အဖမ်းခံရတယ်။ ဒီကိစ္စက ကျွန်တော့်အမြင်မှာတော့ မီဒီယာဖိနှိပ်မှု တစ်ခုပဲ။ ဆိုလိုတာက မြန်မာနိုင်ငံမှာ ရေးချင်တာရေးလို့ရပြီ။ စာပေစိစစ်ရေးမရှိတော့ဘူးလို့ပြောတယ်။ ဟုတ်တယ်။ ဒါကို လက်ခံတယ်။ ကျွန်တော်တို့ သတင်းသွားယူတဲ့အခါကျရင် အချက်အလက်မရတာရှိတယ်။ နောက်တစ်ခုက အခုလိုကိစ္စမျိုးပေါ့။ မီဒီယာကို ရိုက်လိုက်တယ်။ ဒီတော့ မီဒီယာဆိုရင် ရိုက်လို့ရတယ်ဆိုတဲ့ အသိတစ်ခုက လုံခြုံရေးတွေခေါင်းထဲကို ရောက်သွားတယ်။ ဒီလိုအသိဟာ ၂၀၁၅ အထိပါသွားခဲ့ရင် ၂၀၁၅ မှာ မီဒီယာလွတ်လပ်ခွင့် ဆိုတာဟာ ကျွန်တော်တို့အတွက် မေးခွန်းထုတ်စရာ ဖြစ်သွားလိမ့်မယ်။

မဲရုံနားကို မီဒီယာသမားလာရင် လာရှုပ်တာလားပေါ့။ ဖွမှာလားဆိုပြီး သုံးတာရှိတယ်။ အဲဒါမျိုးတွေနဲ့ ကျွန်တော်တို့ အလွယ်တကူ သတင်းယူခွင့်ကို ဟန့်တားတာ၊ တားဆီးတာ၊ နောက်ဆုံး ရိုက်နှက်တာထိလုပ်လို့ရတယ်ဆိုတာမျိုး လုပ်လာရင် ဒါဟာ မီဒီယာလွတ်လပ်ခွင့်ကို ဖိနှိပ်တာပဲ။ ပြည်သူရဲ့ သိရှိပိုင်ခွင့်ကို ဖိနှိပ်လိုက်တာပဲလို့ ကျွန်တော်ကတော့ ရှုမြင်တယ်။

နှစ်ပေါင်း ၂၀ ကျော်ကြာ ကျွန်တော်တို့ စာပေစိစစ်ရေး အောက်မှာနေခဲ့ရတယ်။ ဘာမှကျွန်တော်တို့က သိပိုင်ခွင့်မရှိဘူး။ အားလုံးက ကောင်းပါသည်ပဲ။ တကယ်တမ်းကျတော့ပြည်သူတွေ ဒုက္ခအမျိုးမျိုးကို ခံစားနေရတယ်။

အခုကျွန်တော်တို့ လွတ်လပ်လာတယ်။ မီဒီယာကရေးဖို့ကြိုးစားတယ်။ အခုလိုမျိုးတားဆီးတာဟာ ပြည်သူတွေအနေနဲ့ သိခွင့်ရှိတာတွေမသိဘဲနဲ့ မျက်စိပိတ်၊ နားပိတ်ဖြစ်သွားမယ်။ မလွတ်လပ်တဲ့ အဖွဲ့အစည်းတစ်ခုမှာ သတင်းတွေကို ထိမ်ချန်ထားရင် သို့လော သို့လောနဲ့ သံသယတွေများမယ်။ ပဋိပက္ခတွေဖြစ်မယ်။ ဒါဟာ ပွင့်လင်းမြင်သာမှုမရှိခြင်းရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေပေါ့။

ဒီပွဲက နိုင်ငံတကာပွဲ။ ဒီတော့ နိုင်ငံတကာက မီဒီယာသမားတွေ၊ မီဒီယာနဲ့ ဆက်စပ်တဲ့ အဖွဲ့အစည်းတွေ လာကြတယ်ဆိုတော့ ဒီအဖွဲ့အစည်းတွေအနေနဲ့က မြန်မာနိုင်ငံမှာ ဖြစ်နေတဲ့ မီဒီယာရဲ့အခင်းအကျင်းကိုတွေ့သွားမယ်။ အစိုးရဘက်က မီဒီယာလွတ်လပ်ခွင့်ရှိပါတယ် ပြောနေပေမယ့် လက်ရှိမြေပြင်မှာဖြစ်နေတဲ့ အနေအထားကတော့ ဒါပဲ။ စစ်မှန်တဲ့မီဒီယာလွတ်လပ်ခွင့် ကျွန်တော်တို့မှာ မရသေးဘူး။

ဒီနေ့ ကျွန်တော်တို့ ဗီနိုင်းကိုင်တယ်၊ ဂျာနယ်တွေဝေတယ်။ မြန်မာပို့စ်ဂျာနယ်။ အဲဒီမှာ ဘာပါလဲဆိုရင် ကျွန်တော်တို့က မီဒီယာလွတ်လပ်ခွင့် မရသေးပါဘူးတဲ့။ နောက်ပြီးတော့ စတစ်ကာတွေဝေတယ်။ ကျွန်တော်တို့က ဒီပွဲကိုလာပြီးဆန္ဒပြတာ၊ ကန့်ကွက် ရှုတ်ချတာမဟုတ်ဘူး။ ကျွန်တော်တို့ဟာ မီဒီယာလွတ်လပ်ခွင့်ကိုရချင်တဲ့အတွက် ဒီပွဲကလည်း မီဒီယာလွတ်လပ်ခွင့်ကို ဖော်ဆောင်နေတဲ့ပွဲဖြစ်တဲ့အတွက် မီဒီယာလွတ်လပ်ခွင့်ကို လာတောင်းဆိုတာ။ မီဒီယာလွတ်လပ်ခွင့်အတွက် လာလှုပ်ရှားတာပါ။

**ဦးဝင်းဇော်နိုင်(အယ်ဒီတာ)**

ကျွန်တော်က အခုလက်ရှိမှာ မြစ်မခသတင်းအေဂျင်စီမှာ သတင်းအယ်ဒီတာပါ။ အခုဒီကိုလာတာကတော့ မြစ်မခနဲ့ မဆိုင်ဘူး။ တစ်ဦးချင်းစီရဲ့ ပုဂ္ဂလိကဆန္ဒနဲ့လာတာ။ ဒီနေ့လှုပ်ရှားမှုမှာ ကျွန်တော်တို့ နိုင်ငံတကာ သတင်းဌာနကလူတွေနဲ့ ဦးရဲထွဋ်ကို ကျွန်တော်တို့ပြောတယ်။ အဓိကက ကျွန်တော်တို့မီဒီယာတွေ ဖိနှိပ်ခံနေရတယ်။ ဒါကို ကျွန်တော်တို့က တစ်ကမ္ဘာလုံးကို သိစေချင်တယ်။ ကျွန်တော်တို့ မီဒီယာဖိနှိပ်မှုတွေရပ်ဖို့အတွက် အားလုံးကို ဒီပွဲမှာ တောင်းဆိုစေချင်တယ်။ အဓိကရည်ရွယ်တာက မီဒီယာဖိနှိပ်ခံနေရတယ်ဆိုတာကို သိစေချင်လို့ လာပြီးတော့လုပ်တာ။

ကျွန်တော်တို့အတွင်းထဲက အခမ်းအနားမှာ ဘာမှမလုပ်ပါဘူး။ ကျွန်တော်တို့ ဒီအဝင်မှာ စတစ်ကာလောက်ပဲဝေခွင့်ရှိတယ်။ ဒီပွဲကိုလာတဲ့သူတွေ မေးရင်ဖြေမယ်။ လိုအပ်ရင် ရှင်းပြမယ်။ ဟိုတယ်ရဲ့အပြင်ဘက်မှာတော့ အဖွဲ့လိုက် ဆန္ဒဖော်ထုတ်တယ်လို့ ပြောလို့ရပါတယ်။ မီဒီယာဖိနှိပ်မှုကို ရပ်ဖို့ အခြားသူတွေရော ဒီပွဲကိုလာတဲ့သူတွေရော သိဖို့ပါ။

**ကိုအံ့မင်းညို**
**(အလွတ်သတင်းထောက်)**

သူတို့ မီဒီယာတွေ လုံခြုံအောင် ဘယ်လိုလုပ်ဆောင်ပေးမလဲ ဆိုတာကို အဓိကထားပြီးဆွေးနွေးဖို့ပဲ လိုအပ်ပါတယ်။ ကျွန်တော်တို့ ဒီနေ့ မီဒီယာ တိုက်ခိုက်မှုရပ်ဆိုတဲ့ စာရွက်တွေ လိုက်ဝေတယ်။ အလုပ်သမားဆန္ဒပြမှုမှာလည်း အရိုက်ခံရတယ်။ လက်ပံတန်းမှာ တကယ်အရိုက်ခံခဲ့ရတယ်။ မြန်မာပို့စ်ကဆိုရင်လည်း တကယ်ထောင်ကျခဲ့တယ်။ ကျွန်တော်တို့ မီဒီယာတွေအတွက်လုံခြုံမှုတစ်ခုရှိဖို့ ဒီမှာ လာရောက်ဆွေးနွေးတဲ့သူတွေ သိအောင်လို့ပါ။ ဒါဟာ ဆန္ဒထုတ်ဖော်မှုမဟုတ်ပါဘူး။ သိအောင်ဝေမျှပေးတဲ့သဘောပါ။

**ဦးရဲထွဋ်**
**ပြည်ထောင်စုဝန်ကြီး**

အခုလို ဆန္ဒဖော်ထုတ်တဲ့အတွက် ဝမ်းသာပါတယ်။ ဘာလို့လဲဆိုတော့ မြန်မာနိုင်ငံမှာ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ရှိနေတယ်။ **မြန်မာနိုင်ငံရဲ့ မီဒီယာလောက လွတ်လပ်ပွင့်လင်း လာတယ်ဆိုတာကို နိုင်ငံတကာကလာတဲ့ သူတွေကို လိုက်ပြီးပြောပြနေစရာမလိုတော့ဘူး။ သူတို့ရဲ့ လုပ်ရပ်က သက်သေပြရာ ရောက်တဲ့အတွက် ကျွန်တော်က ကျေးဇူးတင်တယ်။**

ဒုတိယအချက်အနေနဲ့က စာနယ်ဇင်းသမားတွေရဲ့ လုံခြုံရေးနဲ့ပတ်သက်ပြီးသူတို့ရဲ့ စိုးရိမ်ပူပန်မှုကို ကျွန်တော်တို့ အသိအမှတ်ပြုတယ်။ လက်ပံတန်းဖြစ်စဉ်နဲ့ပတ်သက်ပြီး ဘယ်နေရာတွေမှာ အားနည်းချက်ရှိသလဲဆိုတာ လေ့လာရမယ်။ **ရဲတပ်ဖွဲ့က ဆောင်ရွက်သွားတဲ့ လုပ်ငန်းစဉ်တစ်ခုလုံးအနေနဲ့က မမှားဘူး။ ရဲတပ်ဖွဲ့ဝင် တစ်ဦးချင်း အနေနဲ့တော့ လုံလောက်တဲ့ အင်အားသုံးခြင်းနဲ့ အလွန်အကျွံ အင်အားသုံးခြင်းကြားမှာ ကျော်လွန်မှု တွေရှိနိုင်တယ်။ ဒါကိုပြန်ပြီး သုံးသပ်ရမယ်။** သုံးသပ်ပြီးရင် လိုအပ်တဲ့ လေ့ကျင့်မှုတွေ ပြန်လုပ်သင့်ရင် လုပ်ရမယ်။ ရဲတပ်ဖွဲ့ဝင်တစ်ဦးချင်းကိုလည်း ပညာပေးဆွေးနွေးမှုတွေ လုပ်ရမယ်၊ ဘာကြောင့်လဲဆိုတော့ တစ်ပတ်လောက်နီးနီး အမျိုးမျိုးစတာ၊ နောက်ပြောင်တာ၊ တချို့က ထိကပါးရိကပါးပြောတာတွေနဲ့ စော်ကားရာရောက်တဲ့ အသုံးအနှုန်းတွေရှိမယ်။ ဒါမျိုးတွေကိုရင်ဆိုင်လာရတဲ့ တပ်ဖွဲ့ဝင်တစ်ယောက်ဟာ သူ့ရဲ့ခံစားချက်နဲ့ လုပ်ငန်းတာဝန်ကို ဘယ်လောက်ခွဲခြားနိုင်မလဲဆိုတာကို ပြန်ပြီး သင်ကြားပေးရမယ်။ သကြံန်ပြီးတဲ့ နောက်ပိုင်းမှာ ဒီကိစ္စကို သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ စာနယ်ဇင်းအဖွဲ့အစည်းတွေကြားထဲမှာ ဆွေးနွေးပွဲတစ်ခုလုပ်ဖို့ စီစဉ်နေတယ်။

တတိယအချက်က လက်ပံတန်းဖြစ်စဉ်နဲ့ပတ်သက်လို့ နိုင်ငံတကာအစည်းအဝေးကြီးတစ်ခုကို သပိတ်မှောက်တယ်လို့ သူတို့ပြောတယ်။ ဒါပေမယ့် တကယ်တော့ IPI က စာနယ်ဇင်းလွတ်လပ်ခွင့်အတွက် နှစ်ပေါင်း(၆၅)နှစ်ကျော် လုပ်လာခဲ့တဲ့အဖွဲ့အစည်းဖြစ်ပြီး ဒီနေ့နဲ့မနက်ဖြန်ဆွေးနွေးမယ့် အစီအစဉ်တွေကို ကြည့်လိုက်ရင် မြန်မာမီဒီယာလောကမှာ ရင်ဆိုင်နေရတဲ့ ပြဿနာတွေအားလုံးကိုဆွေးနွေးတာ ဖြစ်ပါတယ်။

ဒီပွဲကို တက်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ အခြေအနေတွေနဲ့ပတ်သက်ပြီး နိုင်ငံတကာက ကျွမ်းကျင်သူတွေကိုလည်း မေးခွင့်ရမယ်။ တခြားနိုင်ငံတွေမှာ ဘယ်လိုလုပ်နေတယ်ဆိုတာကို မေးခွင့်ရမယ်။ ကျွန်တော်လည်း တောက်လျှောက် တက်နေတာဖြစ်တဲ့အတွက် ကျွန်တော့်ကိုလည်း မေးခွန်းမေးခွင့်ရမယ်။ အဲဒီအခွင့်အရေးကို လက်လွှတ်ခံပြီး ဆန္ဒပြရုံသက်သက်လုပ်တဲ့အတွက် သူတို့ဆုံးရှုံးသွားတဲ့ အခွင့်အရေးအတွက် ကျွန်တော်က စိတ်မကောင်းဖြစ်မိပါတယ်။ ။


ကိုအံ့မင်းညို (အလွတ်သတင်းထောက်)


ဦးဝင်းဇော်နိုင် (အယ်ဒီတာ)


ဦးကျော်ဇေယျာထွန်း(အယ်ဒီတာ) မော်ကွန်းမဂ္ဂဇင်း

မြန်မာ့သတင်းစဉ် သတင်းအဖွဲ့


(၆၅)ကြိမ်မြောက် နိုင်ငံတကာ စာနယ်ဇင်းအဖွဲ့အစည်း (IPI) ကမ္ဘာ့ညီလာခံတွင် မီဒီယာသမားတစ်ဦး ဆန္ဒထုတ်ဖော်စဉ်။ (သတင်းစဉ်)

## ရဲတပ်ဖွဲ့က ဆောင်ရွက်သွားတဲ့ လုပ်ငန်းစဉ်တစ်ခုလုံးအနေနဲ့က မမှားဘူး။ ရဲတပ်ဖွဲ့ဝင် တစ်ဦးချင်းအနေနဲ့တော့ လုံလောက်တဲ့ အင်အားသုံးခြင်းနဲ့ အလွန်အကျွံ အင်အားသုံးခြင်းကြားမှာ ကျော်လွန်မှုတွေရှိနိုင်တယ်။ ဒါကိုပြန်ပြီးသုံးသပ်ရမယ်။

# လူထုပရိသတ်ကို ဟောပြောနည်း

**ချစ်နိုင်(စိတ်ပညာ)**

**နိဒါန်း**

နည်းပညာတက္ကသိုလ်(သန်လျင်) သို့ကျွန်တော်တို့ စာရေးဆရာသုံးဦး ကိုယ့်ကားနှင့်ကိုယ်ရောက်ရှိလာကြပါသည်။ ဖိတ်ကြားစီစဉ်သူမှာ စကိုင်းနက်အထွေထွေမန်နေဂျာဆရာတင်အောင်ရွှေနှင့်ဆရာဟိန်းလတ်ဖြစ်ပါ၏။ ကျွန်တော်တို့ဆိုသည်ကား ဤတက္ကသိုလ်မှာ ကျင်းပမည့် ကျောင်းသားများစကားရည်လုပွဲတွင် အမှတ်ပေးဒိုင်လူကြီးများအဖြစ် ဆောင်ရွက်ကြမည့် ဆရာလယ်တွင်းသားစောချစ်၊ဆရာနွမ်ဂျာသိုင်းနှင့် စာရေးသူတို့ ဖြစ်ကြ၏။ စကိုင်းနက်ရုပ်သံလိုင်းက ပရိသတ်များသို့တိုက်ရိုက်လွှင့်ပေးမှာဖြစ်ပါ၏။ ပါမောက္ခချုပ်နှင့် စကိုင်းနက်တို့ တစ်လနှစ်လတိုင်ပင်ပြီး ကြိုတင်ပြင်ဆင်စီမံခဲ့ကြရ၏။ ထို့ကြောင့် အစစအရာရာအဆင်ပြေ၏။

အဖွင့်အမှာစကားကို ဒိုင်ချုပ် ဆရာလယ်တွင်းသားစောချစ်က ပြော၏။ လူထုပရိသတ်ကို ကိုယ့်ဘက်ပါအောင် ပြောဆိုခြင်း၏အရေးပါပုံ၊ ဤနှုတ်မှုအနုပညာ၏ တန်ဖိုးကို မီးမောင်းထိုးပြ၏။ တစ်နိုင်ငံလုံးက တိုက်ရိုက်ကြည့်နေကြ၏။

အမှတ်ပေးစည်းမျဉ်းကို ဆရာနွမ်ဂျာသိုင်းက ရှင်းပြ၏။ ဟောပြောပြိုင်ဆိုင်မည့် နည်းပညာတက္ကသိုလ် ကျောင်းသားများရော ပရိသတ် ဆရာ ဆရာမများပါ ကြိုတင်သိရှိထားရလျှင် အကျိုးရှိမည်ဖြစ်သဖြင့် ရှင်းပြခြင်းဖြစ်၏။

ပါမောက္ခချုပ်က အနိုင်ရသူအသင်းမှ သုံးယောက်နှင့် နှစ်သိမ့်ဆုရသူ သုံးယောက်ကို ဆုပေးသည်။ ဒိုင်လာလုပ်ပေးသည့်စာရေးဆရာသုံးဦးအား ကျေးဇူးတင်စကားပြောသည်။ ပုဆိုးတစ်ကွင်းစီလည်း လက်ဆောင်ပေးလိုက်၏။

**သုံးသပ်ချက်**

မိမိက အဆိုအချေကျောင်းသားခြောက်ဦး၏ စကားရည်လုပွဲတွင် ပြောဆိုချက်များကို သုံးသပ်ဝေဖန်ချက်ပြောခဲ့ရသည်။ ချီးကျူးအားပေးစကားဟုလည်း ဆိုနိုင်ပါ၏။ အပြစ်တစ်စုံတစ်ရာ ထောက်ပြခြင်းမပြုဘဲ အားသာချက်များကို ဦးစားပေး၍ တိတိကျကျအကဲဖြတ်ပြခဲ့ပါ၏။ သူတို့လည်း ကျေနပ်ဝမ်းသာကြ၏။ နှုတ်မှုစွမ်းရည် (Communication Skill) သည် ဘာသာစကားကျွမ်းကျင်ရ၏။ ဗဟုသုတကြွယ်ဝရ၏။ ဇဝနဉာဏ်၊ တခ်နုပ္ပတ္တိဉာဏ်၊ ဟာသဉာဏ်များလည်းရှိရ၏။ စာဖတ်များရမည်။ ဟောပြောမှုအလေ့အကျင့်များများ လုပ်ရမည်။ လေ့ကျင့်လေလေ သိသိသာသာ တိုးတက်လေလေဖြစ်၏။ ကြိုးစားသူအတွက် မခက်ခဲပါ။

**အမှတ်ပေးစနစ်**

ဗဟုသုတအဖြစ်ဖော်ပြရသော် ထိုပွဲမှာ ဒိုင်အဖွဲ့က အကဲဖြတ်ကြသော“အမှတ်ပေးစနစ်” မှာ အောက်ပါအချက် Traits ပေးမှတ်များပါဝင်ခဲ့ပါသည်-

**အကြောင်းအရာပိုင်း (Content)**

၁။ အဆိုအချေထိရောက်စွာ ပြောဆိုနိုင်မှု ၁၀ မှတ်
၂။ အကြောင်းအရာအချက်အလက်ပြည့်စုံမှု ၁၀မှတ်
၃။ အကိုးအကားအထောက်အထားခိုင်လုံမှု ၁၀မှတ်
၄။ အစီအစဉ်ရှေ့နောက်စနစ်ကျမှု ၁၀ မှတ်
၅။ ခေါင်းစဉ် Theme နှင့် လိုက်ဖက်ဆီလျော်မှု ၁၀မှတ်

**တင်ပြပုံအပိုင်း (Presentation)**

၆။ အသံနေအသံထား အနိမ့်အမြင့်အတိုးအကျယ် ၁၀ မှတ်
၇။ ကိုယ်ဟန်အမူအရာကောင်းမွန်မှု ၁၀ မှတ်
၈။ မိမိကိုယ်ကို ယုံကြည်မှု ၁၀ မှတ်
၉။ ပရိသတ်ကို ဆွဲဆောင်စည်းရုံးနိုင်စွမ်းရှိမှု ၁၀ မှတ်
၁၀။ အချိန်ကိုက် ပြောဆိုတတ်မှု ၁၀ မှတ်
ဒိုင်တစ်ဦးချင်း စုစုပေါင်း ၁၀၀မှတ်

နည်းပညာတက္ကသိုလ်(သန်လျင်)မှ ပြန်လာခဲ့ကြသောအခါ ဆရာနွမ်ဂျာသိုင်းက ပြင်ပပုဂ္ဂလိကအနုပညာသင်တန်းတစ်ခုမှာ သင်ခန်းစာတစ်ခုဝင်ပေးနိုင်ပါမည်လားဟု မေး၏။ ဘာအကြောင်းအရာ (Subject) လည်းဟု မေးရ၏။ လူထုဟောပြောနည်း (Public Speaking) ပါဟု ဖြေ၏။ ရပါသည် ကူညီပါမည်ဟု ကတိပေးလိုက်ပြီး ဘွဲ့ရသင်တန်းသူများနှင့် ဆီလျော်လောက်မည့် သင်တန်းမှတ်စု၊ နည်းပြမှတ်စု၊ သင်ရန်စီမံချက် ပြင်ဆင် ပြုစုရပါသည်။ ဘာမျှအခက်အခဲမရှိပါ။ အောက်ပါစာအုပ်များကိုဖတ်ပြီး ကောင်းနိုးရာရာကူးချလိုက်ရုံသာပင်။

**ကိုးကားချက်**

| | |
|---|---|
| ၁။ ကိုနေ(မန်း)၏ | ခေတ်မီမီလူထုရှေ့မှောက်စကားဟောပြောခြင်းအနုပညာ |
| ၂။ ကိုနေ(မန်း) (ဘာသာပြန်) | ဒေးလ်ကာနက်ဂျီရဲ့ထိရောက်ထက်မြက်တဲ့စကားပြောနည်း |
| ၃။ ကြည်မင်း | ဟောလိုက် ပြောလိုက်ကြရအောင် |
| ၄။ ပီမိုးနင်း | စကားဟောပြောနည်း |
| ၅။ ဖေမြင့် | ဟောနည်းပြောနည်း၊ ကိုယ့်ဘက်ပါအောင်စည်းရုံးနည်းများ |
| ၆။ မုံတိုင်ပင်ဆရာတော် | စကားပြောဖွယ်ကျမ်း |
| ၇။ လူအောင် | လူထုရှေ့ စကားဘယ်လိုပြောမလဲ |
| ၈။ လယ်တွင်းသားစောချစ် | ပရိသတ်ရှေ့မှာဟောပြောနည်း |
| ၉။ ဦးအေးသောင်း | ပရိသတ်ရှေ့တွင် ဟောပြောနည်းများ |
| ၁၀။ဦးလှမင်း (ဘာသာပြန်) | ပေါင်းသင်းဆက်ဆံမှုစွမ်းရည် |
| ၁၁။မောင်ခင်မင်(ဓနုဖြူ) | စကား၊ စာ၊ အလင်္ကာ |
| ၁၂။မောင်မြင့်ကြွယ် (ဘာသာပြန်) | မာယာထောင်ချောက်ဆင်နည်းသို့မဟုတ်ဖြားယောင်းသွေးဆောင်ခြင်းအနုပညာ |

**(အကျယ်သိလိုပါက စာကြည့်တိုက်များမှာ ငှားဖတ်ကြည့်ပါ။)**

**ကိုအောင်ဆန်းလို**

လူထုပရိသတ်ကို ဟောပြောခြင်းအတတ်ပညာသည် ခေါင်းဆောင်တိုင်း ကောင်းစွာတတ်မြောက်အပ်သောပညာဖြစ်သဖြင့် တက္ကသိုလ်ကျောင်းသားကိုအောင်ဆန်းသည် စာဖတ်ခြင်း၊ အဟောအပြောလေ့ကျင့်ခြင်းနှင့် အင်္ဂလိပ်စာကို အထူးကျွမ်းကျင်အောင်လေ့လာလေ့ကျင့်ခြင်းတို့အား ခြောက်နှစ်လုံးလုံးအပတ်တကုတ်ကြိုးစားပြုလုပ်ခဲ့လေ၏။ အင်္ဂလိပ်လိုပြောဆိုကြရသော ရန်ကုန်တက္ကသိုလ်စကားရည်လုပွဲများတွင် ပထမနှစ်နှင့် ဘီအေနောက်ဆုံးနှစ်ကို အောင်ဆန်း၏စွမ်းရည်သည် သိသာထင်ရှားစွာတိုးတက်ပြောင်းလဲနိုင်ခဲ့၏။ (ဘီအေအောင်ခဲ့၏။ ဘီအယ်လ်ဘွဲ့ကိုပြီးအောင်မယူတော့ပါ)

ထို့ကြောင့် အသက် (၂၇)နှစ်အရွယ်မှာ လွတ်လပ်ရေးတပ်မတော်ကြီးကို ဦးဆောင်ဖွဲ့စည်းကာ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုအဆင့်တိုင်းမှာ အောင်မြင်စွာခေါင်းဆောင်နိုင်ခဲ့၏။ အပြောနှင့်ဆက်လျက် အလုပ်ကလည်းထက်မြက်၏။ ပြည်သူတစ်ရပ်လုံး၏ယုံကြည်အားကိုးမှုကိုရခဲ့၏။ ကြိုးစားမှုကား အတုယူစရာကောင်းလှ၏။

အောင်မြင်သောလူထုဟောပြောနည်းတွင် အပိုင်းနှစ်ပိုင်းလိုအပ်ပါသည်။ မည်သူမဆို လိုက်နာလေ့ကျင့်၍ရသည်။

(၁) ကွာဝေးသောအကြောင်း (ကြိုတင်ပြင်ဆင်မှု)
(၂) လတ်တလောအကြောင်း (စင်ပေါ်မှာဟောပြောမှု)

**ပြင်ဆင်မှုအပိုင်း**

၁။ ဗဟုသုတကျယ်ပြန့်ရန် စာများများဖတ်ရပါမည်။
၂။ သုစိပုဘာ၊ ဝိလိသိဓာဟူသော (၈)ချက်ကို ဟန်ချက်ညီစွာကြိုးစားအားထုတ်ရပါမည်။ ကြားနာပါ။ စဉ်းစားပါ။
၃။ မှတ်စုဖြင့်ကောင်းစွာပြင်ဆင်ရမည်။
၄။ ရှေ့နောက်အစီအစဉ်ချပြီး လေ့ကျင့်ဟောပြောကြည့်ရမည်။
၅။ တိတိကျကျ ဇာတ်တိုက်ရမည်။ (၁၅ မိနစ်ပြောမည့်စကားဖြစ်စေ၊ နိဒါန်း ၃ မိနစ်၊ စာကိုယ် ၁၀ မိနစ်၊ နိဂုံး ၂ မိနစ်စသည်ဖြင့် တိကျစွာ ဇာတ်တိုက်လေ့ကျင့်ရမည်။)
၆။ ပရိသတ်အကြောင်းကို သိအောင်ကြိုလေ့လာထားရမည်။
၇။ သူတစ်ပါးဟောပြောချက်များကို များများနားထောင်ပြီး ဆောင်ရန်နှင့်ရှောင်ရန်အချက်များ မှတ်သားလိုက်နာပါ။ စာပေဟောပြောပွဲများ တက်ရောက်လေ့လာပါ။

**စင်ပေါ်မှာ ဟောပြောမှုအပိုင်း**

၁။ အကြောင်းအရာရှိရမည်။ မိမိပိုင်နိုင်ရမည်။
၂။ ရည်ရွယ်ချက် ဦးတည်ချက်ရှိရမည်။ ပရိသတ်ကောင်းကျိုးအတွက်ဖြစ်ရမည်။ စေတနာကောင်းလျှင် ကံကောင်းမည်။
၃။ အစီအစဉ်ကတ်ပြားငယ်များဖြင့် ရေးမှတ်ခဲ့ရမည်။ စေ့စပ်စွာ ပြင်ဆင်ခဲ့ရမည်။
၄။ မိမိကိုယ်ကို ယုံကြည်မှုအပြည့်အဝရှိရမည်။
၅။ ပရိသတ်ကို စေ့စေ့ကြည့်ပြောပါ။ မျက်လုံးချင်းဆိုင်ပြီး ရဲရဲပြောပါ။ မျက်နှာမလွှဲပါနှင့်။ ခေါင်းမော့ပြီး မပြောပါနှင့်။ ပရိသတ်ကို မကြောက်ပါနှင့်။
၆။ ဆွေမျိုးရင်းချာနှင့် သူငယ်ချင်းများကို ပြောသလို ရင်းရင်းနှီးနှီးချစ်ချစ်ခင်ခင်သဘောထားဖြင့် နီးနီးကပ်ကပ်ပြောပါ။
၇။ မေတ္တာစိတ်အပြည့်အဝဖြင့် သိမ်မွေ့ချိုသာစွာပြောပါ။ (မကျေနပ်သံ၊ ဒေါသသံမပါစေရ)
၈။ အသေးအဖွဲ့များကို(စင်ပေါ်မှာ) စကားထဲထည့်မပြောရ။ ရိုင်းစိုင်းသောကြမ်းတမ်းသော စကားလုံးမျိုး မပါစေရ။
၉။ စကားလုံးပီပီသသပြောပါ။ မနှေးလွန်း၊ မမြန်လွန်းဖြစ်ပါစေ၊ နားထောင်ရသူမှာ သဲသဲကွဲကွဲရှိပါစေ။
၁၀။ ပရိသတ်၏အဆင့်အတန်းအခြေအနေ၊ မျှော်လင့်ချက်၊ လိုလားချက်၊ လတ်တလောခံစားချက် စသည်တို့နှင့် ဆီလျော်ကိုက်ညီအောင် အံဝင်ခွင်ကျအောင်ပြောပါ။
၁၁။ တိုတိုနှင့်ထိရောက်အောင်ပြောပါ။
၁၂။ နားထောင်ချင်စဖွယ်ဖြစ်အောင် ဆွဲဆောင်ပြီး နှစ်သက်စွဲငြိအောင်ပြောပါ။ (အပိုတွေလေမရှည်နှင့်)
၁၃။ မျက်နှာထားကြည်လင်ရွှင်ပျစွာ ဟောပြောပါ။
၁၄။ အသံမတိုးလွန်းစေရ၊ မကျယ်လွန်းစေရ။
၁၅။ လက်ခုပ်သံ ရယ်မောသံရှိနေစဉ် ခေတ္တစောင့်ပြီးမှ ဟောပြောပါ။ (အနည်းငယ်ဆိုင်းငံ့ပြီးမှ ဆက်ပြောပါ)
၁၆။ ဟောပြောစဉ်မှာ လုံးဝမတောင်းပန်ရ၊ ဆင်ခြေမပေးရ။ (လေးစားရမည် မှန်သော်လည်း အောက်မကျို့လွန်းရ)
၁၇။ ကိုယ်ရည်ကိုယ်သွေးသောစကားများ မပါစေရ။ ဝါကြွားခြင်းကို လူတိုင်းက နားကြားပြင်းကတ်၏။
၁၈။ ဟာသပါလျှင် ပရိသတ်ပျော်ရွှင်ပါသည်။ ရယ်စရာမောစရာပြောနိုင်လျှင် ကောင်းပါသည်။
၁၉။ သူတစ်ပါးကို ထိပါးပုတ်ခတ်တာ မပါစေရ။ လူမျိုး၊ ဘာသာ၊ မြို့ရွာဒေသ စသည်တို့ကို မလှောင်ပြောင်ရ၊ မသရော်ရ၊ မတိုက်ခိုက်ရ။
၂၀။ ပရိသတ်ကို ခင်ဗျားတို့ဟု မသုံးနှုန်းရ၊ ကျွန်တော်တို့ဟု (ကျွန်တော်တို့ဟုခံယူ)သုံးနှုန်းပါ။
၂၁။ မိမိသေသေချာချာမသိသောအရာကို မဖြီးရ။
၂၂။ မဟောပြောမီမေတ္တာညွှတ်ပါ။ မေတ္တာပို့သပါ။ ပရိသတ်ကို လေးစားကြောင်း၊ မေတ္တာထားကြောင်း ပေါ်လွင်စွာ ပြသပါ၊ ပြောပါ။
၂၃။ ကျေးဇူးတင်စကားထည့်ပြောပါ။
၂၄။ အသိအမှတ်ပြုသင့်သူများကို ထုတ်ဖော်ပြောပါ။
၂၅။ ဟန်ပန်လေသံ၊ အမူအရာပါသင့်ပါသည်။ သို့ရာတွင် အမြင်ကပ်စရာကောင်းအောင် မလွန်ကဲရ။

**နိဂုံး**

ပရိသတ်ကို ဟောပြောခြင်းအတတ်ပညာကား လူတစ်ဦးချင်းစီ၏ ခေါင်းဆောင်မှုစွမ်းရည်ကို မြှင့်တင်နိုင်သော ဘာသာရပ်၊ အရည်အသွေးပညာရပ်တစ်ခုဖြစ်ပါသည်။ လူငယ်တိုင်း လေ့လာလေ့ကျင့်သင့်ပါ၏။ မိမိဘဝကို မြင့်မားအောင် ပျိုးထောင်သူများမဖြစ်မနေ ကြိုးစားကြစေလိုပါသည်။ ပရိသတ်ကို အပေးအယူမရှိဘဲ (တစ်ဖက်သတ်) စာရွက်ကိုချည်းငုံ့ပြီးဖတ်သွားသူတွေ တွေ့ဖူးပါလိမ့်မည်။ ပရိသတ်ကို ဟောပြောနည်းပေးမှတ် ၁၀၀ မှာ သုည (Zero) ရအောင် ညံ့ဖျင်းခဲ့သူများဖြစ်ကြပါသည်။ ထိုလူစားများသည် အောင်မြင်သင့်သလောက် မအောင်မြင်ခဲ့ကြရှာပေ။ သင်ခန်းစာယူလျက် ခေါင်းဆောင်ကောင်းပညာရပ်မှာ ဘာသာစုံဂုဏ်ထူးဆွတ်ခူးပန်ဆင်နိုင်ကြပါစေ။ ။

## မြစ်ဝကျွန်းပေါ် ပြည်တွင်းရေကြောင်းခရီးစဉ်အချို့ ခေါက်ရေယာယီလျှော့ပြေးဆွဲ၍ ကုန်သည်များအခက်ကြုံ

**ရန်ကုန် မတ် ၂၇**

မြစ်ဝကျွန်းပေါ်ဒေသသွား ပြည်တွင်းရေကြောင်းခရီးစဉ်အချို့ယာယီခေါက်ရေပြေးဆွဲမှုကိုမတ် ၁၈ ရက်မှစတင်ခဲ့ရာ နယ်သို့ ရေလမ်းခရီးဖြင့် ကုန်တင်ပို့ရာတွင် အခက်အခဲများရှိလာသည်ဟု မြောင်းမြမြို့သို့ ကုန်တင်ပို့နေသော လသာမြို့နယ်မှ ကုန်သည် ဦးသက်လွင်က ဆိုသည်။

ရန်ကုန်ဆိပ်ကမ်းလမ်းသစ်လမ်းရှိ ပြည်တွင်းရေကြောင်းသင်္ဘော လက်မှတ်ရောင်းသည့် အဆောက်အအုံတွင် ယာယီခရီးစဉ်လျှော့မည့်အသိပေးကြေညာထားသည့်ရန်ကုန်-လပ္ပတ္တာ ခရီးစဉ်တွင် တနင်္လာနေ့၊ ရန်ကုန်-ကြာကန် ခရီးစဉ်တွင် အင်္ဂါ၊ စနေနေ့၊ ရန်ကုန်-မြောင်းမြခရီးစဉ်တွင် တနင်္လာ၊ သောကြာ၊ ရန်ကုန်-ကျုံမငေးခရီးစဉ်တွင် ကြာသပတေး၊ စနေ၊ ရန်ကုန်-မော်ကျွန်းည ခရီးစဉ်တွင် အင်္ဂါ၊ ကြာသပတေး၊စနေ၊ ရန်ကုန်-ဖျာပုံ ည ခရီးစဉ်တွင် တနင်္လာ၊ ဗုဒ္ဓဟူး၊သောကြာ၊ စနေနေ့များတွင်သာ ပြေးဆွဲမည်ဟု ဖော်ပြထားသည်။

သတ်မှတ်ထားသော ခရီးသည်နှင့် ကုန်တန်ချိန်အတိုင်းသာ တင်ဆောင်ပြေးဆွဲသဖြင့် ရေယာဉ်ထွက်သည့်နေ့များတွင် ပုဂ္ဂလိကသင်္ဘောပြေးဆွဲခြင်း မရှိသည့် မြောင်းမြခရီးစဉ်တွင် တင်ပို့သည့် ကုန်ပစ္စည်းအားလုံးတင်ဆောင်နိုင်ခြင်းမရှိပါ။ ဆိပ်ကမ်းတွင် ကုန်အချို့ကျန်လေ့ရှိနေသည်။ ယင်းကျန်သောကုန်များကိုသင်္ဘောထွက်ရက်ရောက်ရန် သုံးညထပ်မံ၍ ဆိပ်ကမ်းတွင် အစောင့်ထားစုပုံထားရသည်ဟု မြောင်းမြပို့ကုန်သည်များက ဆိုသည်။

မတ် ၂၇ ရက် နံနက် ၈ နာရီတွင် သင်္ဘောမှ ကုန်ပစ္စည်းလက်မခံသေးချိန် ဘုန်းကြီးလမ်း ဗောတံတားအမှတ် (၁)တွင် ဆိပ်ခံဗော၊ ရေဆင်းတံတားတစ်လျှောက် အပြင်တံတားအဝင်ကားလမ်းဘေးများတွင်ပါ စုပုံထားသောကုန်ပစ္စည်းအပုံအများအပြားမြင်တွေ့ရသည်ဟု ယင်းနေရာသို့ ဖြတ်သန်းသွားသောဘုရင့်နောင်ပွဲရုံသို့ ဆန်အိတ်များ သယ်ယူသူ ယာဉ်မောင်းကိုမြင့်ဦးက ဆိုသည်။

မတ် ၂၇ ရက် မြောင်းမြသို့ထွက်သည့်တောသားကြီးအမည်ရှိ (က) အမျိုးအစားပြည်တွင်းရေကြောင်းသင်္ဘောသည် အဆိုပါကုန်ပစ္စည်းများကို ခြင်တွယ်တင်ဆောင်ရာတွင် အောက်ထပ်ခေါင်းမိုးထိလုနီးပါး ကုန်းပတ်ပေါ်တွင်မှာပင်စုပုံထားသည်ကို မြင်တွေ့ခဲ့ရသည်။နံနက် ၁၁ နာရီဝန်းကျင်သတ်မှတ်ကုန်တန်ချိန်ပြည့်၍ ကိုင်းတန်းဗောတံတားအမှတ် (၂)သို့ပြောင်းရွှေ့ဆိုက်ကပ်ထားရသည်။ ပုံမှန်ခရီးစဉ်ပြေးဆွဲချိန်တွင် ကုန်ပစ္စည်းများကို မွန်းလွဲ ၂ နာရီထိဘုန်းကြီးလမ်းဗောတံတားအမှတ် (၁) တွင်လက်ခံပြီးမှဆိပ်ကမ်းပြောင်းရွှေ့သည်ဟု ယင်းနေရာတွင်ဈေးရောင်းချသူတစ်ဦးက ဆိုသည်။



ယာယီခေါက်ရေလျှော့ပြေးဆွဲရာတွင်ပြည်တွင်းရေကြောင်း သင်္ဘောပြေးဆွဲသော ရန်ကုန်-မြောင်းမြ ခရီးစဉ်တွင်ရေလမ်းဖြင့်ကုန်ပစ္စည်းများ တင်ပို့သူများ အခက်အခဲနှင့်တွေ့ကြုံနေရသည်။ သယ်ယူပို့ဆောင်ခဈေးကြီးသောကားလမ်းခရီးဖြင့်ပုပ်သိုးပျက်စီးလွယ်သောကုန်များပြောင်းလဲတင်ပို့နေရသည်ဟု မြောင်းမြသို့ကုန်တင်ပို့နေသူများက ဆိုသည်။ **မောင်စေအောင်**

ပြည်တွင်းရေးရာ

# နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ရေးဆိုင်ရာ ကွင်းဆင်းစိစစ်

**နေပြည်တော် မတ် ၂၇**

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုအဖြစ် ယခုနှစ်မှစတင်ချီးမြှင့်မည့် စွမ်းဆောင်မှုအကောင်းဆုံး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဆုနှင့် စွမ်းဆောင်မှုအကောင်းဆုံး မြို့နယ်စည်ပင်သာယာရေးကော်မတီဆုများ ရွေးချယ်နိုင်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်နှင့်အဖွဲ့ဝင်များသည် မတ် ၂၂ ရက်တွင် ပခုက္ကူမြို့နယ် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မတ် ၂၃ ရက်တွင် မိတ္ထီလာမြို့နယ် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ မတ် ၂၅ ရက်တွင် တောင်ကြီးမြို့နယ် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း စိစစ်အကဲဖြတ်ခဲ့သည်။

သက်ဆိုင်ရာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီများမှ တာဝန်ရှိသူအသီးသီးက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများနှင့် မြို့နယ်စည်ပင်သာယာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များက အသေးစိတ်ကွင်းဆင်းအကဲဖြတ်ကြသည်။

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ရေးဆိုင်ရာ စွမ်းဆောင်မှုအကောင်းဆုံး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဆုနှင့် စွမ်းဆောင်မှုအကောင်းဆုံး မြို့နယ်စည်ပင်သာယာရေးကော်မတီဆု ရွေးချယ်ရေးဆပ်ကော်မတီအနေဖြင့် ကွင်းဆင်းစိစစ်ရေးအဖွဲ့ငယ်သုံးဖွဲ့၏ ကွင်းဆင်းစိစစ်ရေးတင်ပြလာမှုအပေါ် ဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကွင်းဆင်းအကဲဖြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နယ်စပ်ရေးရာမှ သိရသည်။ **(ကြေးမုံ)**

## မီဒီယာဝင်ခွင့်ကတ်များ ထုတ်ယူနိုင်

**မန္တလေး မတ် ၂၇**

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ရောက်ရှိနေသည့် နေရောင်ခြည်စွမ်းအင်သုံး *Solar Impulse-2* လေယာဉ်သည် မတ် ၂၉ ရက် ည ၁၀ နာရီတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်နိုင်ငံ ချုံကျင်းမြို့သို့ ဆက်လက်ထွက်ခွာမည်ဖြစ်ရာ သတင်းဓာတ်ပုံရယူလိုသည့် မီဒီယာများအနေဖြင့် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်(၂၀ × ၂၁)လမ်းကြား၊ (၈၂×၈၃)လမ်းကြား ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)၌ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မီဒီယာဝင်ခွင့်ကတ်များကို မတ် ၂၉ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၂နာရီအတွင်း လာရောက်ထုတ်ယူနိုင်ပြီဖြစ်သည်။

သတင်းရယူကြမည့် မီဒီယာများအနေဖြင့် မတ် ၂၉ ရက် ည ၇ နာရီတွင် မန္တလေးဘူတာကြီးစုရပ်မှ ကြိုပို့ယာဉ်ဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**






**ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီး မကြာခင်ဖွင့်လှစ်တော့မည့် မွန်ပြည်နယ် လွှတ်တော်ရုံးအဆောက်အအုံသစ်အား ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။**

(ဆက်နေမင်းအောင်)

ဥတုရာသီ တောကိုမှီ၏

### နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ဒုတိယအသုတ်ရွေးချယ်ခံရသူများနှင့် တတိယအသုတ် ရွေးချယ်ခံရသူများ လူတွေ့ဖြေဆိုရမည့် နေ့ရက်၊ အချိန်နှင့်နေရာစာရင်း

| စဉ် | ဘာသာရပ်နယ်ပယ် | နေ့ရက် | အချိန် | ကာလ | နေရာ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ဆေးပညာ | ၁-၄-၁၅မှ၂-၄-၁၅ | ၉း၀၀ နာရီ | ၂ ရက် | ဆေးပညာသင်ကြားရေး ဗဟိုဌာန၊လေးထပ်ဆောင်၊ လမ်းမတော်၊ ရန်ကုန်မြို့ | အဖွဲ့ငါးဖွဲ့ |
| ၂ | အင်ဂျင်နီယာ | ၅-၄-၁၅မှ၉-၄-၁၅ထိ | ၉း၀၀နာရီ | ၅ ရက် | ပင်မဆောင်(၁)၊ အစည်းအဝေးခန်းမ၊ ရန်ကုန်နည်းပညာ တက္ကသိုလ် | |
| ၃ | ကွန်ပျူတာပညာ | ၁-၄-၁၅မှ၃-၄-၁၅ | ၉း၀၀ နာရီ | ၃ ရက် | အခန်း(၂၀၂) တက္ကသိုလ်စိန်ရတု၊ ရန်ကုန်မြို့ | |
| ၄ | မွေးမြူရေးနှင့် ဆေးကုသရေး | ၁-၄-၁၅ | ၁၀း၀၀နာရီ | ၁ ရက် | မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် | |
| ၅ | စိုက်ပျိုးရေး | ၁-၄-၁၅ | ၉း၀၀ နာရီ | ၁ ရက် | အစည်းအဝေးခန်းမ၊ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ နေပြည်တော် | |
| ၆ | သစ်တော | ၇-၄-၁၅ | ၁၀း၀၀ နာရီ | ၁ ရက် | သစ်တောတက္ကသိုလ်၊ နေပြည်တော်(ရေဆင်း) | |
| ၇ | စီးပွားရေး | ၂-၄-၁၅မှ၃-၄-၁၅ထိ | ၁၀း၀၀ နာရီ | ၂ ရက် | အခန်း(၇)၊ ရန်ကုန် စီးပွားရေးတက္ကသိုလ်၊ ကမာရွတ် | |
| ၈ | ပညာရေး | ၂-၄-၁၅မှ၄-၄-၁၅ထိ | ၉း၃၀ နာရီ | ၃ ရက် | *Learning Hub* အပေါ်ထပ် ရန်ကုန် ပညာရေးတက္ကသိုလ် | |
| ၉ | ဝိဇ္ဇာဘာသာရပ် | ၁-၄-၁၅ | ၁၀း၀၀ နာရီ | ၁ ရက် | ပြခန်း၊ တက္ကသိုလ်စိန်ရတု၊ ရန်ကုန်မြို့ | |
| ၁၀ | သိပ္ပံဘာသာရပ် | ၁-၄-၁၅မှ၃-၄-၁၅ | ၁၀း၀၀ နာရီ | ၃ ရက် | အခန်းအမှတ်(၂၀၆)၊ တက္ကသိုလ်စိန်ရတု၊ ရန်ကုန်မြို့ | |
| ၁၁ | အင်္ဂလိပ်စာနှင့် ဘာသာစကား | ၁-၄-၁၅မှ၃-၄-၁၅ | ၉း၀၀ နာရီ | ၃ရက် | မြန်မာနိုင်ငံယူနက်စကို အမျိုးသားကော်မရှင်ရုံးခန်း၊ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်၊ ရန်ကုန်မြို့ | |
| ၁၂ | သတင်းအတတ်ပညာ | ၁-၄-၂၀၁၅ | ၁၀း၀၀ နာရီ | ၁ ရက် | အခန်းအမှတ် (၂၀၇)၊ တက္ကသိုလ်စိန်ရတု၊ ရန်ကုန်မြို့ | |
| ၁၃ | ဥပဒေ | ၄-၄-၁၅ | ၁၀း၀၀ နာရီ | ၁ ရက် | အခန်း(၂၀၂)၊ တက္ကသိုလ် စိန်ရတု၊ ရန်ကုန်မြို့ | |
| ၁၄ | ဟိုတယ်နှင့် ခရီးသွား | ၂-၄-၁၅ | ၁၄း၀၀ နာရီ | ၁ ရက် | ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ နေပြည်တော် | |
| ၁၅ | ရေကြောင်း | ၇-၄-၁၅ | ၁၀း၃၀ နာရီ | ၁ ရက် | မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်၊ | |

## စက်ရေတွင်း ခြောက်တွင်းဖွင့် ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများပေးအပ်

**တပ်ကုန်း မတ် ၂၇**

နှစ်(၇၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာအုပ်စုအတွင်း စက်ရေတွင်းခြောက်တွင်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ ရက် နံနက် ၉ နာရီက ရွှေမြို့(အရှေ့)ကျေးရွာ စက်ရေတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယခုဖွင့်လှစ်လိုက်သော ရွှေမြို့(အရှေ့) ကျေးရွာ၊ ရွှေမြို့(အနောက်) ကျေးရွာ၊ ဘူတာကျေးရွာ၊ ဘောဂကျေးရွာ၊ သရက်တောကျေးရွာ၊ ပင်းစုကျေးရွာရှိ စက်ရေတွင်း ခြောက်တွင်း၏ အမျိုးအစားမှာ နှစ်လက်မစက်ရေတွင်း အနက် ပေ ၂၀၀၊ အလျား ငါးပေ၊ အနံ လေးပေ၊အမြင့် ငါးပေ ရေစက်ရုံ၊ ရေဂါလန် ၁၀၀၀ ဆံ့ရေကန်၊ ရေထွက်နှုန်းတစ်နာရီမှာ ဂါလန် ၁၀၀၀၊ ရေချိုများဖြစ်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီနယ်မြေ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေနှင့် စက်ရေတွင်းတစ်တွင်းလျှင် ကုန်ကျငွေ ၃ ဒသမ ၃၁ သန်းဖြင့် ကောင်းမြတ်အောင်ကျော်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ပြီး စက်ရေတွင်းများကို တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ စက်ရေတွင်းခြောက်တွင်းနှင့် ပတ်သက်သည့် အချက်အလက်များကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကင်မွန်းတန်းကျေးရွာအုပ်စု ကင်မွန်းတန်း(အရှေ့) ကျေးရွာ မီးလင်းရေး ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားတွင် တစ်အိမ်ထောင်လျှင် ၈၀ ဝပ် ဆိုလာပြားတစ်ချပ်၊ ၆၅ အမ်ပီယာ ဘက်ထရီအိုးတစ်လုံး၊ ၃၀၀ ဝပ် အင်ဗာတာနှင့်ကွန်ထရိုလာတစ်ခု၊ LED မီးသီးနှစ်လုံး၊ မီးချောင်းတစ်ချောင်းတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးက ကျေးရွာအုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ **(တင်စိုးလွင်)**





**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ရေးပြစစ်ကြောင်းကြီးများအား စစ်ဆေးစဉ်။** (သတင်းစဉ်)

**☆ ရွှေဖုံးမှ**

ဋ္ဌင်းမှ စစ်ရေးပြကွင်းကြီးတစ်လျှောက် လမ်းဘေးဝဲ/ယာတို့တွင် အမြဲစိမ်းပင်များ၊ ပုံဖော်ပင်များ၌ လျှပ်တစ်ပြက်မီးရောင်စုံများ၊ မီးပြေးများကို စနစ်တကျ တပ်ဆင်ထွန်းညှိထားရှိသည်။

ထို့နောက် နံနက် ၅ နာရီတွင် ၂၀၁၅ ခုနှစ် နှစ် (၇၀) ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ကြမည့် ယန္တရားတပ်ဖွဲ့များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်သည်များ၊ တပ်မတော်(ကြည်း) (အမျိုးသမီး) ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသမီး) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့သည် စစ်ရေးပြအခမ်းအနားသို့ စစ်ကြောင်းကြီးများအလိုက် သစ်တပ်စစ်ရေးပြကွင်း၌ စတင်စုရုံးရောက်ရှိနေရာယူကြပြီး စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် ဖုန်းမြတ် ဦးဆောင်၍ နှစ်(၇၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများ စုရပ်စစ်ရေးပြကွင်းမှ တပ်မတော်နေ့အခမ်းအနား ကျင်းပသည့် စစ်ရေးပြကွင်းကြီးဆီသို့ စတင်ချီတက်လာချိန်မှစ၍ ဒုတိယသမ္မတ ဦးညွှန့်ထွန်း၏ ဇနီး ဒေါ်ခင်အေးမြင့်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၏ ဇနီး ဒေါ်မာမာဝေ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၏ဇနီး ဒေါ်ဝေမာမာထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၏ ဇနီး ဒေါ်အေးအေးသန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၏ ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီးတို့က ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိ၊ စစ်သည်မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးတို့မှ အရာရှိ၊ စစ်သည် မိသားစုများ၊ ဒေသခံမိဘပြည်သူများကလည်း စစ်ကြောင်းကြီးများ ချီတက်ရာလမ်းတစ်လျှောက် သောင်းသောင်းဖြဖြကြိုဆိုကာ ဂုဏ်ပြုပန်းကုံးများစွပ်ကြသည်။

စစ်ကြောင်းကြီး ငါးကြောင်းမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၀၃၆၇ ဦးတို့သည် စုရပ်သစ်တပ် စစ်ရေးပြကွင်းမှစတင်၍ သတ်မှတ်အစီအစဉ်အတိုင်း စစ်ရေးပြကွင်းကြီးဆီသို့ ချီတက်စဉ် ဇာတိသွေး ဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေးသီဆိုကြပြီး စစ်ရေးပြကွင်းကြီးအတွင်းသို့ ရောက်ရှိနေရာယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပရာ စစ်ရေးပြကွင်းကြီးသို့ ရောက်ရှိလာပြီး စစ်ရေးပြကွင်းကြီးအတွင်းရှိ အလေးပြုခံစင်မြင့်၌ နေရာယူသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အလေးပြုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မော်တော်ယာဉ်ဖြင့် စစ်ရေးပြစစ်ကြောင်းကြီးများအား စစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဗဟိုစစ်တီးဝိုင်းအဖွဲ့က နိုင်ငံတော်သီချင်းကိုတီးမှုတ်သည်။

ယင်းနောက် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး စစ်ကြောင်းကြီးများမှ (ကြည်း၊ ရေ၊ လေ) တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက သစ္စာလေးချက်ကို သံပြိုင်ညီညာရွတ်ဆိုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားရာတွင် တပ်မတော်သည် တိုင်းရင်းသားပြည်သူများနှင့်အတူ အသက်၊ သွေး၊ ချွေးမြောက်မြားစွာ ပေးဆပ်ပြီး လွတ်လပ်ရေးကို အရယူပေးခဲ့ရုံသာမက လွတ်လပ်ရေးကိုမဆုံးရှုံးရန်လည်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ရကြောင်း၊ လွတ်လပ်ရေးရပြီးချိန်မှစ၍ နယ်ချဲ့များအမွေပေးခဲ့သည့် အချင်းချင်းမကျေနပ်မှု၊ မယုံကြည်မှုများကြောင့် အယူဝါဒနှင့် အတွေးအခေါ်များ ကွဲပြားပြီး လက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်လာ၍ တပ်မတော်သားများသည် အသက်ခန္ဓာများ စွန့်လွှတ်ပေးဆပ်ပြီး ပြည်ထောင်စုမပြိုကွဲရေး၊ အချုပ်အခြာအာဏာမဆုံးရှုံးရစေရေးအတွက် ကာကွယ်စောင့်ရှောက်ခဲ့ရကြောင်း၊ ထို့အပြင် ပြည်ပတရုတ်ဖြူတပ်များ၏ ကျူးကျော်မှုကိုလည်း ပြည်သူလူထုနှင့်လက်တွဲပြီး စစ်ဆင်ရေးကြီးများ ဆင်နွှဲတိုက်ထုတ်ခဲ့ရကြောင်း၊ ထိုသို့ ပြည်ပကျူးကျော်မှုများနှင့် ပြည်တွင်းဆူပူသောင်းကျန်းမှုများ ချုပ်ငြိမ်းရေးအတွက် နေရာဒေသအသီးသီးတွင် တပ်မတော်က ဆင်နွှဲခဲ့သည့် စစ်ဆင်ရေးကြီးများသည် သမိုင်းကြောင်းတွင် အထင်အရှားရှိခဲ့သလို သမိုင်းအစဉ်အလာနှင့်အညီ နိုင်ငံတကာတပ်မတော်များ၏ ကျင့်စဉ်အတိုင်း **ပိုင်နက်နယ်မြေလုံခြုံရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် ပြည်တွင်းပြည်ပ အန္တရာယ်မှန်သမျှကို တပ်မတော်အနေဖြင့် တိုက်ထုတ်ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း။**

တပ်မတော်သည် ပြည်ပကျူးကျော်မှုနှင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးကိုသာမက အမျိုးသားနိုင်ငံရေးတာဝန်များကိုပါ ထမ်းဆောင်ခဲ့ရကြောင်း၊ ၁၉၅၈ ခုနှစ် နိုင်ငံရေးအကျပ်အတည်းကာလ၊ ၁၉၆၂ ခုနှစ် ပြည်ထောင်စုကြီးပြိုကွဲပြီး အချုပ်အခြာအာဏာ ဆုံးရှုံးရမည့်အခြေအနေနှင့် ၁၉၈၈ ခုနှစ် မင်းမဲ့စရိုက်ဆန်သည့် အရေးအခင်းကာလများတွင် တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးတို့အတွက် နိုင်ငံတော်တာဝန်ကို လွှဲပြောင်းထမ်းဆောင်ပြီး အခြေအနေအရပ်ရပ်ကို ထိန်းသိမ်းခဲ့ရကြောင်း။

တပ်မတော်သည် **နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး မူဘောင်(၃)ရပ် ချမှတ်ပြီး နိုင်ငံတော်၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်**လျက်ရှိပါကြောင်း၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်သည် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဖြစ်ကြောင်း၊ ထိုအချက်ကို အလေးထားပြီး တပ်မတော်အပါအဝင် နိုင်ငံရေးပါတီ၊ လူပုဂ္ဂိုလ် အဖွဲ့အစည်းအသီးသီးတို့တွင် အသိတရားရှိစွာဖြင့် ဝိုင်းဝန်းထိန်းသိမ်းပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူလူထုက ရွေးချယ်ခဲ့သည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် ပြည်သူ့အကျိုးကို ရှေးရှုသော မိမိတို့တပ်မတော်ကလည်း ဒီမိုကရေစီဖြစ်ထွန်းမှုကို လိုလားပြီး အစဉ်အမြဲထိန်းကျောင်းဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ခိုင်မာလာအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့်လည်း ပါတီစုံဒီမိုကရေစီစနစ်နှင့်အတူ တိုင်းပြည်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်

**စာမျက်နှာ ၉ သို့ ✳**



**ဒုတိယသမ္မတ ဦးညွှန့်ထွန်း၏ ဇနီး ဒေါ်ခင်အေးမြင့် စစ်ရေးပြစစ်ကြောင်းကြီးများအား ဂုဏ်ပြုပန်းကုံးစွပ်၍ ကြိုဆိုစဉ်။** (သတင်းစဉ်)



**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ စစ်ရေးပြစစ်ကြောင်းကြီးများအား ဂုဏ်ပြုပန်းကုံးစွပ်၍ ကြိုဆိုစဉ်။** (သတင်းစဉ်)



**နှစ်(၇၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ယန္တရားတပ်ဖွဲ့ ချီတက်လာစဉ်။** (သတင်းစဉ်)

## ပြည်တွင်းရေးရာ

✻ စာမျက်နှာ ၈ မှ

ကျင့်သုံးလျက်ရှိကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ နိုင်ငံပိုင်ကဏ္ဍများကို လျှော့ချပြီး ပုဂ္ဂလိကပိုင်ကဏ္ဍများ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့်အပြင် စီးပွားရေးပိတ်ဆို့ ဟန့်တားမှုများကိုလည်း ဖယ်ရှားဖြေလျှော့ပေးနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ တိုင်းပြည်၏စီးပွားရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကွက်စီးပွားရေးဖော်ဆောင်မှု ခိုင်မာအားကောင်းရန် မိမိတို့တပ်မတော်အနေဖြင့် ကာကွယ်လုပ်ဆောင်သွားမည်ဆိုသည်ကို အခိုင်အမာပြောကြားလိုကြောင်း။

**ပြည်သူလူထု၏ ပကတိလိုအပ်ချက်သည် အေးအေးချမ်းချမ်းနေထိုင်လုပ်ကိုင်စားသောက်ပြီး စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြင့် မိမိတို့၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်**ကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကသာလျှင် ပြည်သူတို့၏ ပကတိလိုအပ်ချက်နှင့် ဆန္ဒအမှန်ပင်ဖြစ်ကြောင်း၊ **ပြည်သူတို့၏ ဆန္ဒအမှန်နှင့် လိုလားချက်ကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် မိမိတို့တပ်မတော်သားများအနေဖြင့် အစိုးရလွှတ်တော်၊ နိုင်ငံရေးပါတီ အဖွဲ့အစည်းများ၊ ပြည်သူများနှင့်ပူးပေါင်းပြီး စည်းကမ်းဥပဒေများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် တိုင်းပြည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးများ ဆောင်ရွက်သကဲ့သို့ ခြိုးခြံချွေတာရေးကိုလည်း ဆောင်ရွက်ရန်လို**အပ်ကြောင်း၊ အထူးသဖြင့် ရေသယံဇာတ၊ သစ်တောသယံဇာတ၊ စွမ်းအင်နှင့် လျှပ်စစ်စသည့် သဘာဝအရင်းအမြစ်များကို သားစဉ်မြေးဆက်များအထိ အကျိုးရှိစွာ သုံးစွဲနိုင်ရန် ကောင်းမွန်သောအစီအမံများ ချမှတ်ပြီး ထိန်းသိမ်းကာကွယ်ဆောင်ရွက်ရမည် ဖြစ်သကဲ့သို့ ကာကွယ်ရေးစွမ်းအား တည်ဆောက်သည့်နေရာတွင်လည်း စားသောက်နေထိုင်ရေးမှစ၍ ငွေကြေး၊ ရုပ်ဝတ္ထုပစ္စည်းပိုင်းဆိုင်ရာများကို ခြိုးခြံချွေတာ အလေအလွင့်မရှိစေရေး အကျိုးရှိရှိ သုံးစွဲရန်လိုအပ်ကြောင်း၊ **မိမိကိုယ်ကို ခြိုးခြံချွေတာခြင်းဖြင့်လည်း ရဲဘော်တို့အနေဖြင့် ကျန်းမာရေးကို ထိခိုက်စေသည့် အသောက်အစား အပျော်အပါးများကို ရှောင်ရှားနိုင်ပြီး တိုင်းပြည်အကျိုး၊ တပ်မတော်အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်မည်**ဖြစ်ကြောင်း။



နှစ်(၇၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။ (သတင်းစဉ်)



နှစ်(၇၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

မိမိတို့နိုင်ငံသည် **ပြည်ထောင်စုနယ်မြေအတွင်း ဒေသအသီးသီးတွင် တိုင်းရင်းသားအားလုံး စုစည်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံဖြစ်သကဲ့သို့ အိမ်နီးနားချင်း နိုင်ငံများနှင့်လည်း တိကျသော နယ်မြေနယ်နိမိတ်များ သတ်မှတ်ပိုင်းခြားထားပြီးဖြစ်**ကြောင်း၊ တိုင်းရင်းသားအားလုံးကိုလည်း တူညီသည့် အခွင့်အရေးများ ပေးထားပြီးဖြစ်ကြောင်း၊ အုပ်ချုပ်မှုလွယ်ကူစေရန် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်တိုင်းဒေသကြီးများ သတ်မှတ်ထားသကဲ့သို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသများလည်း ခွဲဝေပေးထားပြီးဖြစ်ကြောင်း၊ **ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးကိုလည်း ဥပဒေနှင့်အညီ တူညီသော အဆင့်အတန်း (Status) များ သတ်မှတ်ပေးထားပြီးဖြစ်**ကြောင်း၊ နိုင်ငံတော်၏ ပိုင်နက်နယ်မြေအတွင်း မည်သည့်ဒေသတွင်မဆို မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများ၏ အခွင့်အရေးရပိုင်ခွင့်များနှင့်ပတ်သက်၍ နိုင်ငံသား တိုင်းရင်းသားအားလုံးကို ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)ပါ "နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ" အတိုင်း တန်းတူရရှိခံစားစေပြီးဖြစ်ကြောင်း၊ **တိုင်းရင်းသားအားလုံးသည် ပြည်ထောင်စုအတွင်း ဘယ်နေရာဘယ်ဒေသမှာပဲနေနေ အုပ်ချုပ်မှုအရသော်လည်းကောင်း၊ ဥပဒေအရသော်လည်းကောင်း တူညီသောအခွင့်အရေးများကို ရရှိခံစားနေကြရမည်**ဖြစ်သည့်အတွက် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးကိုသာရှေးရှုပြီး အမြင်မတူညီမှုများကို ညှိနှိုင်းဆွေးနွေးအဖြေရှာ၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်အမှီသဟဲပြု၊ သဟဇာတဖြစ်သည့် လူ့အဖွဲ့အစည်းတစ်ခုဖြစ်အောင် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ဒီမိုကရေစီကို အောင်မြင်ရန် အကောင်အထည်ဖော်ရာတွင် နိုင်ငံတည်ငြိမ်အေးချမ်းရေးသည် အရေးကြီးသည့် ကိစ္စရပ်တစ်ခုဖြစ်ကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပပျောက်ရေးအတွက်ဆိုလျှင် ဒီမိုကရေစီစနစ်နှင့်အညီ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဥပဒေဘောင်အတွင်းမှ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးအဖြေရှာမှသာ တူညီသော ရည်မှန်းချက်ကို ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ **ဒီမိုကရေစီစနစ်သည် လက်နက်ကိုင်ဖိအားပေးမှုမရှိကြောင်း၊ စည်းကမ်းနှင့်အညီ ငြိမ်းချမ်းသည့် နည်းလမ်းဖြင့်သာ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ မင်းမဲ့စရိုက်ဆန်စွာ ဥပဒေဘောင်ကို ကျော်လွန်ဆောင်ရွက်မှုများသည် ဒီမိုကရေစီလမ်းကြောင်းက သွေဖည်သွားစေကြောင်း၊** လက်နက်ကိုင်တိုင်းရင်းသား အဖွဲ့အစည်းအားလုံးသည် ညီအစ်ကိုရင်းချာ မိသားစုစိတ်ဓာတ်ဖြင့် တစ်ဦးနှင့်တစ်ဦး ယုံယုံကြည်ကြည် ညှိနှိုင်းဖြေရှင်းကြရန် လိုအပ်ကြောင်း၊ **နိုင်ငံရေးအမြင် ကွဲလွဲခြားနားမှုများကို လက်နက်ကိုင်နည်းဖြင့် ဖိအားပေးရယူရန် ကြိုးပမ်းမှုများသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ထိခိုက်ပျက်စီးစေခြင်းကြောင့် တပ်မတော်အနေဖြင့် လက်ခံမည်မဟုတ်**ကြောင်း။

**ပါတီနိုင်ငံရေးကို ဦးစားပေးလွန်းလျှင် နိုင်ငံတည်ငြိမ်မှု မရှိနိုင်ကြောင်း ကမ္ဘာ့နိုင်ငံအချို့၏ ဖြစ်ရပ်များက သာဓကပြပြီးဖြစ်ကြောင်း၊ အမျိုးသားရေးဝါဒကို အစွန်းရောက်စွာ ကျင့်သုံးလျှင်လည်း နိုင်ငံတော်တည်ငြိမ်မှုကို အခက်တွေ့စေမည် ဖြစ်**ကြောင်း၊

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ◆



တပ်မတော်(ကြည်း)(အမျိုးသမီး) အလံကိုင်တပ်ဖွဲ့ ချီတက်အလေးပြုစဉ်။ (သတင်းစဉ်)



တိုက်ခိုက်ရေးလေယာဉ်များ အလေးပြုပျံသန်းကြစဉ်။ (သတင်းစဉ်)

# တာဝန်ကိုယ်စီ ရှိပေလိမ့်မည်

မေး/ရေး-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်

**၂၀၀၀ ပြည့်နှစ်ကတည်းက စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၁ ခုနှစ်နောက်ပိုင်းမှစ၍ ပြည်ပခရီးသွားလုပ်ငန်းများပိုမိုဖွံ့ဖြိုးလာသော ငွေဆောင်သို့ နိုင်ငံခြားသား ဧည့်သည်များ နှစ်စဉ်တိုးတက်များပြားစွာ ဝင်ရောက်လာနေပေသည်။ ချစ်သူများကျွန်းသို့သွားရန် ကားလမ်းမပေါ်မှနေ၍ ကမ်းခြေသို့သွားရာ လမ်းအတိုင်း မဝင်ရောက်မီ အနီရောင်အောက်ခံပြားပေါ်တွင် အဖြူရောင်စာလုံးများဖြင့် ရေးသားထားသည့် "BOB Hotel မှ Central Hotel အထိ ကမ်းခြေသဲသောင်ပြင်တွင် တာဝန်မှအပ မည်သည့်စက်တပ်ယာဉ်မှ မောင်းနှင်ခွင့်မပြု (စည်းကမ်းထိန်းသိမ်းရေးကော်မတီ ငွေဆောင်မြို့) ဟု ဗီနိုင်းဆိုင်းဘုတ်တစ်ခုအား တွေ့ခဲ့မြင်ခဲ့မိသည်။ ကမ်းခြေသို့ရောက်သော် မြင်တွေ့လိုက်ရသည့်မြင်ကွင်းများကား ကမ်းခြေတွင်လာရောက်အပန်းဖြေရင်း ဆော့ကစားနိုင်ရန်အတွက် ကုမ္ပဏီများမှလာရောက် ဖွင့်လှစ်ထားသော Sight Seeing ခရီးစဉ်ကြော်ငြာများနှင့် ကမ်းခြေပေါ်မှ လေးဘီးဆိုင်ကယ်များ၊ နှစ်ဘီးဆိုင်ကယ်များ၊ စက်တပ်ယာဉ်များပင်ဖြစ်သည်။ အထူးအဆန်းမဖြစ်ခဲ့သော်လည်း စိတ်ဝင်စားမှုများစွာဖြင့် စက်တပ်ယာဉ်များအပေါ် အမြင်များကို မေးမြန်းဖြစ်ခဲ့သည်။**



ဦးလှမြင့်



ကိုဝင်းထွဋ်



ကိုထွန်းထွန်းအောင်

**ကိုထွန်းထွန်းအောင် (၂၃) နှစ် ငွေဆောင်မြို့**

(၅)နှစ်သားကတည်းက ငွေဆောင်ရောက်တယ်။ အမေဆုံးတော့ ကျောင်းထွက်ပြီး အလုပ်လုပ်တယ်။ ဆန်နီပါရာဒိုက်ဟိုတယ်မှာ ၂၀၁၁ ခုနှစ်လောက်ကပါ။ အရင်က ဒီဒေသမှာ စိုက်ပျိုးရေးနဲ့ ရေလုပ်ငန်းလုပ်တဲ့သူများတယ်။ မွေးမြူရေးတော့ နည်းတယ်။ ကျွန်တော်ရောက်တုန်းက ကမ်းခြေမှာပါ ပိုက်ဆွဲတို့ ဘာတို့လုပ်တယ်။ အခုတော့ ၂၀၁၃ ခုနှစ်လောက်ကစပြီး အခြေအနေက ပြောင်းသွားပြီ။ သိပ်မလုပ်ကြတော့ဘူး။ အခုနှစ်ပိုင်းတွေမှာ ဧည့်သည်ပိုကျတယ်။ အရင်တုန်းကဆိုရင် တစ်နှစ်ကို နှစ်ကြိမ်ပဲ ဧည့်သည်ကျတယ်။ ၁၀ လပိုင်း သီတင်းကျွတ်နဲ့ ၄ လပိုင်း သင်္ကြန်မှာပဲ ဧည့်သည်လာတာ။ အခုဆို ၂၀၁၃ ခုနှစ်လောက်ကစပြီး နှစ်ပတ်လည် (တစ်နှစ်လုံး)ကို ဧည့်သည်လာတယ်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာတယ်။ ကျွန်တော်က အဲကွန်းပြင်သင်တန်းတက်ထားတယ်။ ဒီနှစ်မိုးတွင်း အလုပ်ပါးရင်တော့ ခွင့်ယူပြီး သင်တန်း ၃ လလောက် ဆက်တက်မယ်။ ကျွန်တော်က ပညာမတတ်ဘူးဆိုတော့ လက်မှုပညာတစ်ခုကို ရအောင်ယူထားရမယ်။ ဒီမှာအမြဲတမ်းလုပ်ဖို့ဆိုတာက အဆင်မပြေနိုင်ဘူးလေ။ လေးဘီးဆိုင်ကယ် (စက်တပ်ယာဉ်) တွေက ၂၀၁၄ ခုနှစ် ၉ လပိုင်းလောက်စပြီးပေါ်လာတယ်။ အရင် ဟိုတယ်ကြီးတွေမှာ VIP အတွက် သီးသန့်ပေးထားတာတော့ ရှိတယ်။ အခုနောက်ပိုင်းမှာ လေးဘီးဆိုင်ကယ်ကို အပြင်က လူတွေကပါ ငှားလာကြတယ်။ ဒီကောင်ရဲ့ စက်သံက ရိုးရိုးစက်သံနဲ့ မတူဘူး။ နိုင်ငံခြားသားအတွက်တော့ အနှောင့်အယှက်ဖြစ်လာနိုင်တယ်။ စီးပွားရှာတာလည်း ရှာတာပေါ့။

**ကိုဝင်းထွဋ်(ခ)ကိုပြောင်ကြီး (ဟသ်ာတ) (ဆိုင်ကယ်ကယ်ရီ)**

ဧည့်သည်က ဒီလိုဆိုင်ကယ်ပဲဖြစ်ဖြစ်၊ လေးဘီးပဲဖြစ်ဖြစ် ငှားစီးတယ်။ သူတို့ကိုယ်တိုင်မောင်းတယ်။ မမှောက်ရင်တော့ ပြဿနာမဖြစ်ဘူး။ ဒီမှာက ဧည့်သည်အလွှန်များတော့ ဧည့်သည်တွေက ရေကူးတယ်။ အပျင်းပြေ ဆိုင်ကယ်စီးကြတယ်။ အေးအေးချမ်းချမ်းနေချင်တဲ့ လူတွေရှိမှာပဲ။ လှဲနေမယ်။ လမ်းလျှောက်မယ်ပေါ့။ ဒီလိုလူတွေအတွက် အနှောင့်အယှက်တော့ဖြစ်နိုင်တယ်။ ဒါပေမယ့် အဲဒီလိုစီးတာကို ကြည်နူးပြီးငေးနေတဲ့ လူလည်းရှိတာပဲ။ ဒီလိုလေးဘီးစီးတဲ့အပေါ်မှာ အမှတ်တရ ဗီဒီယိုဓာတ်ပုံရိုက်တဲ့လူလည်း ရှိတာပဲ။ ငွေဆောင်ကမ်းခြေက ၉ မိုင်ကျော်ရှိတယ်။ ရေထဲမှာ စပိဘုတ်စီးတယ်ဆိုတာ လူတိုင်းမစီးနိုင်ဘူး။ ဈေးကြီးတယ်။ အဆင့်ခွဲပြီး စက်တပ်ယာဉ်မဝင်ရ သတ်မှတ်ရင်တော့ ကောင်းမယ်။ ငွေဆောင်မှာက ချောင်းသာနဲ့ယှဉ်ရင် အခက်အခဲတွေရှိတယ်။ ကမ်းခြေဆင်းဖို့ လမ်းမရှိဘူး။ ချောင်းသာက ၃ မိုင်လောက်ပဲရှိတာကို ကမ်းခြေဆင်းဖို့ လမ်းလေးတွေရှိတယ်။ ငွေဆောင်က ၉ မိုင်လောက်ရှိတယ်။ ဟိုတယ်မှာ မတည်းနိုင်တဲ့ လူတွေအတွက် ကမ်းခြေဆင်းဖို့ အခက်အခဲရှိတာပေါ့။ silver view နဲ့ ယုဇနကြားဆို လမ်းကြီးရှိတယ်။ ခြံခတ်လိုက်တယ်။ ကမ်းခြေဆင်းစရာ မရှိဘူး။ ကမ်းခြေမျက်နှာပြင်ကို ဆင်းဖို့ ၁၀ ပေလောက်ပဲဖြစ်ဖြစ် လမ်းလေးတွေ လုပ်ပေးသင့်တယ်။ လက်ရှိ ကမ်းခြေဆင်းလို့ရတာက ချစ်သူများကျွန်းလမ်းနဲ့ ဆန်နီပါရာဒိုက်လမ်းပဲရှိတယ်။ တစ်လမ်းနဲ့တစ်လမ်းလည်း ၆ မိုင်လောက်ကွာတယ်။ ကြားထဲမှာ ဟိုတယ်တွေက အပြည့်ကာထားတာ။ ဒီမှာက ဟသ်ာတမှာထက် လုပ်ငန်းကိုင်ငန်း ပိုကောင်းပါတယ်။ အဆင်ပြေပါတယ်။ ငွေဆောင်က ခရီးသွားလုပ်ငန်း တော်တော်တိုးတက်လာတယ်။

**ခရီးသွားတစ်ဦး (ယာဉ်အမှတ် 5G -8896)**

စက်တပ်ယာဉ်နဲ့ပတ်သက်ပြီး ဒီမှာက သောင်ပြင်ကျယ်တယ်။ ဟိုတယ်ဧရိယာကလည်း ကျယ်တယ်ဆိုတော့ အန္တရာယ်တော့ မရှိသေးဘူးပေါ့။ ကျွန်တော်အမြင်ပြောရရင် စက်တပ်လေးဘီးယာဉ်ကိုစီးချင်တဲ့ ဧည့်သည်လည်းရှိမှာပါ။ ဧည့်သည်တွေ လွတ်လွတ်လပ်လပ်၊ နားနားနေနေ နေတဲ့နေရာမှာ ဆိုင်ကယ်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရတာမျိုး မကောင်းဘူးပေါ့။ ဘောလုံးကစားနေရင်း ဆိုင်ကယ်သံကြားနေရရင်ကို ရပ်နေရတယ်။ ကြောက်နေရတယ်။ စိုးရိမ်တယ်လေ။ စက်တပ်ယာဉ်ကတော့ မရှိတာပိုကောင်းတယ်။ ကျွန်တော်က ရှမ်းပြည်နယ်ကပါ။ မိသားစုနဲ့ အပန်းဖြေခရီးထွက်တာပေါ့။ ငွေဆောင်ကို ပထမဆုံးအကြိမ်ရောက်ဖူးတာပဲ။ အဆင်ပြေတယ်။ ဆိုင်ကယ်ကြောက်ရတာ တစ်ခုပဲ။ နားလည်း နားအေးတယ်။ ဒုတိယ ငပလီလိုပါပဲ။ ရေကလည်း သန့်တယ်။ လူနည်းတယ်။ နားနားနေနေ နေလို့ကောင်းတယ်။ ချောင်းသာကတော့ လူများတယ်။ အချို့က high speed နဲ့ကိုစီးတာ။ တချို့ဧည့်သည်တော့ ဧည့်သည်ပဲ၊ အရမ်းကြီးစီးတယ်။ ကမ်းခြေဧရိယာ သတ်မှတ်ပြီး ယာဉ်မဝင်ရတဲ့နေရာဆိုပြီး သတ်သတ်မှတ်မှတ်လုပ်ပေးသင့်တယ်။ ကျွန်တော်တို့ကတော့ ကြောက်တယ်။ လုံးဝကြီးစီးခွင့်မပေးတာတော့ တစ်ဖက်အစွန်းရောက်လွန်းတာပေါ့။ နောက်နှစ်လည်း ဒီကိုပဲ လာဖြစ်မယ်။

**ဦးလှမြင့်**
**ငွေဆောင်မြို့၊ အမှတ် (၄) ရပ်ကွက် ဘူးကွဲကြီးကျေးရွာ**

ဟိုတုန်းကတော့ ဒီဒေသတွေမှာ ၂၀၁၁ အထိ လမ်းပန်းဆက်သွယ်ရေး မကောင်း သေးဘူး။ ၂၀၁၄၊ ၂၀၁၅ မှာတော့ လမ်းပန်းဆက်သွယ်ရေး ပိုကောင်းလာတယ်။ လမ်းကောင်းလာလို့လည်း ဒီလိုကုန်စုံဆိုင်တွေ တည်နိုင်တာပါ။ ဒီဘူးကွဲကနေ ငွေဆောင်-ချောင်းသာ လမ်းပန်းဆက်သွယ်ကူးလူးမှု လွယ်သွားတယ်။ ဒီကနေ ပုသိမ်ကိုဆိုလည်း သွားလာရေး တော်တော်ကောင်းသွားပြီ။ ဒီနေရာ ဒေသက အရင်တုန်းကတော့ လယ်လုပ်တယ်။ ကမ်းနားဘက်ဆင်းပြီး ငါးရှာတယ်။ ငါးပိတို့၊ ဘာတို့လုပ်တာပေါ့။ လူနေမှုစနစ်မှာ ၇၅ ရာခိုင်နှုန်းလောက် ပြောင်းသွားပြီ။ တိုက်တာတွေနဲ့ ဖြစ်လာတယ်။ ၂၅ ရာခိုင်နှုန်းလောက်ကတော့ ငါးရှာတုန်းပေါ့။ ကုန်စုံဆိုင်လေးတွေ အများကြီးဖြစ်လာတယ်။ အရင်လို သွပ်မိုးပျဉ်ထောင် ထက်ပိုလာပြီ။ ရပ်ကွက်ထဲမှာ လမ်းပန်းဆက်သွယ်ရေးတော့ နည်းနည်းလိုသေးတာပေါ့။ အရင်လေးငါးနှစ်ကဆို အိမ်ခြေ ၁၀၀ ကျော်ကျော်ပဲရှိတယ်။ အခုဆို အိမ်ခြေ ၂၀၀ လောက် ဖြစ်လာပြီဆိုတော့ ကျောင်းသားအင်အား တိုးလာတယ်။ အလယ်တန်းအဆင့် စာသင်ကျောင်းလောက် ရှိလာမယ်ဆိုပိုအဆင်ပြေတာပေါ့။ အခုဆို ဒီရွာ ဒီဒေသကတင်မဟုတ်ဘဲ ဒီမှာ အလုပ်ကောင်းတဲ့အတွက် ဧရာဝတီတိုင်းဒေသကြီးထဲက ရွှေ့ပြောင်းအလုပ်သမား တော်တော်များများ ရှိလာပြီ။ ခရီးသွားလုပ်ငန်းက ၂၀၁၁ ခုနှစ်လောက်ကစပြီး နိုင်ငံခြားသားတွေလာကြတယ်။ ဒီနှစ်အတွင်းမှာပိုလာကြတယ်။ ကုန်ဆိုလည်း လှမ်းမှာရုံနဲ့ အိမ်ရှေ့အထိပို့လာနိုင်တယ်။ မီးကတော့ ကိုယ်ရပ်ကွက်ထဲ မီးစက်နဲ့ ဟိုအိမ်က ၅ အိမ်ပေး၊ ဒီအိမ်က ၁၀ အိမ်ပေး ပုံစံနဲ့ပဲရှိသေးတယ်။ လေးဘီးဆိုင်ကယ်ကို အရင်တုန်းက မတွေ့မိဘူး။ ပင်လယ်ကမ်းစပ်မှာတော့ မသိဘူး။ ရွာထဲဘက်မှာတော့ မောင်းတာ သိပ်မတွေ့ဘူး။ လေးဘီးဆိုင်ကယ်က ဧည့်သည်တွေစီးကြတယ်။ နိုင်ငံခြားသားလည်း စီးတာပဲ။ သတ်မှတ်နေရာမှာ သတ်သတ်မှတ်မှတ်လေး လုပ်လိုက်ရင်တော့ ကောင်းတယ်။ ပိတ်ပင်ထားရင်တော့ သိပ်အဆင်မပြေဘူး။ အဆောက်အအုံတွေ၊ ဟိုတယ်တွေဖြစ်လာတော့ အလုပ်အကိုင်ရလာကြတယ်။ သုံးနှစ်လောက်အတွင်းမှာပဲ ပြောင်းလဲသွားတယ်။ ချောင်လည်လာတယ်။

ငွေဆောင်ကမ်းခြေသည် ရန်ကုန်မြို့၏အနောက်ဘက် မိုင်(၁၄၀) အကွာခန့်တွင်တည်ရှိပြီး ၂၀၀၀ ပြည့်နှစ်ကတည်းက ဖွင့်လှစ်ခဲ့သည်။ ငွေဆောင်ကမ်းခြေသည် မြောက်ဘက် ဇီးမှော်ရွာမှ တောင်ဘက် မကျီးမှော်ရွာအထိ ရှည်လျားသော ကမ်းခြေရှိခြင်း၊ သန့်ရှင်းမှုရှိခြင်း စသည့် ဝိသေသလက္ခဏာများစွာကိုလည်း ပိုင်ဆိုင်ထားသည်။ ထိုဝိသေသလက္ခဏာများကို ထိန်းသိမ်း၍ ပိုမိုကောင်းမွန်စေရန်၊ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဒေသခံအစိုးရနှင့် ဒေသခံပြည်သူများ ညှိနှိုင်း၍ အားထုတ်ဆောင်ရွက်ရပေလိမ့်မည်။



## Telematics စနစ်နှင့်ပတ်သက်၍ ဂျာနယ်အချို့နှင့် လူမှုကွန်ရက်စာမျက်နှာအချို့တွင် မှားယွင်းဖော်ပြနေ

**ရန်ကုန် မတ် ၂၇**

Telematics စနစ်တပ်ဆင်မှုနှင့် ပတ်သက်ပြီး သတင်းဂျာနယ်အချို့နှင့် လူမှုကွန်ရက်စာမျက်နှာအချို့တွင် မှားယွင်းဖော်ပြမှုများရှိကြောင်း ရန်ကုန်-မန္တလေးအမြန်လမ်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ သိရသည်။

အဆိုပါစနစ်နှင့်ပတ်သက်ပြီး ဝန်ဆောင်ပေးမည့် ကုမ္ပဏီသို့ ကျပ်နှစ်သောင်းနှင့် ဝန်ကြီးဌာနသို့ ကျပ်ငါးထောင် စုစုပေါင်းတစ်လလျှင် ကျပ်နှစ်သောင်းခွဲ ပေးဆောင်ရမည်ဟု မှားယွင်းစွာဖော်ပြနေခြင်းဖြစ်သည်။ ထို Telematics စနစ်အတွက် အမှန်မှာ ဝန်ဆောင်မှုလုပ်ဆောင်ပေးသည့်ကုမ္ပဏီထံသို့ တစ်လလျှင် ကျပ်နှစ်သောင်းသာပေးဆောင်ရမည်ဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ပေးသွင်းရန် ကောက်ခံမှုမရှိကြောင်းကို ရန်ကုန်-မန္တလေးအမြန်လမ်း ပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ သိရသည်။

ထိုအမြန်လမ်းမကြီးပေါ်တွင် အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဆောင်ရွက်နိုင်သည့် Telematics စနစ်ကို အမြန်လမ်းမကြီးအသုံးပြုသွားလာနေသော ခရီးသည်တင်အဝေးပြေး မော်တော်ယာဉ်ကြီးများနှင့် ခွင့်ပြုကုန်စည်တင် ကုန်တင်ယာဉ်ကြီးများ(ဝင်ရိုး ၃ ခုပါ၊ ၁၀ ဘီးအထိ) ယာဉ်စည်းကမ်း လမ်းစည်းကမ်းထိန်းသိမ်းနိုင်ရေး၊ ယာဉ်မတော်တဆမှုများ ထိန်းချုပ်လျှော့ချနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဟု သိရသည်။

ထိုစနစ်အတွက် စက်တပ်ဆင်မှုကို လာမည့်ဧပြီလအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ပြီး ယာဉ်တစ်စီး တစ်လလျှင် ကျပ်နှစ်သောင်းသာကျသင့်ကာ တစ်နှစ်စာအတွက် ကျပ်နှစ်သိန်းလေးသောင်းကို ကြိုတင်ပေးသွင်းရမည်ဖြစ်ကြောင်း၊ မေ ၁ ရက်မှ စတင်ကာ Telematics စနစ်တပ်ဆင်မှုမရှိသော အဆိုပါယာဉ်ကြီးများကို အမြန်လမ်းပေါ် အသုံးပြုမောင်းနှင်ခွင့်ပြုတော့မည်မဟုတ်ကြောင်း ဆက်လက်သိရသည်။

(၆၈၀)

◆

# ဘင်္ဂလားဒေ့ရှ်၌ ဘုရားပွဲကျင်းပစဉ် လူနင်းခံရမှုကြောင့် ၁၀ ဦးသေဆုံး

**ဒါကာ မတ် ၂၇**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ နာရာယန်ဂျန်းမြို့ရှိ ဘာသာရေးအထွတ်အမြတ်ပြုရာနေရာတွင် ရိုးရာထုံးဓလေ့အရ ဘုရားပွဲတော် ကျင်းပနေချိန်အတွင်း လူအများစုပြုံတိုးဝှေ့မှုကြောင့် လူနင်းခံရသူ ဘုရားဖူးခရီးသည် ၁၀ ဦးထက်မနည်း သေဆုံးရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ဟိန္ဒူဘုရားဖူးများသည် ရိုးရာဘာသာရေး ထုံးဓလေ့အရ ဝတ်ပြုဆုတောင်းရန် မြစ်ကမ်းပါး၌ ရေချိုးဆင်းခဲ့ကြကြောင်း၊ ရေချိုးဆိပ်မှာ ၁၆ ခုသာရှိပြီး ဘုရားဖူးများမှာ အလွန်များပြားသဖြင့် တစ်ဦးပေါ်တစ်ဦး တက်နင်းမိကြရာမှ လူသေဆုံးမှု ဖြစ်ပေါ်ရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဘင်္ဂလားဒေ့ရှ် ရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ နှစ်စဉ်ကျင်းပသော ဟိန္ဒူဘာသာရေးပွဲတော်များအနက် အစည်ကားဆုံး ဘုရားပွဲဖြစ်သည့် အက်စတာမိစနန်းဘုရားပွဲတွင် မတော်တဆမှုဖြစ်ပွားခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နှင့် အိမ်နီးချင်းနိုင်ငံများမှ ဘုရားဖူးခရီးသည် တစ်သန်းခန့်လာရောက်လေ့ရှိကြပြီး မြို့တော်ဒါကာ တောင်ဘက် ကီလိုမီတာ ၂၀(၁၂မိုင်)အကွာ လန်ဂယ်ဘန်ဒေသရှိ ဗြဟ္မပုတ္တရမြစ်အတွင်း ဝတ်ပြုဆုတောင်းသည့် ထုံးဓလေ့ကို ဆောင်ရွက်လေ့ရှိကြသည်။

လူနင်းခံရမှုကြောင့် သေဆုံးရသူများမှာ အမျိုးသမီးခုနစ်ဦးနှင့် အမျိုးသားသုံးဦးတို့ဖြစ်ကြပြီး ၎င်းတို့အားလုံးမှာ အသက် (၅၀)ကျော်အရွယ်ရှိသူများ ဖြစ်ကြကြောင်း၊ လူအများအပြား ထိခိုက်ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ပီတီအိုင်။**





# အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေး ဆန္ဒပြမှုအပေါ် ရှင်းလင်းထိန်းသိမ်းခဲ့ခြင်းအား ကန့်ကွက်ကြောင်း ဆန္ဒထုတ်ဖော်

**ရန်ကုန် မတ် ၂၇**

ရန်ကုန်မြို့ သိမ်ကြီးဈေးခုံးကျော်တံတားအနီးတွင် လူမှုအဖွဲ့အစည်းအချို့နှင့် ကျောင်းသားအဖွဲ့တို့သည် ယနေ့နံနက် ၁၀ နာရီခန့်က အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေး ဆန္ဒပြမှုအပေါ် ရှင်းလင်းထိန်းသိမ်းခဲ့ခြင်းအား ကန့်ကွက်ကြောင်းဆန္ဒထုတ်ဖော်ခြင်းကို ခွင့်ပြုချက်ရယူခြင်းမရှိဘဲ ပြုလုပ်ခဲ့သည်။

ထိုသို့ ဆန္ဒထုတ်ဖော်ရာတွင် လူမှုအဖွဲ့အစည်းအချို့မှ အင်အား ၃၇ ဦးခန့်သည် နံနက် ၁၀ နာရီခွဲခန့်က ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်ရှိ သိမ်ကြီးဈေးခုံးကျော်တံတားအနီးတွင် စုဝေးခဲ့ကြပြီး အနော်ရထာလမ်းနှင့် ရွှေတိဂုံဘုရားလမ်းဆုံမှ ရွှေဘုံသာလမ်းဆုံအထိ ဗီနိုင်းစလက်ကိုင်ပိုစတာသုံးခုကိုင်ဆောင်၍ လမ်းလျှောက်ဆန္ဒထုတ်ဖော်ခဲ့ရာ တာဝန်ရှိသူများက ရှင်းလင်းပြောဆိုသဖြင့် လူစုကွဲသွားခဲ့သည်။

အလားတူ ကျောင်းသားအဖွဲ့အချို့မှ အင်အား ၁၅ ဦးခန့်သည် နံနက် ၁၀ နာရီခွဲခန့်တွင် မဟာဗန္ဓုလလမ်းနှင့် ရွှေဘုံသာလမ်းဆုံ၌ စုဝေးခဲ့ကြပြီး မဟာဗန္ဓုလလမ်းနှင့် ရွှေတိဂုံဘုရားလမ်းဆုံအထိ အလံငါးခုကိုင်ဆောင်၍ လမ်းလျှောက်ဆန္ဒထုတ်ဖော်ခြင်း၊ နန္ဒာစစ်အောင်နှင့် ကျော်ကိုကိုတို့က ရှင်းလင်းပြောကြားခြင်းများ ပြုလုပ်ခဲ့ပြီး နံနက် ၁၁ နာရီခန့်တွင် လူစုကွဲသွားခဲ့ကြောင်း သိရသည်။

**သတင်း-မင်းသစ်၊ ဓာတ်ပုံ-ရဲထွန်း**

# စင်ကာပူနိုင်ငံတည်ထောင်သူ ဝန်ကြီးချုပ်ဟောင်း လီ၏ ဈာပနအခမ်းအနားသို့ ကမ္ဘာ့ခေါင်းဆောင်များ တက်ရောက်မည်

**စင်ကာပူ မတ် ၂၇**

စင်ကာပူနိုင်ငံကို ထူထောင်ခဲ့သူ ဖခင်ကြီးအဖြစ် ထင်ရှားကျော်ကြားသည့် ဝန်ကြီးချုပ်ဟောင်း လီကွမ်ယူ၏ ဈာပနအခမ်းအနားကို မတ် ၂၉ ရက်တွင် နိုင်ငံတော်ဈာပနအဖြစ် ကျင်းပမည်ဖြစ်ရာ ကမ္ဘာတစ်ဝန်းမှ နိုင်ငံ့ခေါင်းဆောင်များနှင့် သံတမန်များ တက်ရောက်ကြမည်ဖြစ်ကြောင်း ယနေ့ စီအင်န်အေသတင်းတွင် ဖော်ပြသည်။

မတ် ၂၉ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီ ၁၅ မိနစ်အထိ တက္ကသိုလ်ယဉ်ကျေးမှု ဗဟိုဌာန၌ ကျင်းပမည့် ဝန်ကြီးချုပ်ဟောင်း လီကွမ်ယူ၏ ဈာပနအခမ်းအနားသို့ အရှေ့တောင်အာရှနိုင်ငံများမှ ခေါင်းဆောင်များဖြစ်ကြသော မြန်မာနိုင်ငံသမ္မတ ဦးသိန်းစိန်၊ ထိုင်းဝန်ကြီးချုပ်ပရာရွတ်ချန်အိုချာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဟွန်ဆင်နှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် ငုယင်တန်ဇွန်းတို့နှင့်အတူ မလေးရှားဘုရင် အဗ္ဗဒယ်လ်ဟာလင်နှင့် အင်ဒိုနီးရှားနိုင်ငံသမ္မတ ဂျိုကိုဝီဒိုဒိုတို့ တက်ရောက်ရန် ကတိပြုထားသည်။

ထို့အပြင် တရုတ်ဒုတိယသမ္မတ ယီယန်ချောင်၊ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၊ တောင်ကိုရီးယား သမ္မတ ပတ်ဂွမ်ဟေး၊ ဩစတြေးလျနိုင်ငံဝန်ကြီးချုပ် တိုနီအက်ဘော့နှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နရိန္ဒြာမိုဒီတို့လည်း ဈာပနအခမ်းအနားသို့ တက်ရောက်ကြမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

စင်ကာပူဝန်ကြီးချုပ်ဟောင်း၏ ဈာပနအခမ်းအနားသို့ အမေရိကန်သမ္မတ ဘာရက်အိုဘားမားကိုယ်စား အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က တက်ရောက်မည်ဖြစ်ကြောင်း ကြေညာခဲ့ပြီး ယင်းကိုယ်စားလှယ်အဖွဲ့၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟင်နရီကစ်ဆင်ဂျာလည်း ပါဝင်မည်ဟု ဖော်ပြသည်။ မစ္စတာ ကစ်ဆင်ဂျာသည် ကွယ်လွန်သူ စင်ကာပူဝန်ကြီးချုပ်နှင့် ရင်းနှီးကျွမ်းဝင်သူလည်းဖြစ်သည်။

ဗြိတိန်နိုင်ငံကမူ စင်ကာပူဝန်ကြီးချုပ်ဟောင်း မစ္စတာလီကွမ်ယူ၏ ဈာပနအခမ်းအနားသို့ ယင်းနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီး ဝီလီယံဟိဂ်အား ဦးဆောင်စေလျက် ကိုယ်စားလှယ်အဖွဲ့ စေလွှတ်တက်ရောက်စေမည်ဟု ယနေ့ ကြေညာချက်ထုတ်ပြန်သည်။

**စီအင်န်အေ။**

❒ **ကျောဖုံးမှ**

မြေနီကုန်း ခုံးကျော်တံတားသည် လက်ရှိ အစိုးရလက်ထက်တွင် အကောင်အထည်ဖော်ခဲ့သော ငါးစင်းမြောက် ကားလမ်းကူးခုံးကျော်တံတားဖြစ်ပြီး ၁၆ ဒသမ ၉၂၈ ဘီလီယံခန့် သုံးစွဲတည်ဆောက်ခဲ့သည်။ ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် စတင်တည်ဆောက်ခဲ့၍ ၂၀၁၅ ခုနှစ် မတ်လကုန်တွင် စတင်အသုံးပြုနိုင်ပြီဖြစ်သည်။ ခုံးကျော်တံတားတည်ဆောက်ရေး လုပ်ငန်းများကြောင့် လမ်းပိတ်ဆို့မှုများရှိခဲ့ပြီး တံတားပြီးစီးချိန်တွင် အထိုက်အလျောက် လျော့နည်းသွားမည်ဟု သိရသည်။ သို့ရာတွင် ဟံသာဝတီအဝိုင်း၌မူ ယာဉ်ကြောပိတ်ဆို့မှု ပိုမိုဖြစ်ပေါ်လာနိုင်သည်ဟု သုံးသပ်မှုများလည်း ရှိနေသည်။

ရန်ကုန်မြို့တော်တွင် ယာဉ်ကြောပိတ်ဆို့မှု ဖြေရှင်းရန်အလို့ငှာ ကားလမ်းကူး ခုံးကျော်တံတားများ တည်ဆောက်ခဲ့ရာတွင် ၂၀၁၂ ခုနှစ်က လှည်းတန်းခုံးကျော်တံတားကို ငွေကျပ် ၁၄ ဒသမ ၄၈၇ ဘီလီယံ၊ ဘုရင့်နောင် နှစ်ထပ် ခုံးကျော်တံတားနှစ်စင်းကို ငွေကျပ် ၂၁ ဒသမ ၇၄၄ ဘီလီယံ၊ ရွှေဂုံတိုင်ခုံးကျော်တံတားကို ငွေကျပ် ၁၇ ဒသမ ၄၄ ဘီလီယံနှင့် မြေနီကုန်း ခုံးကျော်တံတားကို ငွေကျပ် ၁၆ ဒသမ ၉၂၈ ဘီလီယံ အကုန်အကျခံကာ ပုဂ္ဂလိကကုမ္ပဏီများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။




**ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့နယ် ပန်းပုကွင်းကျေးရွာ နဂါးရစ်တောင် ဓမ္မပါလတောရကျောင်း၌ သီတင်းသုံးလျက်ရှိသော နဂါးရစ်တောင်ဆရာတော် ဦးဝိသုဒ္ဓနှင့် တပည့်သားသမီးများက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်သိန်း ၁၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံယူစဉ်။** (ကြေးမုံ)

## ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆-L)၊ မြေကွက်အမှတ်( $\frac{၁၂၁I}{၁} + \frac{၁၂၁F}{၁}$ )မြေကွက်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆-L)၊မြေကွက်အမှတ် ($\frac{၁၂၁I}{၁} + \frac{၁၂၁F}{၁}$)မြေကွက်သည် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၄)၊ ရန်ကုန်မြို့သို့ ဘဏ်ချေးငွေအာမခံအဖြစ် တင်သွင်းထားသော အခြေပစ္စည်းဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်အား မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၄)၊ ရန်ကုန်မြို့၏ ခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေးကမ်းခြင်း၊ လက်ခံခြင်း၊ ပေါင်နှံခြင်း၊ ပေါင်နှံသည်ကို လက်ခံခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ လွှဲပြောင်းသည်ကို လက်ခံခြင်း၊ မြေကွက်ပေါ်တွင် အဆောက်အအုံဆောက်လုပ်ခြင်းများ မပြုလုပ်ရန် အသိပေးပါသည်။ ပြုလုပ်ပါက ပြုလုပ်သူတို့၏ တာဝန်သာဖြစ်ကြောင်းနှင့် မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် တည်ဆဲတရားဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန်နေဂျာ
မြန်မာ့စီးပွားရေးဘဏ်၊ဘဏ်ခွဲ(၄)၊ ရန်ကုန်မြို့။

# မြောက်ကိုရီးယားအာဏာပိုင်များက ဖမ်းဆီးထားသည့် တောင်ကိုရီးယားနိုင်ငံသားနှစ်ဦးကို လွှတ်ပေးရန် တောင်ကိုရီးယားတောင်းဆို

**ဆိုးလ် မတ် ၂၇**

မြောက်ကိုရီးယားအာဏာပိုင်များက နိုင်ငံအတွင်းသူလျှိုထောက်လှမ်းမှုများ လုပ်ဆောင်နေသည်ဟုစွပ်စွဲကာ ဖမ်းဆီးထားသည့်တောင်ကိုရီးယားအမျိုးသားနှစ်ဦးအား ပြန်လည်လွှတ်ပေးရန် တောင်ကိုရီးယားအာဏာပိုင်များက တောင်းဆိုခဲ့သည်။

အဆိုပါ တောင်ကိုရီးယားအမျိုးသားနှစ်ဦး၏ ဓာတ်ပုံများနှင့် နာမည်များကို မြောက်ကိုရီးယားသတင်းဌာန 'ကေစီအန်င်အေ'မှ တာဝန်ရှိသူတစ်ဦးက ပြုံယမ်းတွင်ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ သို့သော် ၎င်းတို့ကို မည်သည့်နေရာတွင် ဖမ်းဆီးထားသည်ကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ပေ။

'ကင်ကွတ်ဂီ'နှင့်'ချိုကွန်းဂျယ်' တို့သည် မြောက်ကိုရီးယားနိုင်ငံအား ဆန့်ကျင်သည့် လှုပ်ရှားမှုတွင် တက်ကြွစွာ ပါဝင်ခဲ့ကြောင်း အဆိုပါသတင်းဌာနက ဆိုသည်။

ယင်းအမျိုးသား နှစ်ဦးသည် တရုတ်နိုင်ငံ နယ်စပ်မြို့ဖြစ်သည့် ဒန်ဒေါင်းရှိ ဆိုးလ်အမျိုးသားထောက်လှမ်းရေး ဌာနအတွက် လျှို့ဝှက်သတင်းများပေးနေကြောင်း သတင်းဌာနက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ။**

**သွေးသည် အသက်**

# ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီ အသင်းနှင့်စာချုပ်သစ်ချုပ်ဆို

ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီး အသင်း၏ အသင်းခေါင်းဆောင် ဂျွန်တယ်ရီသည် စာချုပ်သစ်တစ်ရပ် ချုပ်ဆိုလိုက်ခြင်းကြောင့် ချယ်လ်ဆီး အသင်း၌ ၂၀၁၅-၂၀၁၆ ဘောလုံး ရာသီကုန်အထိ ဆက်ရှိနေမည်ဖြစ် ကြောင်း သိရသည်။

အသက် (၃၄) နှစ်အရွယ်ရှိ ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီသည် ချယ်လ်ဆီးအသင်း နှင့်အတူ ပွဲပေါင်း ၅၅၀ ကျော်အထိ ပါဝင်ကစားပေးခဲ့သူဖြစ်ပြီး ၎င်း၏ လက်ရှိစာချုပ်သက်တမ်းသည်လည်း ယခုနှစ် ဘောလုံးရာသီကုန်တွင် ကုန်ဆုံးမည် ဖြစ်သောကြောင့် ချယ်လ်ဆီးအသင်းက စာချုပ်သစ် တစ်ရပ် ချုပ်ဆိုလိုက်ခြင်းဖြစ်သည်။

"ဂျွန်တယ်ရီရဲ့ စွမ်းဆောင်ရည်ဟာ ဆက်လက်ပြီး ကောင်းဖို့ရှိပါသေး တယ်။ ဒါ့ကြောင့် စာချုပ်သစ်ချုပ် လိုက်ရတာပါ။ သူဟာ ချယ်လ်ဆီး အသင်းအတွက်တော့ တကယ့် ထိပ်တန်းအဆင့်ရှိတဲ့ နောက်တန်း ကစားသမားတစ်ဦးပါပဲ"ဟု ချယ်လ်ဆီး အသင်းနည်းပြ မော်ရင်ဟိုက ပြောကြားခဲ့သည်။

ဂျွန်တယ်ရီသည် ချယ်လ်ဆီး အသင်းနှင့် စတင်ပွဲထွက်ကစားခဲ့ သည့် ၁၉၉၈ ခုနှစ်မှ စတင်ကာ ချယ်လ်ဆီးအသင်းနှင့်အတူ ချန်ပီယံ လိဂ်၊ ယူရိုပါလိဂ်၊ ပရီမီယာလိဂ်၊ အက်ဖ်အေဖလားနှင့် ကက်ပီတယ် ဝမ်း(ယခင်ကာလင်း) ဖလားများ အပါအဝင် ဆုဖလားစုစုပေါင်း ၁၃ လုံးအထိ ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ **(နိုင်လင်းကြည်)**



# နေမာ၊ အော်စကာနှင့် ဂတ်စတာပိုတို့၏ သွင်းဂိုးများဖြင့် ပြင်သစ်မြေ၌ ဘရာဇီးအသင်းအောင်ပွဲခံ

မတ် ၂၆ရက် ညပိုင်းက နိုင်ငံတကာ လက်ရွေးစင်အသင်း ချစ်ကြည်ရေး ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ရာ ပြင်သစ်အသင်းနှင့် ဘရာဇီးအသင်း တို့၏ ပွဲစဉ်တွင် ဘရာဇီးအသင်းက ပြင်သစ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် အိမ်ရှင်ပြင်သစ် အသင်းသည် ဘင်ဇီမာ၊ မက်တူဒီ၊ ရှနိုက်ဒါလင်၊ ဆစ်ဆိုကို၊ အီဗရာ၊ ဆာခို၊ ဗာရာနီ၊ ဂရစ်ဇ်မန်း စသည့် ကစားသမားများကို ပွဲထုတ်ခဲ့ပြီး ဧည့်သည် ဘရာဇီးအသင်းမှာမူ အော်စကာ၊ နေမာ၊ ဝီလီယံ၊ ဖိလစ်ပီ လူးဝစ်၊ မီရန်ဒါ၊ သီယာဂိုဆေးလ်ဗား၊ ဒန်နီလို စသည့်ကစားသမားများကို ပွဲထွက်ကစားစေခဲ့သည်။



ပြင်သစ်အသင်းသည် ပွဲကစားချိန် ၂၁ မိနစ်တွင် နောက်တန်းကစားသမား ဗာရာနီ၏ သွင်းဂိုးဖြင့် ဦးဆောင် ဂိုးစတင်ရရှိခဲ့သော်လည်း ပထမပိုင်း ပွဲပြီးခါနီး မိနစ် ၄၀ တွင် ဘရာဇီး ကွင်းလယ်ကစားသမား အော်စကာ၏ ချေပဂိုးကို ခွင့်ပြုပေးလိုက်ရခြင်းကြောင့် ပထမပိုင်းပြီးချိန်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ရသည်။

ဒုတိယပိုင်းတွင်မူ ဘရာဇီးအသင်း ၏ အားအထားရဆုံး ကစားသမား တစ်ဦးဖြစ်သည့် တိုက်စစ်မှူး နေမာ သည် ပွဲကစားချိန် ၅၇ မိနစ်တွင် ဘရာဇီးအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့ပြီး ပွဲကစားချိန် ၆၉ မိနစ်တွင် ဂတ်စတာပိုက တတိယ မြောက် သွင်းဂိုးသွင်းယူပေးခဲ့ရာ ဘရာဇီးအသင်း အဝေးကွင်း၌ အိမ်ရှင်ပြင်သစ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အခြားပွဲစဉ်များဖြစ်ကြသည့် ထိုင်း အသင်းနှင့် စင်ကာပူအသင်းတို့၏ ပွဲစဉ်တွင် ထိုင်းအသင်းက စင်ကာပူ အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်း ကောင်း၊ ကာတာအသင်းနှင့် အယ်လ် ဂျီးရီးယားအသင်းတို့၏ ပွဲစဉ်တွင် ကာတာအသင်းက အယ်လ် ဂျီးရီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိ ဖြင့်လည်းကောင်း၊ အီဂျစ်အသင်းနှင့် အီကွေတိုရီယယ် ဂီနီယာအသင်းတို့ ၏ ပွဲစဉ်တွင် အီဂျစ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အိုင် ဗရီကို့စ်အသင်းနှင့် အန်ဂိုလာအသင်း တို့၏ ပွဲစဉ်တွင် အိုင်ဗရီကို့စ်အသင်း က နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ဘာရိန်းအသင်းနှင့် ကိုလံဘီယာ အသင်းတို့၏ ပွဲစဉ်တွင် ကိုလံဘီယာ အသင်းက ဘာရိန်းအသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ အီရန်အသင်းနှင့် ချီလီအသင်းတို့၏ ပွဲစဉ်တွင် အီရန်အသင်းက ချီလီ အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်း ကောင်း အသီးသီးအနိုင်ရရှိခဲ့ကြ သည်။ **(ငွေကြယ်)**



# မြန်မာယူ-၂၀ အသင်း ဆားဘီးယားအသင်းကို ရှုံးနိမ့်

ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲအကြို ပြင်ဆင်မှုအဖြစ် ဆားဘီးယားနိုင်ငံ တွင် လေ့ကျင့်မှုများပြုလုပ်နေသည့် မြန်မာယူ-၂၀ အသင်းသည် မတ် ၂၆ ရက် မြန်မာစံတော်ချိန် ည ၁၁ နာရီခွဲက ဆားဘီးယား ယူ-၂၀ အသင်းနှင့် ခြေစမ်းကစားခဲ့ရာ ခြောက်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာယူ-၂၀ အသင်းသည် မျိုးမင်းလတ်၊ ထိုက်ထိုက်အောင်၊ သီဟ ထက်အောင်၊ နန္ဒကျော်၊ ကျော်မင်းဦး၊ မျိုးကိုထွန်း၊ ရန်နိုင်ဦး၊ ငြိမ်းချမ်းအောင်၊ မောင်မောင်စိုး၊ သန်းပိုင်၊ အောင်သူတို့ဖြင့် နောက်ပိုင်းခြေစမ်းပွဲများတွင် အသုံးပြုနေကျ ၃-၅-၂ ပုံစံဖြင့် ပွဲထွက်လာခဲ့သည်။ မြန်မာအသင်းမှာ ဆား ဘီးယားအသင်းကို ယှဉ်ကစားနိုင်ခြင်းမရှိသလို ဆားဘီးယားအသင်း၏ လျင်မြန်မှုနှင့် တစ်ဦးချင်းထိန်းချုပ်နိုင်ခြင်းမရှိသောကြောင့် ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် လေးဂိုးပေးခဲ့ရခြင်းဖြစ်သည်။

မြန်မာယူ-၂၀ အသင်းနှင့် ဆားဘီးယားယူ-၂၀ အသင်းတို့သည် မတ် ၂၉ ရက်တွင် ထပ်မံခြေစမ်းမည်ဖြစ်သည်။ **(ဖိုးသော်ဇင်)**

# ဝဲလ်ကော့အတွက် မာကိုရှုးစ်အဝင်ဖြစ်ဖို့ ဝင်းဂါးကြိုးပမ်းနေ

အာဆင်နယ်အသင်းက ဝဲလ်ကော့ အား အသင်းနှင့် စာချုပ်သစ် ထပ်မံ ချုပ်ဆိုရန် ကြိုးပမ်းနေရာ ဝဲလ်ကော့ က ၎င်းလိုချင်သော တစ်ပတ်လုပ်ခ ပေါင်တစ်သိန်းအထက် ပေးချေရန် အာဆင်နယ်ဘက်မှ လိုက်လျောခဲ့ခြင်း မရှိခဲ့၍ အသင်းလေ့ကျင့်ရေး အစီ အစဉ်တွင် ဝင်ရောက်ကစားရန် ငြင်း ပယ်ခဲ့သည်။ ထို့ကြောင့် ဝင်းဂါး အနေဖြင့် ဝဲလ်ကော့နေရာတွင် အစားထိုးမည့် ကစားသမားကို ရှာဖွေ ရန် ပစ်မှတ်ထားလာရာ မာကိုရှုးစ်ကို အမ်းစ်မရိတ်ကွင်းသို့ ခေါ်ယူရန် ဆန္ဒ ရှိနေခြင်း ဖြစ်သည်။



ဝင်းဂါးသည် ဝဲလ်ကော့အား စာချုပ်သက်တမ်းတိုးရန် ပြီးခဲ့သည့် ဖေဖော်ဝါရီလကပင် ကြိုးပမ်းခဲ့သော် လည်း အဆင်မပြေခဲ့ဘဲ မတ် ၁၃ ရက်မှသာ စာချုပ်သက်တမ်းတိုးရေး ကိစ္စဆွေးနွေးနိုင်ခဲ့ခြင်းဖြစ်သည်။

ဝင်းဂါးက "သူ့ရဲ့ခြေစွမ်း တိုးတက် လာခဲ့ပြီး လက်ရှိတစ်ပတ်လုပ်ခပေါင် ကိုးသောင်းအထိ ရနေခဲ့တယ်"ဟု ပြောကြားခဲ့သည်။

ဝဲလ်ကော့က "ကျွန်တော်လုပ်ခဲ့ မိတဲ့ အမှားတွေအကြောင်းကို ပြန် မပြောချင်ပါဘူး။ ဒါပေမယ့် စာချုပ် သက်တမ်းတိုးရေးမှာ နည်းပြက အဓိပ္ပာယ်မရှိတာတွေကိုပဲ ကြိုးပမ်း နေခဲ့တယ်။ စာချုပ်ကိစ္စနဲ့ ပတ်သက်ပြီး အခုထိ ပီပီပြင်ပြင် ဆောင်ရွက်နိုင်ခြင်းမရှိ သေးပါဘူး။ အခု ကျွန်တော့် ခေါင်းထဲမှာ စာချုပ်သက်တမ်းတိုးဖို့ထက် ကလပ် အသင်းအတွက် အကောင်းဆုံး ပေးဆပ်ချင်စိတ်ပဲ ရှိပါတယ်"ဟု ဆိုသည်။

အသက် (၂၆) နှစ်အရွယ်ရှိ ၎င်း အင်္ဂလန်ကစားသမားသည် စာချုပ် သစ်တွင် တစ်ပတ်လုပ်ခပေါင် တစ်သိန်းရရှိရန် ဆန္ဒရှိနေသော်လည်း ကွင်းလယ်၌ အိုဇေးလ်၊ ရမ်ဆေး၊ ချိန်ဘာလိန်၊ ဆန်းချက်ဇ်တို့လည်း ရှိနေရာ အာဆင်နယ်က လက်ရှိလစာ လောက်ဖြင့်ပင် သက်တမ်းတိုး လိုနေ သည်။ **(ခင်ခင်သက်)**

# မျိုးဆက်သစ်လူငယ်များအတွက် အဆင့်မြင့်အထူးရေကူးသင်တန်းဖွင့်

**ရန်ကုန် မတ် ၂၇**

မြန်မာ့ရေကူးလက်ရွေးစင် နည်းပြဟောင်းများ၊ မြန်မာနိုင်ငံ ရေကူး လက်ရွေးစင် အားကစားသမားများနှင့် ဝါရင့်သင်တန်းမှူး၊ နည်းပြများက ကိုယ်တိုင်ကြီးကြပ်၍ လက်တွေ့သင်ကြားပေးမည့် မျိုးဆက်သစ်လူငယ်များ အတွက် နွေရာသီအထူးရေကူးသင်တန်း အမှတ်စဉ် (၂/၂၀၁၅) ကို မတ် ၂၉ ရက်မှ ဧပြီ ၃၀ ရက်အထိလည်းကောင်း၊ အမှတ်စဉ် (၃/၂၀၁၅) ကို မေ ၃ ရက်မှ ၂၈ ရက်အထိလည်းကောင်း ဖွင့်လှစ်မည်ဖြစ်သည်။ အဆိုပါ အခြေခံ မျိုးဆက်သစ်ရေကူးသင်တန်းများမှ မြန်မာ့ရေကူးလောကအတွက် ရည်ရွယ်၍ အသက်ငယ်ရွယ်ပြီး အလားအလာရှိသော ရေကူးမျိုးဆက်သစ်နှင့် ဒိုင်ဗင် လက်ရွေးစင် အားကစားသမားများအား ရွေးချယ်ကာ ဆက်လက်၍ အဆင့်မြင့် ရေကူး အားကစားနည်းလေးမျိုးကို ထပ်မံ၍ လက်တွေ့သင်ကြားပို့ချမည် ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် (အမျိုးသားရေကူးကန်) ဦးဝိစာရလမ်း တပ်မတော်ခန်းမအနီး ဖုန်း-၀၁-၃၇၈၅၅၀၊ ၀၁-၃၈၅၉၂၈၊ ၀၉-၂၅၀၇၁၃၇၉ နှင့် ၀၉-၇၉၁၆၄၈၀၅ တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

# ရီးယဲလ်မက်ဒရစ်အသင်း ဇီဒန်းမျိုးဆက်အသင်းဖြစ်လာရန်ရှိ

ရီးယဲလ်မက်ဒရစ်နှင့် ပြင်သစ် ကြယ်ပွင့် ကစားသမားဟောင်း ဇီဒန်းသည် မကြာသေးမီကာလတွင် ရီးယဲလ်မက်ဒရစ် (ခ)အသင်း နည်းပြ အဖြစ် ခန့်အပ်ခံခဲ့ရပြီး ၎င်းကို ရီးယဲလ်မက်ဒရစ်ဥက္ကဋ္ဌ ပီရက်ဇ်က အနာဂတ် ရီးယဲလ်နည်းပြအဖြစ် ခန့်အပ်ရန် ဆန္ဒရှိနေသည်။ ဇီဒန်း သည် နောက်နှစ်ဘောလုံးရာသီတွင် အန်စလော့တီနေရာ၌ အစားထိုးခံရ ရန် အလားအလာများနေရာ ၎င်း၏ သားလေးဦးဖြစ်သော အန်ဇို၊ လူကာ၊ သီယို၊ အဲလီယက်ဇ်တို့သည်လည်း ရီးယဲလ်မက်ဒရစ်၏ နာမည်ကျော် အဖြူရောင်ဂျာစီများကို ဝတ်ဆင်ကာ ဘာနေဗျူးကွင်းအား ဇီဒန်းမျိုးဆက် သစ်များလွှမ်းမိုးလာမည်ကို အနာဂတ် တွင် မြင်တွေ့လာရဖွယ်ရှိသည်။



ဇီဒန်းသည် ဂွါဒီယိုလာ၏ နည်း ဗျူဟာချဉ်းကပ်နည်းများကို အနီးကပ် လေ့လာရန် မြူးနစ်၌ သုံးရက်တာ လာရောက်လေ့လာခဲ့ကြပြီး ၎င်း အနေဖြင့်လည်း အန်စလော့တီ၊ မော်ရင်ဟိုတို့၏ လက်ထောက်နည်းပြ အဖြစ် ဆောင်ရွက်ခဲ့ဖူးသော်လည်း ဂွါဒီယိုလာ၏ နည်းစနစ်များကိုသာ နှစ်သက်သည်ဟု ဆိုထားခဲ့သူဖြစ် သည်။ ကလပ်အသင်းဥက္ကဋ္ဌ ပီရက်ဇ် က ယခင်ရီးယဲလ် ကစားသမား ဟောင်းကို တစ်ချိန်ချိန်တွင် ရီးယဲလ် နည်းပြအဖြစ် ခန့်အပ်ရန် ဆုံးဖြတ် ထားကာ နောက်နှစ်ဘောလုံးရာသီ အတွက် အဆင်သင့်ဖြစ်စေရန် ဇီဒန်းကလည်း ပြင်ဆင်နေခြင်း ဖြစ် သည်။ ၎င်းသည် ဘိုင်ယန်မြူးနစ် လေ့ကျင့်ရေးကွင်းသို့ ဂွါဒီယိုလာ၏ လုပ်ကိုင်ဆောင်ရွက်ပုံများကို လာ ရောက်လေ့လာသည့် သတ္တမမြောက် ပြင်သစ်လူမျိုးနည်းပြ ဖြစ်လာခဲ့ သည်။

ဇီဒန်းသည် ဂွါဒီယိုလာ ၂၀၀၈ က ကဲ့သို့ပင် လူငယ်နည်းပြမှ အသင်းကြီး အားကိုင်တွယ်ခွင့်ရရန် အလားအလာ ရှိနေသည်။ ဇီဒန်းသည် ပြင်သစ် လက်ရွေးစင်အသင်းအား ကိုင်တွယ် ရန် ဆန္ဒရှိနေသော်လည်း ၂၀၁၆ ခုနှစ်နောက်ပိုင်းတွင်မှ ဖြစ်နိုင်ရန် အခြေအနေရှိနေကာ ယင်းကာလ မတိုင်မီ ရီးယဲလ်မက်ဒရစ်အသင်းကို အရင်ကိုင်တွယ်ရဖွယ်ရှိနေသည်။ ဇီဒန်း၏သားအကြီး အန်ဇိုသည် ရီးယဲလ်(ဂ)အသင်း၌ ဖခင်ကဲ့သို့ပင် ကျောနံပါတ်(၁၀) ဝတ်ဆင်ကစား သော ဘောလုံးသမားဖြစ်ပြီး လူကာ မှာမူ လူငယ်ဂိုးသမားအဖြစ် ကစား နေခြင်းဖြစ်သည်။ ဇီဒန်း၏ သား အငယ် နှစ်ယောက်စလုံးမှာ ရီးယဲလ်ကလေးအသင်းမှာပင် ကစား နေပြီး ဇီဒန်းကဲ့သို့ပင် ကွင်းလယ် ကစားသမားအဖြစ် ကစားနေကြခြင်း ဖြစ်သည်။ သို့သော် ဇီဒန်း၏ သား လေးယောက်လုံးမှာ ဖခင်ခြေရာနင်း နိုင်လောက်အောင်ပင် ထူးချွန်သူများ ဖြစ်ရာ ရီးယဲလ်မက်ဒရစ်အသင်းမှာ "ဇီဒန်းမျိုးဆက်" အသင်းဖြစ်လာ မည်လားဟူသော မေးခွန်းများ ထွက်ပေါ်လာခြင်းဖြစ်သည်။

ဇီဒန်းသည် ကွင်းတွင်း၊ ကွင်းပြင်၌ လူအများလေးစားရသည့် ပုဂ္ဂိုလ် ဖြစ်သော်လည်း ယခင်နာမည်ကျော် ဘောလုံး ကစားသမားများဖြစ်သည့် ပီလီနှင့် မာရာဒိုနာတို့မှာ နည်းပြ ဘဝ၌ အောင်မြင်ခြင်းမရှိရာ ဇီဒန်း အနေဖြင့် နည်းပြဘဝကို အောင်မြင် အောင် တည်ဆောက်နိုင်မည်လား ဆိုသည်ကို ပရိသတ်များက စိတ်ဝင် စားနေသည်။ **(မေလဲ့သင်း)**

# ပခုက္ကူ၊ မိုင်းပန်၊ ဖာပွန်၊ ဗန်းမောက်၊ သပိတ်ကျင်း၊ မိုးကုတ်၊ တကောင်း၊ ဆော၊ ဟားခါး၊ ဘီးလင်း၊ လုံးတုံ၊ ပူတာအိုနှင့် နောင်မွန်း ရုပ်သံထပ်လွှင့်စက်ရုံများမှ ဒစ်ဂျစ်တယ်စနစ် (DVB-T2) ဖြင့် စတင်စမ်းသပ်ထုတ်လွှင့်လျက်ရှိ

**(ယမန်နေ့မှအဆက်)**

ဆောစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို ၁၂-၂-၂၀၁၅ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ၁၅-၂-၂၀၁၅ ရက်နေ့တွင် ပြီးစီးခဲ့ပြီး လွှင့်အား 50 W၊ လိုင်းနံပါတ် (E-22)ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို ဆောမြို့ပေါ် ရပ်ကွက် (၂)ရပ် ကွက်မှလည်းကောင်း၊ တောင်ဘက်တွင် သီးကုံး၊ မင်းလယ်ကျေးရွာအထိလည်းကောင်း၊ မြောက်ဘက်တွင် အညာကတင်း ကျေးရွာအထိလည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ပါသည်။

ဟားခါးစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို ၁၆-၂-၂၀၁၅ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ၁၉-၂-၂၀၁၅ ရက်နေ့တွင် ပြီးစီးခဲ့ပြီး လွှင့်အား 300 W၊ လိုင်းနံပါတ် (E-21)ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို အရှေ့ဘက်တွင် ခွါဘဲကျေးရွာအထိလည်းကောင်း၊ တောင်ဘက်တွင် လောက်လုံ၊ ဘွာလ်တပ်ကျေးရွာအထိလည်းကောင်း၊ မြောက်ဘက်တွင် နာရ်လောန်၊ ဟရန်ဟရိန်ကျေးရွာအထိလည်းကောင်း ကောင်းမွန်စွာဖမ်းယူရရှိနိုင်ပါသည်။

ဘီးလင်းစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို ၁၇-၂-၂၀၁၅ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀-၂-၂၀၁၅ ရက်နေ့တွင် ပြီးစီးခဲ့ပြီး လွှင့်အား 1 KW၊ လိုင်းနံပါတ် (E-29)ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို အရှေ့တောင်ဘက်တွင် သထုံမြို့၊ ကျိုက္ကော်၊ နောင်ကုလားကျေးရွာအထိလည်းကောင်း၊ အနောက်မြောက်ဘက်တွင် ကျိုက်ထိုမြို့၊ မုပ္ပလင်၊ အင်္ဂပိုကျေးရွာအထိလည်းကောင်း၊ တောင်ဘက်တွင် နှင်းပုလဲကျေးရွာအထိလည်းကောင်း၊ မြောက်ဘက်တွင် ဘုရားဆိပ်၊ ကျောက်လုံးကြီး၊ နတ်ကြီးကျေးရွာအထိလည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ပါသည်။

လုံးတုံစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို ၁၂-၃-၂၀၁၅ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ၁၇-၃-၂၀၁၅ ရက်နေ့တွင် ပြီးစီးခဲ့ပြီး လွှင့်အား 50 W၊ လိုင်းနံပါတ် (E-21)ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို အရှေ့ဘက်တွင် ဟဲပုကျေးရွာအထိလည်းကောင်း၊ အရှေ့တောင်ဘက် ရွှေလက်ပံကျေးရွာအထိလည်းကောင်း၊ တောင်ဘက် မိုင်းနောင်ကျေးရွာအထိလည်းကောင်း၊ မြောက်ဘက် နန့်မီးလောင်ကျေးရွာအထိလည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ပါသည်။

ပူတာအိုစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို ၁၃-၃-၂၀၁၅ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ၁၈-၃-၂၀၁၅ ရက်နေ့တွင် ပြီးစီးခဲ့ပြီး လွှင့်အား 100 W၊ လိုင်းနံပါတ် (E-21)ဖြင့် ဒစ်ဂျစ်တယ် ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို အရှေ့ဘက်တွင် ဆာခွမ်ဒမ်းကျေးရွာအထိလည်းကောင်း၊ အရှေ့တောင်ဘက်တွင် ဂျူဗလီကျေးရွာအထိလည်းကောင်း၊ တောင်ဘက်တွင် အမှတ်(၁၃၈)တပ်ရင်းအထိလည်းကောင်း၊ မြောက်ဘက်တွင် အထက်ရှန်ဂေါင်ကျေးရွာအထိလည်းကောင်း၊ အနောက်မြောက်ဘက် မန်ပန်ကျေးရွာအထိလည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ပါသည်။

နောင်မွန်းစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို ၁၈-၃-၂၀၁၅ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၃-၃-၂၀၁၅ ရက်နေ့တွင် ပြီးစီးခဲ့ပြီး လွှင့်အား 50 W၊ လိုင်းနံပါတ် (E-22)ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို အရှေ့တောင်ဘက်တွင် ရပ်ကွက် (၄)အထိလည်း ကောင်း၊ တောင်ဘက်တွင် ရပ်ကွက် (၂)အထိလည်းကောင်း၊ မြောက်ဘက်တွင် ကဆန်ခူးကျေးရွာအထိလည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ပါသည်။

တတိယအဆင့် စက်ရုံ ၆၉ ရုံအနက် အထက်ဖော်ပြပါ စက်ရုံ ၁၃ ရုံမှ Digital စနစ် (DVB-T2) ဖြင့် ထုတ်လွှင့်လျက်ရှိပြီး ကျန်ရှိသည့်စက်ရုံများတွင် လွှင့်စက်ပစ္စည်းများ တပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း သတင်း ရရှိပါသည်။

မိဘပြည်သူများအနေဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်လျက်ရှိသော MRTV Digital စနစ် DVB-T2 ဖြင့် ထုတ်လွှင့်သော ရုပ်သံလိုင်းများအား သက်ဆိုင်ရာရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများမှ ဖမ်းယူကြည့်ရှုရာတွင် DVB-T2 Set-top-Box၊ DVB-T2 Tuner ပါ ရုပ်မြင်သံကြားဖမ်းစက်များဖြင့် ဖမ်းယူကြည့်ရှုရမည်ဖြစ်ပါသည်။ Digital ရုပ်မြင်သံကြားလိုင်းများ ဖမ်းယူရာတွင် Antenna ကို စက်ရုံတည်ရှိရာအရပ်သို့ ဦးတည်၍ အမြင့်တစ်နေရာတွင် ခိုင်ခံ့စွာတပ်ဆင်ရပါမည်။ ယင်းနောက် Set-top-Box၊ DVB-T2 Digital TV တို့ရှိ Remote ပါခလုတ်များမှ Menu ကို နှိပ်၍ Installation သို့ သွားရပါမည်။ ယင်းနောက် Channel Search တွင် ဘေးမြားနှိပ်၍ ခေတ္တစောင့်ပါ။ Progress Page တွင် မိမိတို့နေထိုင်ရာ ဒေသတွင်းရှိ အခမဲ့ထုတ်လွှင့်သော DVB-T/T2 Digital ရုပ်သံလိုင်းများ၊ ရေဒီယိုလိုင်းများ ဖမ်းယူရရှိပါမည်။ ယင်းနောက် Exit ခလုတ်ကိုနှိပ်၍ မိမိနှစ်သက်ရာ ရုပ်သံလိုင်းများ ဖမ်းယူရရှိနိုင်မည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

# လုပ်ငန်းများဆောင်ရွက်စဉ် ဓာတ်အားပြတ်တောက်မည်

**ရန်ကုန် မတ် ၂၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ လှိုင်သာယာပင်မဓာတ်အားခွဲရုံတွင် 33 KV, 100MVA Tr; Bank(2) 33 KV Incoming (2) Long Bus AAC 795 MCM Conductor အစား AAC 1000 $mm^2$ ဖြင့် အစားထိုးလဲလှယ်ရန်အတွက် မတ် ၂၈ ရက် ည ၁၀ နာရီမှစတင်၍ မတ် ၂၉ ရက် နံနက် ၅ နာရီအထိ ၇ နာရီကြာ ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းလုပ်ငန်းဆောင်ရွက်ခြင်းကြောင့် လှိုင်သာယာ၊ ဆိပ်ကြီးခနောင်တို၊ ဒလ၊ တွံတေး၊ အေးရွာ၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များတွင် ဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်သည်။

ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်ကင်းဝေးစေရန်၊ ဓာတ်အားစနစ် ပိုမိုစိတ်ချရမှုအတွက် မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့်အတွက် ဓာတ်အားခေတ္တပြတ်တောက်ခြင်းအား သည်းခံပေးကြပါရန်နှင့် ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက် နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပါရန် ပန်ကြားထားကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သိရသည်။

**(ကြေးမုံ)**

# ကျောက်ကြီးမြို့တွင် မိုးရွာ၊ လေပြင်းတိုက် လျှပ်စစ်နှင့် ဖုန်းလိုင်းများပြတ်တောက်

**ကျောက်ကြီး မတ် ၂၇**

တောင်ငူခရိုင် ကျောက်ကြီးမြို့တွင် မတ် ၂၆ ရက် ညနေ ၅နာရီခန့်မှ စတင်၍မိုးရွာပြီး လေပြင်းများ တိုက်ခတ်ခဲ့ရာ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ဖုန်းလိုင်းဆက်သွယ်မှုများ ပြတ်တောက်သွားခဲ့ကြောင်း သိရသည်။ "မိုးရောလေရောက တော်တော်သဲသဲမဲမဲပါပဲ။ အရင်ဆုံး လျှပ်စစ်ဓာတ်အားတွေ ပြတ်တောက်သွားတယ်။ နောက်တော့ ဖုန်းလိုင်းတွေ။ ဖုန်းတွေ ပိတ်ထားရတဲ့အထိ လျှပ်စီးကလက်၊ မိုးကြိုးတွေကပစ်နဲ့။ မနက်လင်းတော့ ဖုန်းလိုင်းတွေက ပြန်ပွင့်ပြီး ဆက်သွယ်လို့ရပါတယ်။ လျှပ်စစ်ကတော့ ဒီမနက်အထိ ပြန်မရသေးပါဘူး" ဟု လျှပ်စစ်သုံးစွဲသူများနှင့် ဖုန်းဆက်သွယ်သုံးစွဲသူများက ပြောသည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ပဲခူးတိုင်းဒေသကြီးတွင် မတ် ၂၄ ရက် ညနေမှ ၇၂ နာရီအတွင်း နေရာကွဲကွဲ မိုးထစ်ချုန်းရွာနိုင်သည်ဟု သတင်းထုတ်ပြန်ပေးခဲ့ပြီး ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်တွင် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမရှိသဖြင့် မတ် ၂၆ ရက်က ကျောက်ကြီးမြို့တွင် ရွာခဲ့သောမိုးရေချိန်လက်မကိုအတိအကျ ဖော်ပြနိုင်ခြင်းမရှိဟု သိရသည်။ **(ကြေးမုံ)**

# ဘိန်းဖြူ ၁ ဒသမ ၅၀၇ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၇**



မောင်ဆန်၊ စံအုန်းနှင့် ကျန်ကွေချင်တို့ သုံးဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ရှမ်းပြည်နယ် ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၅ ရက်က မူးယစ်ဆေးဝါးအရှိန်အဟုန် တိုးမြှင့်ဖမ်းဆီးရမိရေးအတွက် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် လုံခြုံရေးနှင့် ပိတ်ဆို့ရှာဖွေလျက်ရှိသည်။ မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များသည် လားရှိုးမြို့နယ် ဘုံမွန်ကျေးရွာစိုက်ခင်းအနီး မူဆယ်-မန္တလေး ပြည်ထောင်စု ကားလမ်းမပေါ်တွင် မူဆယ်ဘက်မှ လားရှိုးဘက်သို့ စံအုန်းမောင်းနှင်ပြီး မောင်ဆန်လိုက်ပါလာသည့် ဆိုင်ကယ်အားရှာဖွေရာ မောင်ဆန်လွယ်ထားသည့် အိတ်အတွင်းရှိ ဓာတ်ဘူးအတွင်းမှ တစ်ခွက်လျှင်ဘိန်းဖြူ ဆပ်ပြာခွက် ခုနစ်ခွက် (သုည ဒသမ ဝ၉၁ ကီလို) နှင့် ပလတ်စတစ်ကပ်ခွာအိတ်ဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ဘုံမွန်စိုက်ခင်းအနီး မူဆယ်-မန္တလေး ပြည်ထောင်စု ကားလမ်းမပေါ်တွင် ကွတ်ခိုင်ဘက်မှ လားရှိုးဘက်သို့ ကျန်ကွေချင်မောင်းနှင်လာသည့် ယာဉ်အမှတ် ၉ယ/.... TOYOTA EXTRA 4WD ယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ်မောင်းခန်း နောက်ဘက်ရှိ အခန်းပို၏ ဝဲ/ယာအံဝှက်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၁၁၈ ခွက် (၁ ဒသမ ၄၁၆ ကီလို) သိမ်းဆည်းရမိသဖြင့် မောင်ဆန် (၅၀)နှစ်၊ စံအုန်း (၃၅)နှစ်နှင့် ကျန်ကွေချင် (၃၄) နှစ်တို့ သုံးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

အလားတူ မတ် ၂၄ ရက်က မိုင်းရယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းရယ်မြို့အဝင် တောင်ဘက်ဂိတ်တွင် ကျေးသီးဘက်မှ မိုင်းရယ်ဘက်သို့ အိုက်ကျော်မောင်းနှင်ပြီး လုံးယုံး လိုက်ပါလာသည့် ယာဉ်အမှတ် ၉ဂ/.... CRV အနက်ရောင် ယာဉ်ကို ရှာဖွေရာ ယာဉ်နောက်ခန်း အပိုဘီးထည့်သည့် အံဝှက်အတွင်းရှိ လွယ်အိတ်အတွင်းမှ ပလတ်စတစ်ကပ်ခွာအိတ်များဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၉၉၀၀ သိမ်းဆည်းရမိသဖြင့် အိုက်ကျော် (၄၅)နှစ်နှင့် လုံးယုံး (၄၃)တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

ထို့အပြင် မတ် ၂၄ ရက်က ဟိုပုံးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဟိုပုံးမြို့နယ် စငေါ်ကျေးရွာ အုပ်စု၊ ဟိုတိကျေးရွာအနောက်ဘက် ဝါးရုံတောသို့ ဝင်ရောက်ရှာဖွေရာ ယာဉ်အမှတ် ၂ဂ/... CALDINA အမျိုးအစား ယာဉ်နှင့်အတူ တအိုးအားရှာဖွေရာ လွယ်အိတ်အတွင်းမှ ပလတ်စတစ်ဘူးဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၅၉ ပြား၊ ပလတ်စတစ်ကပ်ခွာ အိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၂၉၉ ပြား စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၃၈၅ ပြား သိမ်းဆည်းရမိသဖြင့် တအိုး(၄၅)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း မူးယစ်ဗဟိုမှ သိရသည်။ **(ကြေးမုံ)**

# ရမည်းသင်းမြို့တွင် ကျေးလက်အဆင့်မြင့်ဈေး တိုးချဲ့ဖွင့်လှစ်

**ရမည်းသင်း မတ် ၂၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရွာတန်းကျေးရွာတွင် ဈေးသူဈေးသားများ ကိုယ့်အားကိုယ်ကိုး ကျေးလက်အဆင့်မြင့်ဈေးဆိုင်ခန်းများ တိုးချဲ့ဆောက်လုပ်ပြီးဖြစ်သည့်အတွက် မတ် ၂၇ ရက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ဖွင့်ပွဲအခမ်းအနားကျင်းပကြောင်း သိရသည်။

ရွာတန်းကျေးရွာဈေးမြေဧရိယာအကျယ်မှာ လေးဧကရှိပြီး ယခင်ဈေးဆိုင်ခန်းဟောင်း ၂၈၂ ခန်းရှိရာ ယခု ရှစ်ပေပတ်လည် တစ်ထပ်သွပ်မိုးနံကပ်တိုက်ခန်း ၈၃ ခန်း အသစ်ထပ်မံတိုးချဲ့ဆောက်လုပ်၍ တစ်ခန်း ၁၅ သိန်းကျပ် ကိုယ့်အားကိုယ်ကိုး အကုန်အကျခံဆောက်လုပ်ပြီး ဈေးဖွံ့ဖြိုးရေးရန်ပုံငွေ တစ်ခန်းနှစ်သိန်းကျပ် ထည့်ဝင်စုဆောင်း၍ ဈေးခေါင်းရုံ၊ ဈေးဝင်းတံခါး၊ ရေလောင်းအိမ်သာ၊ ဈေးပတ်လည်ရေမြောင်းများ၊ ဈေးမီးဘေးလုံခြုံရေးပစ္စည်းများကို စုဆောင်းရရှိငွေ ၁၆၂ သိန်းမှ မြန်မာ့ရှေ့ဆောင်ဘဏ်တွင် အပ်နှံ၍ ဈေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စနစ်တကျ ခွဲဝေသုံးစွဲခဲ့ကြောင်း ဈေးအကျိုးတော်ဆောင်ကော်မတီဥက္ကဌ ဦးမင်းလွင်ထံမှ သိရသည်။

**တင်ဦး(ရမည်းသင်း)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၈-၃-၂၀၁၅ (စနေနေ့)

| | |
|---|---|
| ၅:၀၀ | ပဋ္ဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ် |
| ၅:၂၀ | MRTV-4 သတင်း |
| ၆:၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့မေတ္တာ" (အပိုင်း-၆၄) |
| ၉:၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၂၁) |
| ၁၀:၀၀ | ခေတ်သစ်ပျို့မေ |
| ၁၀:၅၅ | Star တို့ရဲ့လက်ရာ |
| ၁၁:၃၀ | MRTV-4 Stage |
| ၁၂:၁၅ | Healthy Life (Health Tip) |
| ၂:၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [ဖြူစင်ခြင်းအားမာန် (အပိုင်း-၁)] |
| ၃:၅၀ | Fashion Week (Designer Thet Hnin Aye) |
| ၇:၀၀ | စောဘွဲ့မှူးသုခုမအိပ်မက်များ (LIVE) |
| ၂:၁၅ | European Qualifiers Netherlands Vs Turkey(LIVE) |

# ၂၀၁၄ – ၂၀၁၅ ပညာသင်နှစ် အခြေခံပညာအဆင့်ဘက်စုံပညာထူးချွန်ရွေးချယ်ခံရသူများ၏အမည်စာရင်း

နေပြည်တော် မတ် ၂၈

**၂၀၁၄-၂၀၁၅ ပညာသင်နှစ် အခြေခံပညာအဆင့် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းတို့အတွက် အမှတ်(၁)၊ (၂)၊ (၃) အခြေခံပညာဦးစီးဌာနများအောက်ရှိ အခြေခံပညာကျောင်းများမှ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ခရိုင်အလိုက် ဘက်စုံထူးချွန်ရွေးချယ်ခံရသူများ၏ အမည်စာရင်းကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-**

**(ယမန်နေ့မှအဆက်)**

အမှတ်(၂)အခြေခံပညာဦးစီးဌာန
၂၀၁၄-၂၀၁၅ ပညာသင်နှစ်
ခရိုင်အလိုက်ရွေးချယ်ထားသည့်ဘက်စုံပညာထူးချွန်ကျောင်းသား၊ကျောင်းသူများဦးရေစာရင်း
(အဋ္ဌမတန်း)

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်ရဲမာန်အောင် | အထက(ခွဲ)-လ(၃) | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မောင်ချစ်ဦး | အထက-ဆဒုံး | ဝိုင်းမော် | မြစ်ကြီးနား |
| ၃ | မအိသန္တာကျော် | အထက(ခွဲ)-လ(၃) | မြစ်ကြီးနား | မြစ်ကြီးနား |
| ၄ | မဆွတ်ရိန်ခေါန်ဆန့် | အထက(၁) | ဝိုင်းမော် | မြစ်ကြီးနား |
| ၅ | မောင်ကြည်ငြိမ်းသန့် | အထက(၁) | မိုးညှင်း | မိုးညှင်း |
| ၆ | မထူးနဒီငြိမ်း | အထက-ဟိုပင် | မိုးညှင်း | မိုးညှင်း |
| ၇ | မောင်စည်သူစိုး | အထက(၁) | ဗန်းမော် | ဗန်းမော် |
| ၈ | မအေးနန္ဒာကျော် | အထက-ဘိုကုန်း | ရွှေကူ | ဗန်းမော် |
| ၉ | မောင်ဆရက်ဂဟမ်စိန် | အထက-ပူတာအို | ပူတာအို | ပူတာအို |
| ၁၀ | မအဲလစ်ဇဘက် | အထက(ခွဲ)၊မူလရှီးဒီ | ပူတာအို | ပူတာအို |
| ၁၁ | မပစ်တိုးရီးယားအူးမာ | အထက-ဒေါင်ခါး | လွိုင်ကော် | လွိုင်ကော် |
| ၁၂ | မောင်ပိုင်ဟန်ကျော် | အထက(ခွဲ)၊လ-၁ | လွိုင်ကော် | လွိုင်ကော် |
| ၁၃ | မနော်ရှုသဖွေးဖွေးဥ | အထက-မော်ချီး | ဖားဆောင်း | ဘောလခဲ |
| ၁၄ | မောင်ဟိန်းစိုး | အထက-မယ်စဲ့ | မယ်စဲ့ | ဘောလခဲ |
| ၁၅ | မောင်ဗန်ထာမှုန် | အလက-မြို့ဟောင်း | ဟားခါး | ဟားခါး |
| ၁၆ | မဂလော်ရီယာပါရ်သင်းဆုန် | အထက(၁)၊ဟားခါး | ဟားခါး | ဟားခါး |
| ၁၇ | မောင်ထောင်ရှင်းပြောင် | အထက(၁)၊တီးတိန် | တီးတိန် | ဖလမ်း |
| ၁၈ | မကျောင်းရှန်းနဲမ်း | အလက(ခွဲ)၊တီးတိန် | တီးတိန် | ဖလမ်း |
| ၁၉ | မောင်ထန်းဟုန်း | အထက(၁)၊မင်းတပ် | မင်းတပ် | မင်းတပ် |
| ၂၀ | မပန်းအိဇင် | အထက(၁)၊မင်းတပ် | မင်းတပ် | မင်းတပ် |
| ၂၁ | မောင်အောင်ကျော်ဗိုလ် | အထက(၁)၊စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၂၂ | မနှင်းနုနုဝေ | အထက(၁)၊စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၂၃ | မောင်ကောင်းထက်ဇော် | အထက(၁)၊ရွှေဘို | ရွှေဘို | ရွှေဘို |
| ၂၄ | မောင်နေမင်းကိုကို | အထက၊ရှိမ္မကား | ဝက်လက် | ရွှေဘို |
| ၂၅ | မဝင်းဖြူဖြူပြည့် | အထက(၃)၊ရွှေဘို | ရွှေဘို | ရွှေဘို |
| ၂၆ | မအေးမြစိုး | အထက(၁)၊ရေဦး | ရေဦး | ရွှေဘို |
| ၂၇ | မောင်ဖြိုးမင်းဝေ | အထက၊ကျားတက် | ဆားလင်းကြီး | မုံရွာ |
| ၂၈ | မောင်အာကာမိုးသူ | ကပက(မိုးဦးပန်း) | မုံရွာ | မုံရွာ |
| ၂၉ | မမြကြည်ဖြူ | အထက(၁)၊မုံရွာ | မုံရွာ | မုံရွာ |
| ၃၀ | မချစ်စုဝင်း | အထက-ကနီ | ကနီ | မုံရွာ |
| ၃၁ | မောင်အံ့မော်ဦး | အထက-ဂျီးတောင် | ဝန်းသို | ကသာ |
| ၃၂ | မောင်ကျော်မျိုးလွင် | အလက(ခွဲ)၊ဂျုံးဂျုံးကျ | အင်းတော် | ကသာ |
| ၃၃ | မနှင်းထက်ထက် | အထက(ခွဲ)၊ကောလင်း | ကောလင်း | ကသာ |
| ၃၄ | မမြတ်နိုးမွန်မွန် | အထက-အင်းတော် | အင်းတော် | ကသာ |
| ၃၅ | မရွှန်းလဲ့လဲ့မွန် | အထက-ကလေးဝ | ကလေးဝ | ကလေး |
| ၃၆ | မောင်ဇင်ဝင်းထွန်း | အထက-ကလေးဝ | ကလေးဝ | ကလေး |
| ၃၇ | မောင်စည်သူထွန်း | အထက(၂)၊ဟုမ္မလင်း | ဟုမ္မလင်း | ခန္တီး |
| ၃၈ | မောင်သင့်မြတ်ဇော်ဝင်း | အထက-မင်းယား | ဖောင်းပြင် | ခန္တီး |
| ၃၉ | မဇွန်ပွင့်အောင် | အထက-ခန္တီး | ခန္တီး | ခန္တီး |
| ၄၀ | မအေးချမ်းမြေ့ | အထက(၂)၊ဟုမ္မလင်း | ဟုမ္မလင်း | ခန္တီး |
| ၄၁ | မောင်ဟိန်းသန်းဦး | အထက(၃) | ချောက် | မကွေး |
| ၄၂ | မောင်ရဲသွေးအောင် | အထက(၂) | တောင်တွင်းကြီး | မကွေး |
| ၄၃ | မအေးချမ်းဦး | အထက(၁) | နတ်မောက် | မကွေး |
| ၄၄ | မအိမ့်ချစ်ဇော် | အလက(ခွဲ)၊ကန်သာ | မကွေး | မကွေး |
| ၄၅ | မောင်ထွဋ်ပြည့်စုံ | အထက(၂)၊မင်းဘူး | မင်းဘူး | မင်းဘူး |
| ၄၆ | မတိုးနန္ဒာအောင် | အထက၊ပွင့်ဖြူ | ပွင့်ဖြူ | မင်းဘူး |
| ၄၇ | မောင်သော်ဇင်မြတ် | အထက-ဆိပ်ဖြူ | ဆိပ်ဖြူ | ပခုက္ကူ |
| ၄၈ | မနန္ဒာခိုင် | အထက(၅)၊ပခုက္ကူ | ပခုက္ကူ | ပခုက္ကူ |
| ၄၉ | မောင်ဟိန်းဇင်အောင် | အထက-ရှုံးရှီ | ဂန့်ဂေါ | ဂန့်ဂေါ |
| ၅၀ | မဆုလတ်ဝေ | အထက-ဆော | ဆော | ဂန့်ဂေါ |
| ၅၁ | မောင်သုတအောင် | အထက-ရွာထောင် | အောင်လံ | သရက် |
| ၅၂ | မောင်အောင်ကိုကို | အထက(ခွဲ)၊လ-၁ | သရက် | သရက် |
| ၅၃ | မထက်ဝေဝေဦး | အထက-မင်းလှ | မင်းလှ | သရက် |
| ၅၄ | မရွှေရည်ဖူးပွင့်အောင် | အထက-ဆင်ပေါင်ဝဲ | ဆင်ပေါင်ဝဲ | သရက် |
| ၅၅ | မောင်စိုင်းသူအောင် | အလက(၆) | အောင်မြေသာစံ | မန္တလေး |
| ၅၆ | မောင်ဇွဲသက်ကို | အထက-အမရပူရ | အမရပူရ | မန္တလေး |
| ၅၇ | မမြတ်ဖြိုးသဥ္ဇာ | အထက(၄) | အောင်မြေသာစံ | မန္တလေး |
| ၅၈ | မခင်လှဝန်းပီတိ | ကပက(စံဟိန်း) | မဟာအောင်မြေ | မန္တလေး |
| ၅၉ | မောင်ကျော်စွာ | ကပက(စာပန်းအိမ်) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၆၀ | မအိမ့်မှူးသွင် | ကပက(စာပန်းအိမ်) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၆၁ | မောင်အောင်အာကာ | အထက-ကူမဲ | မြစ်သား | ကျောက်ဆည် |
| ၆၂ | မဆက်ဆက်ညိမ်း | အထက(ခွဲ)၊မြို့မ | မြစ်သား | ကျောက်ဆည် |
| ၆၃ | မောင်ဇေယျာလင်း | အထက(၁) | မြင်းခြံ | မြင်းခြံ |
| ၆၄ | မဆုသဥ္ဇာဦး | အထက-ဝဲလောင် | တောင်သာ | မြင်းခြံ |
| ၆၅ | မောင်စံသာထွဋ် | အထက-မြို့ရှေ့ | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၆၆ | မဖြူသန့်ချို | အထက-ညောင်ဦး | ညောင်ဦး | ညောင်ဦး |
| ၆၇ | မောင်ကောင်းမြတ်စံ | အထက(၁) | မိတ္ထီလာ | မိတ္ထီလာ |
| ၆၈ | မအိမ့်ချမ်းမြေ့ | လ-လေ့ကျင့်ရေး | မိတ္ထီလာ | မိတ္ထီလာ |
| ၆၉ | မောင်စစ်နိုင်ထွန်း | အထက-ပျော်ဘွယ် | ပျော်ဘွယ် | ရမည်းသင်း |
| ၇၀ | မသက်ထားစံ | အထက-ပန်းစုံ | ပျော်ဘွယ် | ရမည်းသင်း |
| ၇၁ | မောင်ဟိန်းသန့်ဆွေ | အထက(၅) | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၇၂ | မဟေမာန်ဆောင်း | အထက(ခွဲ)၊လ-၁ | ပျဉ်းမနား | ဒက္ခိဏ |
| ၇၃ | မောင်ဖြိုးဝေအောင် | အထက-ကျည်တောင်ကန် | ပုဗ္ဗသီရိ | ဥတ္တရသီရိ |
| ၇၄ | မငွေခြူးကေဇင် | ကပက-CAE | ဥတ္တရ | ဥတ္တရသီရိ |
| ၇၅ | စိုင်းဆိုင်ဟန်ဦး | အထက(၄) | တောင်ကြီး | တောင်ကြီး |
| ၇၆ | မောင်ကောင်းဇင်ဗိုလ် | အထက(ခွဲ)၊လ-၂ | ညောင်ရွှေ | တောင်ကြီး |
| ၇၇ | မဖြိုးစုဟန် | အထက(၁) | တောင်ကြီး | တောင်ကြီး |
| ၇၈ | မဆုစန္ဒီအောင် | အထက(၂) | ကလော | တောင်ကြီး |
| ၇၉ | မထွန်းအိန္ဒြာဇင် | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၈၀ | မောင်အောင်ဝင်းထွန်း | အထက(၁)၊လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၈၁ | မဆောင်လျှန်းမို | အထက-ကွန်ဟိန်း | ကွန်ဟိန်း | လွိုင်လင် |
| ၈၂ | မောင်စိုင်းကောင်းခန့်ကျော် | အထက-မြို့မ | နမ့်စန် | လွိုင်လင် |
| ၈၃ | စိုင်းစံရွက်ဆိုင် | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၈၄ | မသိမ့်ရတနာတိုး | အထက-မိုးနဲ | မိုးနဲ | လင်းခေး |
| ၈၅ | မောင်မျိုးသန့်စင် | အထက(၅)၊လားရှိုး | လားရှိုး | လားရှိုး |
| ၈၆ | စိုင်းဝေဖြိုးအောင် | အထက-ဟိုပန် | ဟိုပန် | လားရှိုး |
| ၈၇ | မနှင်းဝင့်မွန် | ကပက-နေခြည် | လားရှိုး | လားရှိုး |
| ၈၈ | မဇင်မာသိမ့် | အထက(ခွဲ)၊စယ်အူ | သိန်းနီ | လားရှိုး |
| ၈၉ | မောင်ဇင်မျိုးထက် | အထက-မန်ကျည်းပင် | မိုးမိတ် | ကျောက်မဲ |
| ၉၀ | မောင်ကြည်သာလင်း | အထက(၁)၊ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ |
| ၉၁ | မဖြိုးအိစံ | အထက(ခွဲ)၊လ-မိုးမိတ် | မိုးမိတ် | ကျောက်မဲ |
| ၉၂ | မဒီဒီဝိုင်းရတနာ | အထက(၁)၊နမ့်ဆန် | နမ့်ဆန် | ကျောက်မဲ |
| ၉၃ | မောင်အောင်ဇင် | အထက(၂)၊မူဆယ် | မူဆယ် | မူဆယ် |
| ၉၄ | မနန်းနွမ်ခမ်း | ကပက(ကျေးဇူးကမ္ဘာ) | မူဆယ် | မူဆယ် |
| ၉၅ | မောင်ဝင်းထွဋ်လင်း | အထက(၅) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၉၆ | မနန်းယွန်းကလျာ | အထက(၂) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၉၇ | မောင်ကောင်းခန့်ကျော် | အလက-ပုန်းထွန် | တာချီလိတ် | မိုင်းဖြတ် |
| ၉၈ | မောင်သန့်လွင်စံ | အထက-မိုင်းတုံ | မိုင်းတုံ | မိုင်းဖြတ် |
| ၉၉ | မစံရတနာကျော် | အထက-မိုင်းဖြတ် | မိုင်းဖြတ် | မိုင်းဖြတ် |
| ၁၀၀ | မခင်မင်းထက် | အထက-တာချီလိတ် | တာချီလိတ် | မိုင်းဖြတ် |

**စာမျက်နှာ ၁၆ သို့**

စာမျက်နှာ ၁၅ မှ

အမှတ်(၂)အခြေခံပညာဦးစီးဌာန
၂၀၁၄-၂၀၁၅ ပညာသင်နှစ်
ခရိုင်အလိုက်ရွေးချယ်ထားသည့်ဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူများဦးရေစာရင်း
(နဝမတန်း)

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်အောင်ပြည့်ကျော် | အထက(၃) | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မောင်ရဲအောင်ဇော် | အထက-တနိုင်း | တနိုင်း | မြစ်ကြီးနား |
| ၃ | မမေမြတ်မိုး | အထက(၃) | မြစ်ကြီးနား | မြစ်ကြီးနား |
| ၄ | မဝေါ်မီး | အထက(၁) | ဝိုင်းမော် | မြစ်ကြီးနား |
| ၅ | မောင်လင်းဝေယံ | အထက-နမ္မတီး | မိုးကောင်း | မိုးညှင်း |
| ၆ | မမြရုံချယ် | အထက(၁) | မိုးကောင်း | မိုးညှင်း |
| ၇ | မောင်ဟန်ဝင်းအောင် | အထက(၁) | ဗန်းမော် | ဗန်းမော် |
| ၈ | မမြတ်နိုးဇင်မင်း | အထက(၂) | ရွှေကူ | ဗန်းမော် |
| ၉ | မောင်မဘုဖုန် | အထက-ဒုတ္တန် | ပူတာအို | ပူတာအို |
| ၁၀ | မဖုန်ရိခေါ်ရမ် | အထက-ပူတာအို | ပူတာအို | ပူတာအို |
| ၁၁ | မောင်ပြည့်ဖြိုး | အထက(၁) | လွိုင်ကော် | လွိုင်ကော် |
| ၁၂ | မအိအိခိုင်စိုး | အထက(ခွဲ)၊လ-၁ | လွိုင်ကော် | လွိုင်ကော် |
| ၁၃ | မောင်ထက်လှိုင်ထွန်း | အထက-ဖားဆောင်း | ဖားဆောင်း | ဘောလခဲ |
| ၁၄ | မကျော့စန္ဒာနိုင်အောင် | အထက-ဘောလခဲ | ဘောလခဲ | ဘောလခဲ |
| ၁၅ | မောင်ကျုံးလျှန်ထန် | အထက(၁) | ဟားခါး | ဟားခါး |
| ၁၆ | မနန်းသူဇာလှိုင် | အထက(၃) | ဟားခါး | ဟားခါး |
| ၁၇ | မောင်နန်လျှန်စိန် | အထက(၁)၊ တီးတိန် | တီးတိန် | ဖလမ်း |
| ၁၈ | မကျိန်ရှင်းဟွဲ | အထက(၁)၊ တီးတိန် | တီးတိန် | ဖလမ်း |
| ၁၉ | မောင်ဟာရှိန်းကီး | အထက-ကန်ပက်လက် | ကန်ပက်လက် | မင်းတပ် |
| ၂၀ | မလီမနား | အထက-ကန်ပက်လက် | ကန်ပက်လက် | မင်းတပ် |
| ၂၁ | မောင်အောင်ချမ်းမြေ့ | အထက(၁)၊စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၂၂ | မဆုရတီစိုး | အထက(၁)၊ စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၂၃ | မောင်စိုးသီဟလင်း | အထက(၃)၊ ရွှေဘို | ရွှေဘို | ရွှေဘို |
| ၂၄ | မောင်ဉက္ကာဆွေတင့် | အထက(၂)၊ ရေဦး | ရေဦး | ရွှေဘို |
| ၂၅ | မချမ်းမြေ့ကြည် | အထက(၃)၊ ရွှေဘို | ရွှေဘို | ရွှေဘို |
| ၂၆ | မမေသန့်စင်အောင် | ကပက(စံတော်ဝင်) | ဝက်လက် | ရွှေဘို |
| ၂၇ | မောင်ဘုန်းမိုးခန့် | ကပက(ပါရမီ) | မုံရွာ | မုံရွာ |
| ၂၈ | မောင်ထက်ဝေကျော် | အထက-လက်တောင်းကြီး | ပုလဲ | မုံရွာ |
| ၂၉ | မဖြိုးသဥ္ဇာထက် | ကပက(ပါရမီ) | မုံရွာ | မုံရွာ |
| ၃၀ | မလှိုင်ရတနာထွန်း | အထက-ချောင်းဦး | ချောင်းဦး | မုံရွာ |
| ၃၁ | မောင်ဝေယံဦး | အထက-မော်လူး | အင်းတော် | ကသာ |
| ၃၂ | မောင်ထက်နိုင်အောင် | အထက-ကောလင်း | ကောလင်း | ကသာ |
| ၃၃ | မမွန်မွန်သိမ့်ကျော် | အထက-ထီးချိုင့် | ထီးချိုင့် | ကသာ |
| ၃၄ | မအိန္ဒြာကျော် | အထက-ဝန်းသို | ဝန်းသို | ကသာ |
| ၃၅ | မဇင်မာအောင် | အထက(၁)၊ ကလေး | ကလေး | ကလေး |
| ၃၆ | မောင်ကောင်းမြတ်အောင် | အထက(၁)၊ကလေး | ကလေး | ကလေး |
| ၃၇ | မောင်အောင်ရွှေ | အထက-နန်တော | ဟုမ္မလင်း | ခန္တီး |
| ၃၈ | မောင်ကောင်းသက်ခန့် | အထက-မော်လိုက် | မော်လိုက် | ခန္တီး |
| ၃၉ | မအိကြည်ဖြူမင်း | အထက(၁)ဟုမ္မလင်း | ဟုမ္မလင်း | ခန္တီး |
| ၄၀ | မသက်စုမျှ | အထက-မော်လိုက် | မော်လိုက် | ခန္တီး |
| ၄၁ | မောင်စိန်မင်းခန့်ဦး | အထက(၁)၊ရေနံချောင်း | ရေနံချောင်း | မကွေး |
| ၄၂ | မောင်ရန်မင်းအောင် | အထက(၁)၊တောင်တွင်းကြီး | တောင်တွင်းကြီး | မကွေး |
| ၄၃ | မရွှေယမင်းဦး | အထက(၁)၊တောင်တွင်းကြီး | တောင်တွင်းကြီး | မကွေး |
| ၄၄ | မထူးလဲ့မွန်အောင် | အထက(၄)၊မကွေး | မကွေး | မကွေး |
| ၄၅ | မောင်မင်းသူကို | အထက-စကု | မင်းဘူး | မင်းဘူး |
| ၄၆ | မခိုင်ဝတ်ရည်သော် | အထက-လယ်ကိုင်း | ပွင့်ဖြူ | မင်းဘူး |
| ၄၇ | မောင်ကောင်းမြတ်ခန့် | အထက(၅)၊ပခုက္ကူ | ပခုက္ကူ | ပခုက္ကူ |
| ၄၈ | မဆုသဥ္ဇာလှိုင် | အထက-ရေစကြို | ပခုက္ကူ | ပခုက္ကူ |
| ၄၉ | မောင်မျိုးနိုင်ထွန်း | အထက-ကျော | ဂန့်ဂေါ | ဂန့်ဂေါ |
| ၅၀ | မရှင်းကျော့မှူး | အထက(ခွဲ)၊မြို့မ | ဂန့်ဂေါ | ဂန့်ဂေါ |
| ၅၁ | မောင်ခန့်ပြည့်စုံ | အထက-မင်းလှ | မင်းလှ | သရက် |
| ၅၂ | မောင်ဇင်လင်းနိုင် | အထက-ကျော်စွာ | အောင်လံ | သရက် |
| ၅၃ | မဝါဝါဝင်း | အထက-ပြလို့ | အောင်လံ | သရက် |
| ၅၄ | မခင်ကောင်းပြည့် | အထက(၁)၊ သရက် | သရက် | သရက် |
| ၅၅ | မောင်ကျော်ထက်ခိုင် | ကပက-CAE | ချမ်းအေးသာစံ | မန္တလေး |
| ၅၆ | မောင်စည်သူမင်းခန့် | အထက(၁) | အောင်မြေသာစံ | မန္တလေး |
| ၅၇ | မဖူးပွင့်အောင် | ကပက(စံဟိန်း) | မဟာအောင်မြေ | မန္တလေး |
| ၅၈ | မခင်ထက်ထက်စိမ်း | ကပက-ဆု | ချမ်းအေးသာစံ | မန္တလေး |
| ၅၉ | မောင်စွမ်းပြည့်ဘုန်းနိုင် | ကပက-စိုးစံ | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၆၀ | မယဉ်မင်းကျော် | ကပက-စာပန်းအိမ် | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၆၁ | မောင်ဇင်မင်းခန့် | အထက-ချောင်းခွ | တံတားဦး | ကျောက်ဆည် |
| ၆၂ | မဝင့်လွှာဖြူ | အထက-မြစ်သား | မြစ်သား | ကျောက်ဆည် |
| ၆၃ | မောင်ရှိုင်းမော်အံ့ | အထက-၁ | မြင်းခြံ | မြင်းခြံ |
| ၆၄ | မဝင်းဝင်းအိ | အထက-၁ | မြင်းခြံ | မြင်းခြံ |
| ၆၅ | မောင်ကောင်းဆက် | အထက-ညောင်ဦး | ညောင်ဦး | ညောင်ဦး |
| ၆၆ | မအေးသီခိုင် | အထက-၂ | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၆၇ | မောင်ဘုန်းမြတ်ငြိမ်း | အထက-၁ | မိတ္ထီလာ | မိတ္ထီလာ |
| ၆၈ | မခိုင်ချင်းချင်းစိုး | အထက-၁ | မိတ္ထီလာ | မိတ္ထီလာ |
| ၆၉ | မောင်ဟိန်းမင်းအောင် | အထက-ရမည်းသင်း | ရမည်းသင်း | ရမည်းသင်း |
| ၇၀ | မအိဖြူဖြူသန့် | အထက-ပျော်ဘွယ် | ပျော်ဘွယ် | ရမည်းသင်း |
| ၇၁ | မောင်အာကာကျော်ဘိုဘို | အထက(၁) | ပျဉ်းမနား | ဒက္ခိဏ |
| ၇၂ | မမေမီမျိုး | အထက(၁၀) | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၇၃ | မောင်အောင်ကျော်ကျော် | ကပက-CAE | ဥတ္တရသီရိ | ဥတ္တရသီရိ |
| ၇၄ | မအိဇင်မျိုး | ကပက-CAE | ဥတ္တရသီရိ | ဥတ္တရသီရိ |
| ၇၅ | မောင်နေနော်ဦး | အထက(၁)၊ တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၇၆ | မောင်အောင်ခိုင်ဖြိုး | အထက(ခွဲ)၊ လ-၂၊ ညောင်ရွှေ | ညောင်ရွှေ | တောင်ကြီး |
| ၇၇ | မမွန်မွန်ကျော်စွာ | အထက(၄)၊ တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၇၈ | မဆုမြတ်နန္ဒာစိုး | အထက(၂)၊ ကလော | ကလော | တောင်ကြီး |
| ၇၉ | မအိသဥ္ဇာဦး | အထက(ခွဲ)၊ လ-၂ | လွိုင်လင် | လွိုင်လင် |
| ၈၀ | မောင်ကောင်းဆက်ပိုင် | အထက-နမ့်စန် | နမ့်စန် | လွိုင်လင် |
| ၈၁ | စိုင်းပန့်နော်ဆိုင် | အထက(ခွဲ)၊ လ-၂ | လွိုင်လင် | လွိုင်လင် |
| ၈၂ | မအေးမြတ်မေ | အထက-ဝမ်ကန် | မိုင်းရှူး | လွိုင်လင် |
| ၈၃ | နန်းဟန်လင်း | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၈၄ | မောင်ပြည့်ဖြိုးကျော် | အထက-မိုးနဲ | မိုးနဲ | လင်းခေး |
| ၈၅ | မောင်စောထူးစေး | အထက(၁)၊ လားရှိုး | လားရှိုး | လားရှိုး |
| ၈၆ | စိုင်းရွှေထူး | အထက(ခွဲ)၊ နမ့်စလပ် | သိန်းနီ | လားရှိုး |
| ၈၇ | နော်ဇွန်ပွင့်ဦး | အထက(ခွဲ)၊ လ(၅) | လားရှိုး | လားရှိုး |
| ၈၈ | မအိဟောမ် | အထက-ဟိုပန် | ဟိုပန် | လားရှိုး |
| ၈၉ | မောင်လွင်ကိုအောင် | အထက-ကံကြီး | နောင်ချို | ကျောက်မဲ |
| ၉၀ | မောင်လင်းထက်အောင် | အထက(ခွဲ)၊ လ(၂) | သီပေါ | ကျောက်မဲ |
| ၉၁ | မနန်းစောသိင်္ဂီပျိုးထက် | အထက(၁)၊ ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ |
| ၉၂ | မနန်းမိုးခမ်း | အထက(၂)၊ နမ္မတူ | နမ္မတူ | ကျောက်မဲ |
| ၉၃ | မောင်စိုင်းစံထွန်း | အထက(၁)၊ မူဆယ် | မူဆယ် | မူဆယ် |
| ၉၄ | မခေါစိုင်း | အထက(၁)၊ မူဆယ် | မူဆယ် | မူဆယ် |
| ၉၅ | မောင်စောဂျီ | အထက(၃) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၉၆ | မနန်းရည်မွန်အောင် | အထက(၃) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၉၇ | မောင်ဟိန်းမြတ်မိုး | အထက-မိုင်းဖြတ် | မိုင်းဖြတ် | မိုင်းဖြတ် |
| ၉၈ | မောင်စည်သူစိုး | အထက-တာချီလိတ် | တာချီလိတ် | မိုင်းဖြတ် |
| ၉၉ | မခင်နှင်းသန့် | အထက-မိုင်းဖြတ် | မိုင်းဖြတ် | မိုင်းဖြတ် |
| ၁၀၀ | မနန်းငေါင်းလိန် | အထက-တာချီတ် | တာချီလိတ် | မိုင်းဖြတ် |

ဆက်လက်ဖော်ပြပါမည်။

အခန်းဆက်ဝတ္ထုရှည်

# ဝင်းဦးကိုတွေ့ခြင်း

***၁၉၃၈ ခုနှစ်မှ ၁၉၇၄ ခုနှစ်အတွင်း ဆရာရေးသားခဲ့သော ဆောင်းပါးအများစုအနက် ဗိုလ်တထောင်သတင်းစာပါ 'ပွင့်ပွင့်လင်းလင်းပြောပါရစေ' ကဏ္ဍမှ ဆောင်းပါးများနှင့် မြန်မာ့အလင်း၊ အိုးဝေ၊ သွေးသောက်၊ ရှုမဝစသည့် သတင်းစာ၊ မဂ္ဂဇင်းများမှ ဆောင်းပါးများအား အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ ဆရာသိန်းဖေမြင့်၏ အလွှာစုံနယ်ပယ်စုံမှ လူပုဂ္ဂိုလ်အကြောင်းပြု အနုပညာမြောက်ရေးဖွဲ့မှုနှင့် 'မှု' အပေါ် အလေးအနက်ထားရေးသားထားမှုတို့ကို တည်းဖြတ်ခြင်းမပြုဘဲ မူရင်းအတိုင်း ဖတ်ရှုရခြင်းဖြင့် လူပုဂ္ဂိုလ်အတ္ထုပ္ပတ္တိစာပေ၏ သရုပ်သကန်ကိုသိရှိလိမ့်မည်ဟု ယုံကြည်ပါသည်။***

**à သိန်းဖေမြင့်**



မကြာမီက ကျွန်တော်တို့သတင်းစာမှာ အနီ (၁၉၅၆) ဆိုတဲ့ဆောင်းပါးရှင်က "မောင်တို့ချယ်ရီမြေ" ဇာတ်ကားနှင့်ဇာတ်လိုက်ဝင်းဦးတို့ကိုပြင်းထန်စွာ ဝေဖန်ရှုတ်ချလိုက်တယ်။

အယ်ဒီတာချုပ်လုပ်သူဟာ သတင်းစာထဲမှာပါသမျှအတွက်တာဝန်ယူရပေမယ့် တကယ်တော့ ပုံမနှိပ်ခင် အကုန်ကြိုတင်ဖတ်ခြင်း၊ တည်းဖြတ်ခြင်းပြုတာမဟုတ်ဘူးဗျ။ ဒီတော့ အထက်ဖော်ပြပါ ဝေဖန်ရေးဆောင်း ပါးပါလာတော့မှသာ ဖတ်လိုက်မိတယ်။ ဖတ်ပြီးလျှင်ပြီးခြင်း တယ်ပြင်းထန်တဲ့ဝေဖန်ရေးပါကလားလို့ မှတ်ချက်ချလိုက်မိပါတယ်။ကျွန်တော်တို့ မိတ်ဆွေအများအပြားနှင့် ဗိုလ်တထောင်ရဲ့ ဥပဒေရေးရာ အတိုင်ပင်ခံတို့ကလည်း တယ်လီဖုန်းနှင့်တစ်မျိုး၊ လူကိုယ်တိုင်တစ်မျိုး၊ ခင်ဗျားတို့ ဝေဖန်ရေး လွန်လွန်းတယ်ဗျို့လို့ ပြောကြပါတယ်။

ဝေဖန်သူအနီ (၁၉၅၆) ကစိတ်လိုက်မာန်ပါဝေဖန်လိုက်တော့ အပြုသဘောမပါ။ ရှုတ်ချပြစ်တင်မှု သက်သက်လိုဖြစ်နေတယ်။ သုံးနှုန်းလိုက်တဲ့စကားတွေကလည်း အင်မတန်ခါးသီးနေတာတွေ့ရတယ်။ အဲဒီဝေဖန်ရေးနှင့် မရှေးမနှောင်းဘဲရန်ကုန်မြို့မှ သတင်းထောက် ၆၀ လောက်က လည်း မောင်တို့ချယ်ရီမြေနှင့် ဝင်းဦးတို့ကို ရှုတ်ချကန့်ကွက်ကြတာတွေ့ရသေးတယ်။

ဒါနှင့် ကျွန်တော်ဟာ အနီ (၁၉၅၆) နှင့်အခြားလူငယ်ကလောင်ရှင်တွေကို ဝေဖန်ရေးဆိုတာ ဘယ်လို ဖြစ်ထိုက်တယ်လို့ အကြံပေးချင်တာက တစ်ကြောင်း၊ လူပြောများလှလို့စိတ်ဝင်စားလာတာက တစ်ကြောင်းကြောင့် မောင်တို့ချယ်ရီမြေကို သွားကြည့်လိုက်တယ်ဗျ။

ကျွန်တော်တို့ရှက်လည်းရှက်ပါရဲ့။ ဝမ်းနည်းစွာဖြင့် ဝန်ခံလိုပါတယ်။ သည်လောက်နာမည်ကြီးလှတဲ့ ဝင်းဦးကို ရုပ်ရှင်ပိတ်ကားပေါ်မှာ တစ်ခါမျှ ယခင်ကမမြင်ဖူးသေးဘူးဗျ။ ဝင်းဦးရေးတဲ့ ဝတ္ထုဆိုတာလည်း တစ်ခါမျှ ယခင်က မဖတ်ဖူးသေးဘူးဗျ။ ကျွန်တော့်ချွတ်ယွင်းချက်ပါပဲ။ မြန်မာရုပ်ရှင်ကားဆိုလျှင် ဖိတ်ပြ တာတောင် မကြည့်ဖြစ်လှဘူး။

မောင်တို့ချယ်ရီမြေကို တာဝန်ဝတ္တရားတစ်ခုအနေနှင့် သွားကြည့်တယ်။ ကျွန်တော်ကတော့ ဝင်းဦးကို စွဲသွားတယ်။ ခင်သန်းနုကိုလည်းအတော်သဘောကျသွားတယ်။ ရုပ်ရှင်မှာ တွေ့လိုက်ရတဲ့ဝင်းဦးကို သဘောကျပြီးတဲ့နောက် သူ့ဝတ္ထုတစ်ခုကိုရှာဖတ်တယ်။ ရှုမဝမဂ္ဂဇင်း အဟောင်းမှာ နှစ်ယောက်ထဲနေချင် တယ်ဝတ္ထုတစ်ခုကို ကံအားလျော်စွာသွားတွေ့ရတယ်။ ဝင်းဦးဟာ ထူးထူးချွန်ချွန်အနုပညာမြောက် စွာရေးသားနိုင်တဲ့ စာရေးဆရာတစ်ဦးဖြစ်နေတာကိုလည်း တွေ့ရပြန်တယ်။

ကျွန်တော့်အနေနဲ့ ဖြင့်ထွက်သမျှ ဝတ္ထုတိုရှည်မှာ ကဗျာများကို ဖတ်ရန်အင်မတန်ခဲယဉ်းပါတယ်။ ရံဖန်ရံခါ နာမည်ကြီးလာတဲ့ စာရေးဆရာရဲ့လက်ရာတစ်အုပ်အုပ်ဖြစ်စေ၊ ကောင်းလှပါသည်ဟု လူပြောများသောစာ တစ်ပုဒ်ပုဒ်ဖြစ်စေ ရှာဖွေဖတ်ရှုရပါတယ်။ ခုတော့ "မောင်တို့ချယ်ရီမြေ"ကြည့်မိတဲ့ ကျေးဇူးကြောင့်ဝင်းဦး ရဲ့ "နှစ်ယောက်ထဲနေချင်တယ်" ဝတ္ထုကို ဖတ်မိရပေတော့တယ်။

ကျွန်တော့်အခြေအနေကို'ဝင်းဦးကိုတွေ့ခြင်း'လို့ ဖော်ပြလျှင်အင်မတန်ဆီလျော်ပါတယ်။

ဝေဖန်ရေးသည် ရှုတ်ချပြစ်တင်ရေးမဖြစ်အပ်

'မောင်တို့ချယ်ရီမြေ' ဟာလေးနက်မှုရှိသော၊ ပညာပေးသော ဇာတ်ကားမဟုတ်ဘူး။ ပျော်စရာ၊ တစ်ခါ တစ်ခါတော့ လွမ်းဖွယ်၊ ကြေကွဲဖွယ်ရာ ကောင်းတဲ့ ဖြေဖျော်ရေးအချစ်ဇာတ်ကားတစ်ခု ဖြစ်တယ်။ ဖြေဖျော်ရေးသက်သက်အနေနှင့် ပြောရရင် အောင်မြင်တယ်လို့ပဲ ဆိုရမှာပဲ။

သို့ပေမယ့် လေးနက်မှုနှင့် ပညာပေးမှုမရှိတဲ့အတွက် အဆင့်အတန်းမြင့်တဲ့ဇာတ်ကားစာရင်းထဲ သွင်းလို့တော့ ရမယ်မဟုတ်ဘူး။

ဒါတင်မကသေးဘူး။ ဇာတ်ကားအနေနှင့်ချွတ်ယွင်းချက်များရှိနေတယ်။ အထင်ရှားဆုံး ချွတ်ယွင်းချက်ကတော့ မေမြို့(ပြင်ဦးလွင်)အနီး ရှမ်းကုန်းပြင်မြင့်တစ်ဝိုက်မှာ ခြံလုပ်ကိုင်စားသောက်နေကြတဲ့ လူမှုအဖွဲ့အစည်းနှင့်ခွင်မကျ၊ သဘာဝမကျတဲ့ နေမှုထိုင်မှု ဝတ်စားဆင်ယင်မှုဓလေ့ထုံးစံတွေ၊ အမျိုးသားဟန်လုံးဝပျောက်နေတဲ့ အနောက်တိုင်းမှ ကူးယူထားတဲ့အက၊ အပြ၊ အဆိုတွေဖြစ်တယ်။

သာမန်ချွတ်ယွင်းချက်လို့တောင် ဆိုရန်ခဲယဉ်းနေတယ်။ ဘာကြောင့်လဲဆိုတော့ဘုန်း ကြီးနှင့်ဘီးဆိုတာလို မဆီလျော်မသင့်တော်တဲ့ ဇာတ်ကွက်ဇာတ်ကောင်နှင့် ဇာတ်မြင်ကွင်းထဲမှာ အနောက်တိုင်းမှ ကူးယူထား တဲ့ စားဝတ်နေထုံးစံဓလေ့တွေ၊ အဆို၊ အက၊အတီးတွေ ဇွတ်အတင်းထည့်ထားတဲ့အတွက်ကြောင့်ပါပဲ။ ဒီလို ဇွတ်အတင်းထည့်ထားသူကထည့်ထားတော့ အနီ ၁၉၅၆ လို လူငယ်ကလောင်ရှင်များကလည်း ဇွတ်အတင်းရှုတ်ချပြစ်တင်တဲ့ အဖြစ်ရောက်ကုန်တယ်။

မောင်တို့ချယ်ရီမြေဟာ ဖြေဖျော်ရေးကားအနေနှင့် အောင်မြင်တယ်။ သို့သော်လေးနက်မှုနှင့်ပညာပေးမရှိ လို့ အဆင့်အတန်းမြင့်တဲ့ကား မဟုတ်ဘူး။ အနောက်တိုင်းယဉ်ကျေးမှုကို ဇွတ်အတင်းသဘာဝမကျဘဲ ထည့်သွင်းထားတဲ့ချွတ်ယွင်းချက်ကလည်းရှိတယ်။ ဒါပေမယ့် ဇာတ်ဆောင်တွေဟာ အဲဒီအနုတ်လက္ခဏာ တွေကို ကျော်လွှားပြီးအမှတ်တွေ အများကြီးရသွားကြတယ်။ ဝင်းဦးဟာ ဒါ့ကြောင့် ကျော်ပေတာပဲလို့ ကျွန်တော်သဘောပေါက်မိတယ်။ ရုပ်ကလည်း ယောကျ်ားပီသစွာချောပြီး အသံကလည်းကောင်း၊ အဆိုကလည်း ကောင်းဖြစ်တယ်။ ကျွန်တော်အထူးချီးကျူးမိတာကတော့ ဝင်းဦးဟာ သီချင်းဆိုတဲ့အခါမှာ စကား တစ်လုံးစီ၊ တစ်လုံးစီနားလည်သဘောပေါက်သည့်တိုင် ရှင်းလင်းပြတ်သားခြင်းဖြစ်တယ်။ ကျွန်တော့်အဖို့ ခင်သန်းနုကိုလည်းပထမဆုံးကြည့်ရခြင်းပါပဲ။ အတော်ပဲ သယ်နိုင်တာတွေ့ရတယ်။ သန်းနွဲ့ကတော့ ဒီကားမှာ သူတင်လိုက်တဲ့ပုံစံကိုသူ့သဘောတောင်သူချိုးနိုင်ဖို့ပင် ခဲယဉ်းမယ်ထင်တယ်။

ဒီဇာတ်ကားကြည့်ပြီး အခြား သတင်းစာမှ အယ်ဒီတာကြီးအချို့နှင့် ကျွန်တော်ဆွေးနွေးမိတယ်။ အထက်ပါ ကျွန်တော့်အထင်မြင်ချက်များနှင့် တစ်ထပ်တည်းထင်မြင်ချက်ပေးကြတယ်။ ပြီးတော့ 'ဘာကြောင့်သတင်းထောက်တွေကကန့်ကွက်ကြတာလဲ' လို့စဉ်းစားကြတယ်။ တစ်နေရာမှာ သတင်း ထောက်တွေကို ဝေဖန်ထားတာပါတယ်။ ဒါတွေကို မခံမရပ်နိုင်ဖြစ်လောက်အောင်အကြောင်းမရှိဘူးလို့ သဘောရကြတယ်။

စာအုပ်ဖြစ်ဖြစ်၊ရုပ်ရှင်ဖြစ်ဖြစ်ဝေဖန်တဲ့အခါမှာ ရှုတ်ချခြင်း၊ ကဲ့ရဲ့ခြင်းမဖြစ်ထိုက်ဘူး။ ဝေဖန်ရေးဟာ-

(၁) စာဖတ်ပရိသတ်၊ သို့မဟုတ် ရုပ်ရှင်ကြည့် ပရိတ်သတ်ကို ဖတ်တတ်အောင်၊ကြည့်တတ်အောင် လမ်းညွှန်ခြင်း၊ ပညာပေးခြင်းဖြစ်ရမယ်။

(၂) အကောင်းအဆိုး၊ အကျိုးအပြစ် ဒွန်တွဲနေသည်သာများတဲ့အတွက် အကောင်းနှင့်အကျိုးတို့ကို မြှင့်တင်ပေးပြီး အဆိုးနှင့်အပြစ်ကို ပြုပြင်ဖွပ်လျှော်ပေးရမယ်။ အဆိုးနှင့် အပြစ်ကိုပြင်ဆင်နိုင်အောင်ကူညီတဲ့ သဘောဖြစ်ရမယ်။ဒါမှ အပြုသဘောဝေဖန်ရေးဖြစ်မယ်။

(၃) ပုဂ္ဂိုလ်ရေး အာဃာတဖြင့် နစ်နာသွားအောင်ဝေဖန်ခြင်းမျိုး၊ မဖြစ်စေအပ်ဘူး။

(၄) ဝေဖန်ရေးဆိုတဲ့ တာဝန်ကို လေးနက်စွာ ခံယူရမယ်။ ဝေဖန်ရေးဟာ အမျိုးသားစာပေ၊ အမျိုးသား ရုပ်ရှင်စသည်ဖြင့် အမျိုးသားယဉ်ကျေးမှုကိုပြုစုကြရာမှာ ဝိုင်းဝန်းပြီးတာဝန်ယူရခြင်းဖြစ်ကြောင်း သတိထားကြစေလိုတယ်ဗျ။

(၁၉၅၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့ထုတ် မြဝတီမဂ္ဂဇင်း၊ အတွဲ ၁၊ အမှတ် ၁၂၊ အောက်တိုဘာ ၁၉၅၃မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)


**ကမ်းလွန်လုပ်ကွက် A-6 နှင့်ပတ်သက်၍ အသိပေးကြော်ငြာခြင်း-**

အကြောင်းအရာ- ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများအတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) လေ့လာခြင်း။

Woodside Energy (Myanmar) Pte Ltd မှဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ကမ်းလွန်ဒေသရှိ လုပ်ကွက်အမှတ် (Block A-6) ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေရေးဆောင်ရွက်နိုင်ရန်အတွက် AECOM နှင့် E Guard Environmental Services Co., Ltd တို့မှ ပတ်ဝန်းကျင်ဆိုင်ရာလေ့လာဆန်းစစ်ခြင်း လုပ်ငန်းများနှင့် အများပြည်သူများနှင့် တွေ့ဆုံညှိနှိုင်းခြင်း(Stakeholder Consultation)ကိုဆောင်ရွက် လျက် ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပြုထားသောလုပ်ငန်းများနှင့် အများပြည်သူတွေ့ဆုံညှိနှိုင်းခြင်းများအား ထပ်မံသိရှိလိုပါက www.woodside.com.au သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည့်အပြင် Mr. Daniel Clery (daniel.clery@woodside.com) သို့မဟုတ် ဖုန်းနံပါတ် ၀၁-၅၁၄၃၇၉ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကမ်းလွန်လုပ်ကွက် AD-5 နှင့် A-7 နှင့်ပတ်သက်၍ အသိပေးကြော်ငြာခြင်း-**

အကြောင်းအရာ- ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများအတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) လေ့လာခြင်း။

Woodside Energy (Myanmar) Pte Ltd မှဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ကမ်းလွန်ဒေသရှိ လုပ်ကွက်အမှတ် (Blocks AD-5 နှင့် A-7) ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေး ဆောင်ရွက်နိုင်ရန်အတွက် AECOM နှင့် E Guard Environmental Services Co., Ltd တို့မှ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) ဆိုင်ရာလုပ်ငန်းများနှင့် အများပြည်သူများနှင့်တွေ့ဆုံညှိနှိုင်းခြင်း(Stakeholder Consultation)ကိုဆောင်ရွက် လျက် ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပြုထားသောလုပ်ငန်းများနှင့် အများပြည်သူတွေ့ဆုံညှိနှိုင်းခြင်းများအား ထပ်မံသိရှိလိုပါက www.woodside.com.au သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည့်အပြင် Mr. Daniel Clery (daniel.clery@woodside.com) သို့မဟုတ် ဖုန်းနံပါတ် ၀၁-၅၁၄၃၇၉ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။






**PROPERTY Directory** — Golden Hexagon Media Group — Available on March 16th

Golden Hexagon Media Group မှ (၄)လတစ်ကြိမ် ထုတ်ဝေဖြန့်ချိနေသောအိတ်ဆောင် PROPERTY Directory လမ်းညွှန်စာအုပ် Volume 2,Issue 1 တွင်

Real Estate Agents, Construction, Home & Decoration, Gems & Jewellery, Car, Mobile, Computer, Local Banks ATM & Money Exchange, Travels & Tours

Special Report ... 2014 ...

Summer Special Program ... CCTV Sales & Services ... Security Man Power ... DJ & Sound System ...

PROPERTY Directory လမ်းညွှန်စာအုပ်ကို Banks , Hotels , Restaurants , ExpressWays ,Travel and Tours Agencies , Supermarkets Airlines and Companies ...

Golden Hexagon Media Group
Contact No. : E-3/B, Thazin Branch Road (2), No.(9) Quarter, Hlaing Yadanar Housing, Hlaing Township, Yangon, Myanmar.
Ph : 01-2304318 Hotline : 09-43185047, 09-31008464
Website : www.findmyanmar.com Email : mediamarketing@ghgroups.com

အတွေးအမြင်

# မသန်စွမ်းတဲ့သားသမီးတွေရဲ့လိုအပ်ချက်

à cifrmif(dbm*aA')

တလောတုန်းက တောင်ကြီးကိုသွားပါတယ်။ မသန်စွမ်းတွေရဲ့ စွမ်းရည်ပြပွဲဆိုတာကို သွားပါတယ်။ အဲဒီတော့ ကိုယ်ဘယ်လိုလူလဲ။ သန်ပြီးတော့ မစွမ်းတဲ့လူလား။ မသန်လည်း မသန်၊ မစွမ်းလည်းမစွမ်း တဲ့သူလားပေါ့။ အဲဒီအတွေးလေး ဝင်မိပါတယ်။

တောင်ကြီးကို ရောက်သွားတာက စီးပွားရေးတက္ကသိုလ်က တပည့်ဟောင်းတစ်ယောက်ရှိပါတယ်။ သူက တောင်ကြီးမှာ LCCI သင်တန်း ဒေါ်သန်းနွယ်အောင်ဆိုပြီး သင်တန်းတစ်ခုဖွင့်တယ်။ သူကိုယ်တိုင်က အောက်ပိုင်းမသန်ဘူး။ အောက်ပိုင်းမသန်ပေမယ့် သူတက္ကသိုလ်ဘွဲ့တစ်ခုကို ကြိုးစားပြီး တော့ယူတယ်။ တက္ကသိုလ်အဆောင်မှာနေခဲ့ပြီးတော့ သူရဲ့သူငယ်ချင်းတွေကလည်း ဝိုင်းကြဝန်းကြ ကူညီကြနဲ့၊ အဲဒီလိုနဲ့သူ ဘွဲ့ရလာတယ်ပေါ့လေ။ အဲဒီကနေပြီးတော့ သူငယ်တန်းလေးဖွင့်တယ်။ သင်တန်းဖွင့်ရာကနေပြီးတော့ နောက်တစ်ဆင့်မှာ သူဘာလုပ်သလဲလို့ဆိုတော့ သူ့လိုဘဝတူတွေဆိုကြပါစို့ မသန်စွမ်းတဲ့ကလေးတွေကို တတ်နိုင်သမျှ ပြုစုစောင့်ရှောက်မယ်ဆိုပြီး Morning Star ဆိုတဲ့ အဖွဲ့လေးတစ်ခု ဖွဲ့တယ်။

အဲဒီအကြောင်းကိုလည်း သူအခု သူပြန်ပြောပြပြန်ရေးတဲ့ စာအုပ်ကလေးတစ်အုပ်ထွက်တယ်။ အဲဒီစာအုပ်ကလေးကို ဖြန့်မယ်။ နောက်ပြီးတော့ မသန်စွမ်းတွေရဲ့စွမ်းရည်ပြပွဲကိုလည်း လာပါဆရာ လာစေချင်တယ်။ အားပေးစေချင်တယ်ဆိုတော့ သွားတယ်။ သွားပြီးတော့ အဲဒီကလေးတွေလည်း လက်ဆောင်ပေးတယ်။ ကလေးတွေနဲ့ တရင်းတနှီးပေါ့။ ပြောရင်းတောင်မှ မျက်ရည်လည်ချင်တယ်။ ဘာဖြစ်လို့လည်းဆိုတော့ ပျော်လိုက်ကြတာမှ ဒီကလေးတွေက။

မြန်မာစကားပုံမှာ အကျိုးဆော့ အကန်းမော့ ဆိုတဲ့စကားတစ်ခုရှိတယ်။ အဓိပ္ပာယ်ကောက်တဲ့အခါ ကျရင်တော့ မကောင်းတဲ့ဘက်ကနေ ကောက်ကြတယ်။ မကောင်းတဲ့ဘက်ကဆိုတာ နဂိုထဲကမှ မကောင်းတဲ့သူ ကျိုးနေတဲ့သူက ဆော့ရကောင်းလား။ နဂိုတုန်းကမှ မျက်စိမမြင်တဲ့သူက မော့နေရ ကောင်းလားပေါ့။ အဲဒီစကားကတော့ မကောင်းတဲ့ဘက်ကနေ အဓိပ္ပာယ်ပဲထွက်ကြတယ်။

အဲဒီကို သွားပြီးတဲ့အခါကျတော့ကောင်းတဲ့ဘက်ကနေပြီးတော့ တွက်တယ်။ အဲဒါကဘာလည်းဆို တော့ ခြေမကောင်းတဲ့သူကျိုးတဲ့သူဟာ များများဆော့ရမယ်။ ကျိုးနေတာပဲဆိုပြီးတော့ ငြိမ်နေလို့ မဖြစ်ဘူး။ များများဆော့ရမယ်။ နောက် မျက်စိမမြင်တဲ့သူကလည်း နှိမ့်ချထားစရာမလိုဘူး။ သူမျက်စိမမြင်ပေမယ့် ခေါင်းမော့ပြီးတော့ ရင်ကော့ပြီးတော့ နေနိုင်တယ်ဆိုပြီးတော့ အဓိပ္ပာယ်အသစ်နဲ့အဓိပ္ပာယ် ဖွင့်ကြည့်ပါတယ်။ အဲဒီလို ပြောရတာက စောစောကပြောသလို စွမ်းရည်ပြပွဲဆိုတဲ့အတိုင်းပဲ သူတို့ကတော့ ဒီရှမ်းသီချင်းတွေပေါ့နော်။ ရှမ်းရိုးမကအိုးစည်းသံတို့ဘာတို့ပေါ့။ အဲဒါတွေနဲ့ကကြခုန်ကြတာပေါ့။ ဟာ ပျော်လိုက်ကြတာမှ တစ်ခါထဲ။ ကလေးတစ်ယောက်ဆိုရင်သူက မြေကြီးမထိဘူးပေါ့လေ။ လူကြီးပဲ ချီနေရတယ်။ သူနဲ့ သွားပြီးတော့ တွဲကတယ်။ လက်ဆွဲက နှုတ်ဆက်ဘာညာနဲ့ဆိုတော့ အဲဒီမှာ မြေကြီးထိသွားတယ်။

တချို့ကလေးတွေက နဂိုတုန်းကဆို မိဘအားကိုးစိတ် တအားများတယ်။ သူတို့အချင်းချင်း ဉာဏ်ရည် မသန်စွမ်းတဲ့သူတွေ အချင်းချင်း စုစည်းပေးလိုက်တယ်။ အဲ့တော့ သူတို့အချင်းချင်းတွေ့တဲ့အခါကျရင် ပိုပြီးတော့ လုံခြုံမှုရှိပုံရတယ်။ နဂိုတုန်းကလို မိဘကို အားကိုးပြီးတော့နေရတဲ့ ကလေးတစ်ယောက်ဆိုရင်လည်း အလိုလိုပေါ့လေ။ သူ့ကိုယ်သူ ဒီရောင်းရင်းတွေနဲ့ ပေါင်းသင်းရင်းနဲ့ သူ့ကိုယ်သူ အားကိုးတဲ့ ယုံကြည်ချက်တွေရှိတဲ့ ကလေးတွေဖြစ်လာတယ်။

တချို့က ဘာအားနည်းချက်ရှိမှန်းတောင် မသိဘူး။ ဒီတိုင်း ထိုင်နေတာ။ ကလေးတစ်ယောက်က သူက မျက်စိအဝေးသိပ်မမြင်ဘူး။ အနီးအနားပဲမြင်တယ်။ ဒါပေမယ့် အဆို အရမ်းကောင်းတယ်။ အခုသူတို့က စီးရီးအခွေ ထုတ်ဖို့တောင်မှ ပြင်နေတယ်။

## တိုင်းပြည်ရဲ့ လူ့စွမ်းအားအရင်းအမြစ်လို့ ပြောတဲ့အခါမှာ အခုလို မသန်စွမ်းတဲ့သူတွေရဲ့ အခန်းကဏ္ဍကိုလည်း ထည့်သွင်းရမယ် . . .

နောက်ကလေးမနှစ်ယောက်ကဆိုရင် မှုန်ရွှေရည်တို့ဘာတို့ပေါ့။ အကအရမ်းကောင်းတယ်။ သူတို့မှာ ဘယ်လိုအားနည်းချက်ရှိတယ်ဆိုတဲ့ဟာတောင် သတိမရဘူး။ နောက်ကလေးတစ်ယောက်ဆိုရင် လက်မှုမှာ ကျွမ်းကျင်တယ်။

သူခဏလေး နေနေတဲ့အချိန်မှာကို အဲဒီပန်းထိုးတယ်။ နောက်တစ်ယောက်က သူစကားမပြောနိုင်ဘူး။ စကားမပြောနိုင်ပေမယ့်သူ စာအရမ်းဖတ်တာ။ စာကြီးပေကြီးတွေပဲဖတ်တာ။ ပြီးတော့သူက သူဖြစ်ချင်တဲ့ လုပ်ချင်တဲ့ဆန္ဒကိုသူက စာရေးပြီး ပြောတယ်။ သူပြောတဲ့စာကတော့ နည်းနည်းတော့ တစ်မျိုးတော့ဖြစ်နေတယ်။ ဒါပေမယ့်သူ စာကြီးပေကြီးမှ ဖတ်တာ။ တကယ့်ဗဟုသုတလည်း တအားစုံတယ်။

သတိထားမိတာ တစ်ခုရှိတယ်။ တစ်ဖက်ကကျတော့လည်း သဘာဝတရားကြီးက တရားတယ်လို့ အောက်မေ့မိတယ်။ ဆရာမ ဒေါ်သန်းနွယ်အောင်ဆိုရင် အောက်ပိုင်း မသန်ဘူး။ အားကိုးရတယ်။ ခြေထောက်လုပ်တဲ့အလုပ်တွေ လက်ကပဲ လုပ်ရတာပေါ့။ လုပ်ရတဲ့အခါကျရင် သူနဲ့ လက်လှဲလို့ရှိရင် ရှုံးမယ်။ ပိုပြီး လက်သန်တယ်ပေါ့နော်။

တချို့ကလေးတွေမှာ လက်မသန်ရင်ခြေထောက်မှာပိုသန်တယ်။ သူတို့တွေ့ ဂရိအိုလံပစ်ကနေပြီးတော့ တောင်ပြန်လာတဲ့သူ။ စင်ကာပူက ပြန်လာတဲ့သူ။ ဥရောပက ပြန်လာတဲ့သူ။ အမေရိကန် သွားမယ့်သူတွေဖြစ်တယ်။ အားကစားပြိုင်ပွဲတွေပေါ့နော်။ ဒီတစ်ခါ အနီးကပ်တွေ့ဖူးတာပေါ့။

အဲဒီ ဒီ Morning Star ဆိုတဲ့ အဖွဲ့လေးက လုပ်တဲ့ပွဲကို ရှမ်းယဉ်ကျေးမှုခန်းမတော်တော်ပြည့်အောင် လာကြတယ်။ ဒါပေမယ့် သူတို့ ကိုယ်တစ်နိုင်လေးလုပ်နေတာပေါ့။ ဒီဆရာမသူကိုယ်တိုင်ကိုက အောက်ပိုင်း အားနည်းနေတဲ့အခါကျတော့ အရမ်းကြီး မချဲ့ဘူးပေါ့။ ဆရာမသန်းနွယ်အောင် အခုလို အောက်ပိုင်း မကျန်းမမာဖြစ်တဲ့ဟာ ကောင်းဖို့ဖြစ်တာနဲ့တူတယ်။ သူကိုယ်တိုင်က ခံစားရတယ်။ အဲတော့ သူနဲ့ဘဝတူတွေ၊ဒုက္ခတူတဲ့သူတွေ ဘယ်လိုရင်ဆိုင်ရမလဲဆိုတဲ့ဟာကို သူစဉ်းစားတယ်။ ဘယ်လိုဖြေရှင်း ပေးရမလဲဆိုတဲ့ဟာကို သူမြင်တယ်ပေါ့။

သူနဲ့ လက်မောင်းလှဲရင် မနိုင်ဘူး။ ရှမ်းသီချင်းတွေဘာတွေနဲ့လည်း မကတတ်ဘူး။ နောက်တစ်ခါ စာဖတ်တဲ့ကလေးဆိုရင်လဲ မထင်မှ မထင်ရဘဲနဲ့။ ဒီကလေးလေးက ကုတ်ကုတ်လေးထိုင်နေတယ်။ နောက်ဒီ လက်မှုပညာပြတဲ့ ကလေးတစ်ယောက်။ နောက် ပန်းချီကားဆွဲတဲ့ကလေး။ ပန်းချီကားဆိုလည်း တအားကောင်းတာပဲ။ နော် ပန်းချီဆွဲတဲ့ကလေးတွေတွေ့တယ်ဆိုတော့ အဲဒါတွေက သူတို့လည်း မသန်စွမ်းပဲလေ။

နောက်ပြီးတော့ သူတို့ကြည့်ရတဲ့ဟာက လောဘတွေ၊ ဒေါသတွေ၊ ဘာမှမတွေ့ရဘူး။ နောက် ပျော်ပျော်ပါးပါးပဲ။ အခုဆိုရင် ဒီ MorningStar ဆိုတဲ့အဖွဲ့လေးက တစ်ပတ်ကို နှစ်ရက်သုံးရက် လောက် သူတို့နဲ့တွေ့တယ်။ ရုပ်ပိုင်းဆိုင်ရာ လေ့ကျင့်ခန်းတွေလုပ်ဖို့က နှစ်ရက်လောက် လုပ်တယ်။ နောက်စိတ်ပိုင်းဆိုင်ရာတွေ၊ သူတို့အချင်းချင်း ဆက်သွယ်ဖို့ဘာဖို့ရောဆိုတော့ သူတို့က အဲဒီသုံးရက်ကို အရမ်းတန်ဖိုးထားတာပဲ။

သူတို့က အားကစားရုံကြီးတွေနဲ့ နေနေသလား။ ခန်းမကြီးတွေနဲ့ နေနေသလား။ မဟုတ်ဘူး။ တခြား ခန်းမလေးတစ်ခု ကျယ်ကျယ်ဝန်းဝန်းလေးရှိတဲ့ဟာကို ခွင့်ပြုချက်ရလို့ သူတို့သွားပြီးအဲဒီမှာ လေ့ကျင့်ခန်းတွေ လုပ်ကြတယ်။

ဆရာမသန်းနွယ်အောင်ရဲ့ အခန်းမှာလာပြီးတော့ သူတို့တခြား စိတ်ပိုင်းဆိုင်ရာပေါ့။ သူတို့လုပ်ချင်တဲ့ ဟာလေးတွေ၊ ပန်းချီကားလေးတွေဆွဲခိုင်း၊ စာတွေရေးခိုင်း၊ ပြောခိုင်းပေါ့နော်။

တိုင်းပြည်ရဲ့ လူ့စွမ်းအားအရင်းအမြစ်လို့ ပြောတဲ့အခါမှာ အခုလို မသန်စွမ်းတဲ့သူတွေရဲ့အခန်းကဏ္ဍကိုလည်း ထည့်သွင်းရမယ်။ သူတို့ကို မသန်စွမ်းတဲ့သူတွေဆိုပြီးတော့ ပစ်မထားရဘူး။ ပစ်ထားဖို့မလိုဘူး။ လူ့အဖွဲ့အစည်းနဲ့နေရမယ်။ သူတို့ကို အထူးစောင့်ရှောက်ဖို့တော့ လိုတာပေါ့နော်။

ဒါပေမယ့် သူတို့မှာလည်း မာနလေးတွေရှိတယ်။ သူတို့မှာလည်း စွမ်းရည်လေးတွေရှိတယ်။ ကိုယ့်ဘာသာကိုယ် လုပ်နိုင်ကိုင်နိုင်တဲ့သူဆိုရင် လာပြီးတော့ သူတို့ကူညီတာဘာညာ မကြိုက်ဘူး။ **ဆက်လက်ဖော်ပြပါမည်။**





တူဒေးစာအုပ်တိုက်

ခေါင်းဆောင်မှုအတွက် စည်းမျဉ်းများ

ဒေါက်တာဉာဏ်ဟိန်းလတ်

ခေတ်သစ်ခေါင်းဆောင်များနှင့် မိမိမျိုးနွယ်စု ယနေ့အချိန်အထိ တည်ရှိနေအောင် စွမ်းဆောင်ခဲ့သော ရှေးဟောင်းမျိုးနွယ်စုခေါင်းဆောင်များ၏ ခေါင်းဆောင်မှုနည်းလမ်းများကို ခုနှစ်နှစ်ကြာ သုတေသနပြုရေးသားထားသော ခေါင်းဆောင်မှုစည်းမျဉ်းများဖြစ်သောကြောင့် မိမိဦးဆောင်နေသော အဖွဲ့အစည်းကို အောင်မြင်မှုရရှိစေရန်၊ ရရှိပြီးသားအောင်မြင်မှုကို ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းနိုင်ရန် လိုအပ်သော ခေါင်းဆောင်ကောင်းတစ်ယောက်၏ အရည်အချင်းများ၊ ကျွမ်းကျင်မှုများကို ပေးစွမ်းနိုင်မည့် စာအုပ်ကောင်းတစ်အုပ်...

အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

ဝန်ထမ်းအမြန်အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

1. **Senior Accountant(Female)** **(3)Posts**
- B.Com (or) LLCI Level III အောင်မြင်ပြီးသူ ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ(၃)နှစ်နှင့်အထက် ဖြစ်ရမည်။
- အင်္ဂလိပ်စာတတ်ကျွမ်းသူဖြစ်ရမည်။
- Accounting Software အသုံးပြုနိုင်သူဖြစ်ရမည်။
- အသက်(၂၂)နှစ်မှ (၃၀)နှစ်အတွင်း ဖြစ်ရမည်။

2. Assistant Accountant(Female) (6)Posts
- တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။
- LCCI Level II အောင်မြင်ပြီးသူ ဖြစ်ရမည်။
- အင်္ဂလိပ်စာအခြေခံကောင်းမွန်သူဖြစ်ရမည်။
- Accounting Software အသုံးပြုနိုင်သူ ဖြစ်ရမည်။
- အသက်(၂၂)နှစ်မှ (၃၀)နှစ်အတွင်း ဖြစ်ရမည်။

3. **Office Staff (Female)** **(10)Posts**
- တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။
- Computer အသုံးပြုနိုင်သူ ဖြစ်ရမည်။
- အင်္ဂလိပ်စာအခြေခံကောင်းမွန်သူ ဖြစ်ရမည်။
- အသက်(၂၂)နှစ်မှ (၃၀)နှစ်အတွင်း ဖြစ်ရမည်။

လျှောက်ထားရန်-

လူကိုယ်တိုင်(သို့) **Email** ဖြင့် လျှောက်ထားနိုင်ပါသည်။
အမှတ်(၁၇၃၆-၁၇၃၇)၊ တပင်ရွှေထီးလမ်း၊ အမှတ်(၄)ရပ်ကွက်၊ စက်မှုဇုန်(၁)၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
**Ph:09-31973091, 09-31973092, 09-31973093**
**E-mail:hrd.arrmanshin@gmail.com**

ခင်ထိုအိမ်ရှင်မတိုင်းအားကိုးရတဲ့အကောင်းဆုံးလျှပ်စစ်မီးဖိုက ရူပ ပါရှင်



လျှပ်စစ်မီးဖိုအမျိုးမျိုး လက်လီ၊လက်ကား ရပါပြီ
ပင်ရင်း။ အမှတ်(၁၁၂)၊လမ်း(၃၀)၊ပန်းဘဲတန်း၊ရန်ကုန်။ဖုန်း=၀၁-၃၈၄၄၆၀၊
၀၁-၃၈၄၁၈၆၊ ၀၉-၂၅၃၆၂၅၅၈၀၊ ၀၉-၇၃၀၅၀၈၂၂။
စက်ရုံ။ အမှတ်(၄၂၂၊၄၂၃) မန္တလေးလမ်း၊စက်မှုဇုန်(၁)တောင်ဒဂုံ၊ရန်ကုန်
ဖုန်း=၀၁-၅၉၁၅၉၆၊ ၀၁-၅၉၅၂၆၃၊ ၀၉-၇၃၁၂၆၃၂၂။



✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ

ဖူး-၅-ကောင် အမှတ်တံဆိပ်

သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများ
မှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိလိုက်ပါပြီ။

ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)

ဖူး-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၇၀၁၇၉၊ ၃၉၂၅၉၆

# မိုးညှင်းမြို့၌ တန်ပိုယာဉ်များအား စိစစ်ထိန်းသိမ်းပေးရန်လိုအပ်

**မိုးညှင်း မတ် ၂၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်း လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ပြီး ခရီးသွားလာမှု၊ ကုန်စည် ပို့ဆောင်မှု အဆင်ပြေချောမွေ့စေရန် ပထမအကြိမ်လွှတ်တော်နှင့် အစိုးရအဖွဲ့သက်တမ်းကာလ၌ ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုရန်ပုံငွေများ ခွဲဝေချထားပေးကာ လမ်းတံတားများအား အဆင့်တိုးမြှင့် ဖောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

သို့သော် လမ်းတံတားများ ရေရှည်တည်တံ့ကောင်း မွန်စေရန် တန်ပိုယာဉ်များဖြတ်သန်းသွားလာမှုကို ထိန်းချုပ် ကြီးကြပ်ပေးရန်လိုအပ်ကြောင်းနှင့် အထူးသဖြင့် မန္တလေးမှ မိုးညှင်းမြို့နယ်ကို ဖြတ်သန်းပြီး ဖားကန့်ဒေသသို့ စက်ယန္တရားတင်ယာဉ်များ၊ မြေသယ်ယာဉ်ကြီးများ၊ ကသာမြို့မှ ဖားကန့်ဒေသသို့ မောင်းနှင်သည့် စက်သုံးဆီတင်ယာဉ်ကြီးများအား လမ်း၊ တံတားများ၏ ခံနိုင်ဝန်ထက် ကျော်လွန်သော တန်ပိုခြင်း ရှိ၊ မရှိ စိစစ်ထိန်းသိမ်းကြီးကြပ်ပေးရန် လိုအပ်ကြောင်း ဒေသခံများက ပြောသည်။

ယခုအခါ မိုးညှင်းမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူပြီး ဟိုပင်-ကုန်းသာ-လုံးတုံ-ညောင်ပင် ၄၀ မိုင် ကတ္တရာလမ်း၊ မိုးညှင်း-နန်းမား-မြို့သစ်ကလေး-ဟိုပင် ၁၇ မိုင် ၇ ဖာလုံ၊ ကျောက်ချောလမ်း၊ ဘီးလူး-အုန်းစံဆိုင်-နန်းမွန်း ၁၄ မိုင် မြေသားလမ်းနှင့် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စု ကားလမ်းမကြီး၊ မိုးညှင်းမြို့နယ်လမ်းပိုင်း ၄၇ မိုင် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက် လျက်ရှိ ကြောင်း မြို့နယ်အင်ဂျင်နီယာ ဦးအေးလွင်က ပြောသည်။ **ကေဆိုင်းနော်(ဖားကန့်)**

# မြန်မာအမျိုးသားလေကြောင်း၊ မန္တလေးဌာနခွဲမှ ဧပြီ ၁ ရက်မှ စ၍ ခရီးစဉ်များပြောင်းလဲပျံသန်းပြေးဆွဲသွားမည်



**မန္တလေး မတ် ၂၇**

မြန်မာအမျိုးသားလေကြောင်း၊ မန္တလေးဌာနခွဲအနေဖြင့် မြန်မာနှစ်သစ်ကူး မဟာသင်္ကြန်ကာလများအပါအဝင် ပြည်သူခရီးသွားလာရာတွင် ခက်ခဲမှုမရှိစေရန်အတွက် ဧပြီ ၁ ရက်မှစတင်၍ လေယာဉ်ခရီးစဉ်များကိုပြောင်းလဲပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ယင်းဌာနက သိရသည်။

ထိုပြောင်းလဲပြေးဆွဲသောခရီးစဉ်များမှာ မန္တလေးမှ ရန်ကုန်သို့ တစ်ပတ်လျှင် ငါးရက်၊ မြစ်ကြီးနားသို့ နေ့စဉ်၊ ဗန်းမော်သို့ တစ်ပတ်လျှင် နှစ်ရက်၊ ဟုမ္မလင်းမြို့သို့ တစ်ပတ်လျှင် သုံးရက်၊ ကျိုင်းတုံသို့ တစ်ပတ်လျှင် သုံးရက်၊ ခန္တီးသို့ တစ်ပတ်လျှင် သုံးရက်၊ ကလေးသို့ တစ်ပတ်လျှင် သုံးရက်၊ တာချီလိတ်သို့ တစ်ပတ်လျှင် လေးရက်နှင့် လားရှိုးသို့ တစ်ပတ်လျှင် နှစ်ရက်နှုန်းတို့ဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ပျံသန်းပြေးဆွဲမည့် ခရီးစဉ်များနှင့် လေယာဉ်လက်မှတ် ဈေးနှုန်းများကိုလည်း Online မှတစ်ဆင့် ဝင်ရောက်ကြည့်ရှုနိုင်ရန်စီစဉ်ထားပြီး မြစ်ကြီးနား၊ တာချီလိတ်၊ ကျိုင်းတုံ၊ ခန္တီးနှင့် ဟုမ္မလင်းမြို့များအားယခင်ကထက် တိုးချဲ့ပျံသန်း ပြေးဆွဲပေးထားသည်။

"နောက်လဆိုရင် မြန်မာနှစ်သစ်ကူးလဖြစ်တဲ့ တန်ခူးလကိုရောက်တော့မယ်။ ရုံးပိတ်ရက်တွေလည်း များလာတော့မယ်။ နောက်ပြီးမဟာသင်္ကြန်ကာလကလည်း နီးနေပြီဖြစ်တဲ့အတွက် အခုလို လေယာဉ်ခရီးစဉ်တွေကို ပြောင်းလဲပြီး ပျံသန်းပြေးဆွဲပေးတာပါ။

အဲဒီမနက်ကမှ မြစ်ကြီးနားခရီးစဉ်က နေ့စဉ် ဖြစ်သွားတယ်။ နောက်ပြီး မန္တလေး-ရန်ကုန်ခရီးစဉ်ကို တနင်္လာ၊ အင်္ဂါနဲ့ သောကြာနေ့ နံနက်တိုင်းမှာ E-190EMBRAER (ဂျက်)လေယာဉ်နဲ့ တိုက်ရိုက်ခရီးစဉ်ကို ပြေးဆွဲသွားမှာပါ။

အဓိကကတော့ သင်္ကြန်ကာလဖြစ်တဲ့အတွက် အများပြည်သူသွားလာနိုင်အောင်လို့ စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ နောက်ပြီးကျွန်တော်တို့ဌာနရဲ့ လေယာဉ်ခရီးစဉ်တွေနဲ့ ဈေးနှုန်းတွေကို အများပြည်သူ ကြည့်ရှုနိုင်အောင်လို့လည်း Online ပေါ်မှာ တင်ပေးထားပါတယ်"ဟု မြန်မာ့လေကြောင်း မှ မန္တလေးဌာနခွဲ မန်နေဂျာက ပြောကြားသည်။ အဆိုပါ ခရီးစဉ်များပျံသန်းပြေးဆွဲရာတွင်လည်း E-190EMBRAER(ဂျက်)နှင့် ATR(72) လေယာဉ်များဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်သည်။

လေယာဉ်လက်မှတ်ဈေးနှုန်းများ အနေဖြင့် မန္တလေးမှ ရန်ကုန်သို့ တစ်ဦးလျှင် ကျပ် ၅၂၀၀၀၊ ဗန်းမော်သို့ ကျပ် ၅၇၀၀၀၊ ဟုမ္မလင်းသို့ ကျပ် ၇၁၀၀၀၊ ကျိုင်းတုံသို့ ကျပ် ၇၆၀၀၀၊ ခန္တီးသို့ ကျပ် ၆၆၀၀၀၊ ကလေးသို့ ကျပ် ၅၈၀၀၀၊ မြစ်ကြီးနားသို့ ကျပ် ၅၈၀၀၀၊ တာချီလိတ်သို့ ကျပ် ၈၂၀၀၀ နှင့် လားရှိုးသို့ ကျပ် ၅၁၀၀၀တို့ဖြင့် ယခုချိန်မှစတင်၍ ရောင်းချပေးလျက်ရှိသည်။

အသေးစိတ် သိရှိလိုပါက မြန်မာအမျိုးသားလေကြောင်း၊ မန္တလေးဌာနခွဲ (ဖုန်း ၀၂-၃၆၂၂၁၊ ၀၂-၃၆၂၂၂)နှင့် အရောင်းကိုယ်စားလှယ် များတို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် www.flymna.com မှ လည်းပျံသန်းပြေးဆွဲမည့်ခရီးစဉ်များကို ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**


## မူဆယ်မြို့၊ ပုဂ္ဂလိကအမှိုက်နှင့်မိလ္လာသိမ်းဆည်းရေး ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ မူဆယ်မြို့နယ်စည်ပင်သာယာရေးကော်မတီမှ မူဆယ်မြို့၊ ပုဂ္ဂလိကအမှိုက်နှင့်မိလ္လာသိမ်းဆည်းရေး ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် စိတ်ဝင်စားသူလုပ်ငန်းရှင်များအား အဆိုပြုတင်ဒါပေးသွင်းနိုင်ရေး ကြော်ငြာခေါ်ယူအပ်ပါသည်။

၂။ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် စိတ်ဝင်စားသည့်ကုမ္ပဏီသည် ပုဂ္ဂလိကအမှိုက်နှင့်မိလ္လာသိမ်းဆည်းရေး ဝန်ဆောင်မှုလုပ်ငန်းအတွက် ဆောင်ရွက်လိုသည့် အချက်များအား ထည့်သွင်းအဆိုပြုရမည်ဖြစ်ပါသည်။

၃။ အဆိုပြုတင်သွင်းမည့်ကုမ္ပဏီသည် အာမခံငွေကျပ်သိန်း(၅၀)အား တင်ဒါတင်သွင်းသည့်အချိန်တွင် ကော်မတီမှသတ်မှတ်ထားသည့် နည်းလမ်းအတိုင်း တစ်ပါတည်းပေးသွင်းရမည်။ ကုမ္ပဏီသည် မိမိလုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်များနှင့်ပတ်သက်၍ သတ်မှတ်ရက်တွင် ရှင်းလင်းတင်ပြရမည်ဖြစ်ပြီး ရွေးချယ်ခြင်းမခံရလျှင် ပေးသွင်းထားသည့်အာမခံငွေအား တင်ဒါအတည်ပြုရွေးချယ်ပြီးစီးသည့် နောက်ပိုင်းရက်များတွင် ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၄။ အဆိုပြုတင်ဒါတင်သွင်းသည့်ကုမ္ပဏီသည် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မိတ္တူ၊ ကုမ္ပဏီများအက်ဥပဒေ(၁၁၄)အရ ငွေကြေးပိုင်ဆိုင်မှု အထောက်အထားနှင့် သင်းဖွဲ့မှတ်တမ်းစည်းမျဉ်းများ ထည့်သွင်းအဆိုပြုရမည်။

၅။ အဆိုပြုတင်ဒါလျှောက်လွှာများကို ၃၀-၃-၂၀၁၅ရက်တွင် စတင်ရယူနိုင်ပြီး ၄-၅-၂၀၁၅ရက် ညနေ ၁၅:၀၀နာရီ နောက်ဆုံးထား၍ မူဆယ်မြို့နယ်စည်ပင်သာယာရေးကော်မတီသို့ တင်သွင်းရမည်။

၆။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သတင်းစာတွင်ကြော်ငြာပါသည့်နေ့မှစတင်၍ ရုံးချိန်အတွင်း မူဆယ်မြို့နယ်စည်ပင်သာယာရေးကော်မတီရုံးသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းနံပါတ် ၀၈၂-၅၀၅၀၉၊ ၀၈၂-၅၀၄၇၇ သို့သော်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မူဆယ်မြို့နယ်စည်ပင်သာယာရေးကော်မတီ



## IELTS နှင့် WEBS

- တတန်းတည်းနဲ့ စာမေးပွဲဝင်ဖြေလို့ရအောင်စီစဉ်ထားတယ်။ Foundation တစ်တန်း၊ Preparation တစ်တန်း နှစ်တန်းတက်စရာမလို။ အခြေခံအားနည်းသူကို အစကနေသင်ပေးမယ်။ ရေတို၊ ရေရှည်လိုအပ်ချက်အလိုက် လေ့လာနိုင်။
- စာမျက်နှာ (၇၀၀)ကျော်၊ နာရီ (၁၆၀) စနစ်တကျလေ့ကျင့် သင်ကြားပေးမယ်။

သင်ကြားသည့်ဆရာ-ဆရာနိုးဝင်းနိုင်သည် လှည်းတန်း။ 095151398

- အင်္ဂလန်ထိပ်တန်းတက္ကသိုလ်များဖြစ်သော The Open University, Cambridge, Business Schools များတွင် သွားရောက်၍ BA English, BSc, CAE, CPE, MBA အစရှိသည့်ဘွဲ့များကို ရယူခဲ့သည်။ အင်္ဂလန်တွင် (၁၀) နှစ်ကြာနေထိုင်ခဲ့သည့်အတွက် အင်္ဂလိပ်စာနှင့် ယဉ်ကျေးမှုကို ကိုယ်တိုင်ထိတွေ့ခွင့်ရခဲ့။ Four Skills, IELTS



## နှစ်ဦးသင်္ကြန် အထူးတရားစခန်း (နဝမ အကြိမ်တရားစခန်း)

ထေရဝါဒဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအသင်း ပဓာနနာယက ဆရာကြီး ဦးငွေးအောင် (မဟာသဒ္ဓမ္မဇောတိကဓဇ)၏ ဥပနိဿယအတိုင်း နှစ်ဦးသင်္ကြန်တရားစခန်းကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၈-၄-၂၀၁၅ရက်မှ ၂၂-၄-၂၀၁၅ရက်ထိ
အချိန် - နံနက် ၈:၃၀မှ မွန်းတည့် ၁၂နာရီထိ၊
နေရာ - ကျေးလက်ဦးစီးဓမ္မာရုံ၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီး၊ အာဇာနည်လမ်း

ထေရဝါဒဗုဒ္ဓဒေသနာနှင့်ဝိပဿနာပြန့်ပွားရေးအသင်း(ရန်ကုန်)



## ရွှေနဂါး

ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
209077, 209388, 09-73167000



## တိုက်ခန်းအမြန်ရောင်းမည်

-ပေ(၂၅×၅၀)၊ ကွန်ဒိုတိုက်ခန်း၊ ဓာတ်လှေကား၊ သိမ်ဖြူလမ်းမကြီးပေါ်၊ သိမ်ဖြူမှတ်တိုင်ရှေ့၊ (ညှိနှိုင်းဈေး)
-(၉၂)လမ်း၊ ပေ(၁၇×၅၀)၊ မြေညီနှင့်အပေါ် ထပ်တွဲ၊ (ညှိနှိုင်းဈေး)
ဖုန်း-၀၉-၅၁၅၂၇၃၈၊ ၀၉-၈၇၀၂၇၆၃



## ယုန်မင်းမှဝန်ထမ်းအလိုရှိသည်

၁။ ကားအရောင်းပို့ ကျား (၃)ဦး
- အသက် (၂၅)နှစ်မှ (၃၅)နှစ်ကြား
- ကားမောင်းအတွေ့အကြုံ(၃)နှစ်အထက်

၂။ **Marketing**
- ဘွဲ့ရပြီး လုပ်ငန်းအတွေ့အကြုံ(၁)နှစ် ကျား/မ (၂)ဦး

၃။ **Computer** စာရင်းကိုင် မ (၂)ဦး
- ဘွဲ့ရပြီး Excel ကျွမ်းကျင်ရမည်။ လုပ်ငန်းအတွေ့အကြုံ (၁)နှစ်

၄။ အလုပ်ကြမ်း ကျား (၂)ဦး
- အသက်(၁၈)နှစ်မှ (၂၅)နှစ်ကြား

၅။ အရောင်းမန်နေဂျာ(သို့မဟုတ်)မန်နေဂျာချုပ် ကျား/မ (၂)ဦး
- လုပ်ငန်းအတွေ့အကြုံ(၅)နှစ် အထက်
- အသက်(၃၅)နှစ်မှ (၄၅)နှစ်ကြား

စာရွက်စာတမ်းနှင့်တကွ ပြည့်စုံစွာ လာရောက်လျှောက်ထားနိုင်ပါသည်။
လစာ+**Bonus**ပေးမည်။
ဆက်သွယ်ရန်လိပ်စာ- တိုက်အမှတ်-၅၅(**B-1**)၊ (၁)ရပ်ကွက်၊ ရတနာလမ်း၊ ကမာရွတ်မြို့နယ်။ ဆက်သွယ်ရန်ဖုန်း-၀၉ -၉၇၄၁၆၉၃၃၄၊ ၀၉ -၅၂၅၁၀၃၇၊ ၀၉-၉၁၀၄၁၆၂၈၊ ၀၂-၇၁၃၆၀



## အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာခွဲ (သန်လျင်မြို့)
## သင်္ကြန်အထူး တရားစခန်းပွဲ

သန်လျင်မြို့ ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ အနောက်ဘက် မုခ်ဦးအနီး၊ သီလဝါလမ်းမပေါ်ရှိ အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရ ရိပ်သာခွဲ (သန်လျင်၊ ရန်ကုန်) ရိပ်သာကြီးတွင် နှစ်စဉ်နှစ်တိုင်းကဲ့သို့ သင်္ကြန်အထူးတရားစခန်းကို ၁၂-၄-၂၀၁၅ရက်မှ ၂၁-၄-၂၀၁၅ရက်အထိ (၁၀)ရက်တရားစခန်းဖွင့်လှစ်မည်ဖြစ်ပါသည်။ ယောဂီသူတော်စင် အပေါင်းတို့မှ ၁၀-၄-၂၀၁၅ရက်တွင် (အမျိုးသားမှတ်ပုံတင်၊ ယောဂီဝတ်စုံ၊ ပန်းကန်၊ မတ် ခွက်၊ ဇွန်း၊ လက်သုတ်ပုဝါ၊ အိပ်ရာ၊ ခြင်ထောင်)ယူဆောင်ပြီး စာရင်းပေးသွင်းရန်နှင့် ၁၁-၄-၂၀၁၅ရက် ည ၇နာရီနောက်ဆုံးထား၍ တရားစခန်းသို့ ဝင်ရောက်ကြပါရန် နိဗ္ဗာန်ကို အကျိုးမျှော်၍ နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့
အပြည်ပြည်ဆိုင်ရာဖားအောက်တောရရိပ်သာခွဲ(သန်လျင်မြို့)
ရန်ကုန်တိုင်းဒေသကြီး



## ရောင်းရန်ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
## ၂၀၀၇ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆၉၃

ဒေါ်မြင့်မြင့်ကြည် ပါ-၇ (တရားနိုင်များ) နှင့် မဟာခန်စီးပွားရေးလုပ်ငန်းစု (တရားရှုံး)

ယခင်ရန်ကုန်တိုင်းတရားရုံး၏ တရားမကြီးမှုအမှတ်-၂၆၁၅ အမှုတွင် အနိုင်ဒီကရီအရ တရားရှုံးပိုင် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၇ ရက်၊ နံနက် ၁၀:၀၀နာရီတွင် ပစ္စည်းတည်ရှိရာနေရာ၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြထားရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရှိသ မျှဖြစ်သည်။ ကြော်ငြာစာတွင်မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးကတာဝန်ခံလိမ့်မည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်းတွင်လာရောက်စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁ တိုးချဲ့၊ မြေကွက်အမှတ်-အေ ၁၅၊ ဦးဝိစာရလမ်းရှိ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်။
ကြမ်းခင်းဈေး ကျပ်သိန်း(၁၀၀၀)

၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။
(အေးအေးသန့်)
တွဲဖက်ခရိုင်တရားသူကြီး(၃)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

# ၂၀၁၅ သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများ လိုက်နာရန် စည်းကမ်းချက်များထုတ်ပြန် နှိုးဆော်

**ရန်ကုန် မတ် ၂၇**

၂၀၁၅ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း မိဘပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးတို့အတွက် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ ယာဉ်မောင်းသူများလိုက်နာကြရန် စည်းကမ်းချက်များထုတ်ပြန်၍ ယင်းစည်းကမ်းချက်များကို လိုက်နာကြရန် တိုက်တွန်းနှိုးဆော်ထားသည်။

(၁) မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်း မပြုရ။

(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းမောင်းခြင်း မပြုရ။

(၃) ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်း မပြုရ။

(၄) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။

(၅) ဖျက်သိမ်းထားသော ယာဉ်အိုယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များအား မောင်းနှင်ခြင်း မပြုရ။

(၆) ယာဉ်ကြောပြောင်းပြန်စီးနင်း မောင်းနှင်ခြင်း မပြုရ။

(၇) ထော်လာဂျီကဲ့သို့ အနေးယာဉ်များကို အသုံးပြု၍ ရေကစားခြင်း မပြုရ။

(၈) မော်တော်ဆိုင်ကယ်များအား အိတ်ဇောပိုက်ဖြုတ်၍စီးခြင်း၊ အသံကျယ်လောင်စွာစီးခြင်း၊ နံပါတ်မမြင်အောင် တွန့်ခေါက်၍စီးခြင်း၊ ရှေ့၊ နောက်နံပါတ်ပြားမပါဘဲစီးခြင်း၊ နှစ်ဦးထက်ပို၍စီးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မပါဘဲစီးခြင်းများ မပြုရ။

(၉) သံစုံဟွန်းများ တပ်ဆင်ကာ အသုံးမပြုရ။

(၁၀) မော်တော်ယာဉ်များတွင် ညစ်ညမ်းသောစာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြား မသင့်လျော်သောပစ္စည်းများ ရေးသားချိတ်ဆွဲ၍ မောင်းနှင်ခြင်း မပြုရ ဟူ၍စည်းကမ်းချက်များထုတ်ပြန်ထားသည်။

၂၀၁၄ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း တစ်နိုင်ငံလုံးအနေဖြင့် ယာဉ်မတော်တဆမှု ၃၆၀ မှု ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ ၉၁၇ ဦး၊ သေဆုံးသူ ၉၄ ဦး ရှိခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားခဲ့ကြောင်း သိရသည်။

**(ရဲပြန်ကြား)**

## တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် ကတ္တရာလမ်းနှင့် ကွန်ကရစ်လမ်းသစ် ဖွင့်

**မြိတ် မတ် ၂၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ နှစ် (၇၀) ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်စည်ပင်နှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်သော ကတ္တရာလမ်းနှင့် ကွန်ကရစ်လမ်းသစ်များ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၂ ရက် နံနက် ၈ နာရီက မြိတ်မြို့ ရေပုန်းရပ်ကွက် နဝရတ်လမ်း မုခ်ဦးတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာကျော်ဆန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်လေးနှင့် လမ်းဖြစ်မြောက်ရေးကော်မတီနာယက ဦးသန်းဘိုတို့က လမ်းသစ်အား ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အလားတူ မြိတ်မြို့ ရေပုန်းရပ်ကွက် အောင်ချမ်းသာ (၃) လမ်း ကွန်ကရစ်လမ်း၊ စည်ပင်သာယာလမ်း၊ ကတ္တရာလမ်း၊ ကန်ကြီးရပ်ကွက် ရေနံ့တိုက်လမ်း၊ ကွန်ကရစ်လမ်း၊ အလယ်ကျွန်းနယ်မြေ ခတ္တာလမ်း၊ ကွန်ကရစ်လမ်း၊ နောက်လယ်ရပ်ကွက်၊ နောက်လယ် (၁၀) လမ်း၊ ကတ္တရာလမ်းသစ်ဖွင့်ပွဲများကိုလည်း အဆိုပါလမ်းများ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## ပဲခူးမြို့တွင် အသည်းရောင်ဘီပိုးရောဂါအကြောင်း သိကောင်းစရာဟောပြောပွဲ ကျင်းပ

**ပဲခူး မတ် ၂၇**

အသည်းဖောင်ဒေးရှင်းနှင့် MMDC၊ LUDU ဓာတ်ခွဲခန်း Inceptor Company တို့ ပူးပေါင်းကျင်းပသည့် ကျန်းမာရေးဗဟုသုတဟောပြောပွဲအခမ်းအနားကို မတ် ၂၂ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အသည်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာခင်ပြုံးကြည် (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ဆေးသုတေသနဦးစီးဌာန၊ အောက်မြန်မာပြည်) က 'အများအတွက် အသည်းဖောင်ဒေးရှင်းအကြောင်း' ရှင်းလင်းပြောကြားပြီး ပါမောက္ခဌာနမှူး ဒေါက်တာဝင်းနိုင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ အစာအိမ် အူလမ်းကြောင်းနှင့် အသည်းရောဂါအဖွဲ့) က 'အသည်းရောင်ဘီပိုး အကြောင်း သိကောင်းရာများ' ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့သည်။

ယင်းနောက် ရုပ်ရှင်သရုပ်ဆောင် ဘေဘီမောင်က 'အသည်းရောင်ရောဂါပိုးကာကွယ်ရေးနှင့် အမြင်' ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပြီး ဒေါက်တာနေမျိုးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

**(ကြေးမုံ)**

## မီးသတ်ဆေးဘူးအသုံးပြု၍လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြ

**စစ်ကိုင်း မတ် ၂၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန စစ်ကိုင်းမြို့ မူလတန်းကြိုကျောင်းရှိ ဝန်ထမ်းများအား မြို့နယ်မီးသတ်ဦးစီးဌာနက မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြခြင်းကို မတ် ၂၄ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျောင်းဝင်းအတွင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

လူမှုဝန်ထမ်းဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရှိ မူလတန်းကြိုကျောင်းမှ ကျောင်းသား၊ ကျောင်းသူကလေးများ အေးချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းစီမံချက်ကို ဝန်ထမ်းများအား တာဝန်ခွဲဝေပေး၍ ကျောင်းသား၊ ကျောင်းသူကလေးများ မီးဘေးအန္တရာယ်ကင်းဝေးနိုင်ရန်အတွက် မီးသတ်ဆေးဘူးကိုအသုံးပြု၍ မီးငြိမ်းသတ်နည်းကို ဝန်ထမ်းများနှင့် ကျောင်းသားမိဘများ ကိုယ်တိုင်မီးငြိမ်းသတ်နိုင်ရန် လက်တွေ့ သရုပ်ပြသခဲ့ကြသည်။



မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်နည်းလက်တွေ့ သရုပ်ပြခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးထွန်းထွန်းနှင့် တပ်ဖွဲ့ဝင်များ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေဦးနှင့် ဝန်ထမ်းများ၊ ကျောင်းသားမိဘများ တက်ရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ချစ်ကိုကို(စစ်ကိုင်း)**

သန္တိသုခ သင်္ကြန်ခရီးစဉ်များ
တိုက်(၂)၊ အခန်း ၂၀၆ မြို့ပြင်ဟောင်ဒ်ဝိန်ယာ
• ထားဝယ်၊ မုန်ကိုရှင် နှင့် ထီးဒီး(ကချွန်နာဘုရ်/မြဘုရား) APR 13 ၄ သိန်း ဝ-၃၆၂၊ မဟာစီတုန်း
• တောင်ကြီး၊ အင်းလေး APR 13 ၁.၆၅ သိန်း 09 423 743 233
• ဘားအံ၊ မြဝတီ APR 13 ၂ သိန်း 09 4210 14940

GOLDEN RICH TRAVELS
ဝန်ကောက်၊ ပတ္တရား၊ အယုဒ္ဓယ၊ ကန်ချနာပူရီ၊ မဲဆောက် ၃သိန်း, Apl 11,May 21
ချင်းမိုင်၊ ချင်းရိုင်၊ ရွှေတြိဂံ၊ မယ်ဆိုင်၊ တာချီလိတ်၊ မဲဆောက် ၂သိန်း, Apl 11,May 21
မြစ်ကြီးနား (မြစ်ဆုံ)၊ အင်းတော်ကြီး (ရွှေမဥ္ဇူဘုရား) ရွှေဘို ၁.၅သိန်း, Apl 11
09-250366279,09-31062083,09-791697411,09400011689

တရုတ်
ENGLISH Conversation Practice
စကားပြောရုံပဲဆိုရင် Sayar.Yang
(တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
ပြောလိုပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း
Great Wall စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 420230133

UNIQUE STAR TRAVELS
ဥရောပ(အင်္ဂလန်) Apr:7,9,12,13 ($ 3900)
အမေရိကား Apr:8 ($4400)
သြစတြေးလျ Apr:11,12 ($ 3400)
ဟောင်ကောင်၊မကာအို Apr:12 ($ 1900)
ပေကျင်း+ရှန်ဟိုင်း+ ဟောင်ကောင် Apr:11,12 ($ 1900)
ကိုရီးယား Apr:11,12 ($ 2300)
ဂျပန် Apr:9,10,11,12,13 ($ 2300)
ကမ္ဘောဒီးယား၊ဗီယက်နမ် Apr:11 ($ 1300)
စင်ကာပူ၊မလေးရှား Apr:13 ($ 1300)
ဗန်ကောက်၊ပတ္တရား (6)D[ Dream/Safari World, Emerald Buddha, Byoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya] Apr:10,11,12,13,14,17, 25/ May: 2, 9, 16, 23, 30 ($300)
ဗန်ကောက်၊ဖူးခက် (6)D [ PhiPhi / James Bond Island, Fantasy Show ] Apr : 11, 12, 13, 14 / May: 2, 16, 30 ($500)
ဗန်ကောက်၊ချင်းမိုင် (6)D Apr: 11 / May: 2 , 30 ($500)
ဗန်ကောက်၊ဖူးခက်၊ချင်းမိုင် (8)D Apr: 11 / May : 2 ($700)
ဖူးခက် (4)D Apr: 10, 11, 12, 13, 18 / May: 30 ($300)
ချင်းမိုင် (4)D Apr: 13,14 / May : 2, 16, 30 ($300)
ကူမင်း၊သလီ၊လိကျန်း၊ရှန်ဂရီလာ(6) Apr: 11,12 / May:30 ($400)
70/A,Kabaaye Pagoda Rd,Bahan.8604964, 8604965, 8604966, 708353, 705723, 0973109133, 0973109144, 0973109155, 0973109166

UNIQUE TRAVELS & TOURS CO.,LTD.

| | | |
|---|---|---|
| တောင်ကြီး | Apr: 11,12,13,18 | (185,000) |
| ပုဂံ၊တောင်ကြီး | Apr: 12 | (250,000) |
| ပုဂံ(စွယ်တော်လေးဆူ) | Apr: 12,13 | (185,000) |
| ပုဂံ၊မန္တလေး | Apr: 12,13 | (185,000) |
| ပုဂံ၊ရွှေစက်တော် | Apr: 12,13 | (185,000) |
| ချောင်းသာ | Apr:8 (Hotel Max) | (90,000) |
| ငပလီ | Daily (Merciel Hotel & Resort) | (280,000) |
| ငွေဆောင် | Daily | (80,000) |



## အင်းစိန်မြို့နယ်၌ စေတနာအခမဲ့ဆေးကုခန်းဖွင့်လှစ်

**ရန်ကုန် မတ် ၂၇**

မတ် ၂၁ ရက် နံနက် ၇ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် ၈ လမ်း (မြောက်) ရှိ ယိုင်သူကိုတွဲ၊ လဲသူကိုထူပေးမည့် စေတနာအခမဲ့ဆေးခန်းဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနု၊ မြို့မိမြို့ဖဆေးခန်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းကြည်၊ ကြို့ကုန်းအရှေ့ရပ်ကွက် သံဃာ့နာယကဆရာတော်ကြီးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အလှူရှင်များ၊ စေတနာဖြင့်ကူညီကြမည့် ဆရာဝန်ကြီးများ၊ ပရဟိတလူငယ်အဖွဲ့နှင့် ရပ်ကွက်သူ၊ ရပ်ကွက်သားများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနုနှင့် စေတနာအခမဲ့ဆေးခန်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းကြည်က အမှာစကားပြောကြားရာ စေတနာအခမဲ့ဆေးခန်းသည် ကြို့ကုန်းအရှေ့ရပ်ကွက်ရှိ ဆရာတော်၊ သံဃာတော်များ၏ ဩဝါဒကိုခံယူ၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖွဲ့နှင့် ရပ်မိရပ်ဖများ ပံ့ပိုးကူညီလှူဒါန်းခဲ့ကြကြောင်း၊ ကြို့ကုန်းအရှေ့ရပ်ကွက်တွင် ဘုန်းတော်ကြီးကျောင်းနှင့်စာသင်တိုက် ၂၀၊ သီလရှင်စာသင်တိုက် ၄ တိုက်၊ စာသင်တိုက်သံဃာတော်နှင့် သီလရှင်စာသင်တိုက်ဆရာလေး ၂၀၀ နီးပါးရှိ၍ ၎င်းတို့အခမဲ့ဆေးဝါးကုသနိုင်တော့မည်ဖြစ်ပြီး ရပ်ကွက်သံဃနာယကဆရာတော်နှင့် စေတနာရှင်များ စုပေါင်းဆောက်လုပ်ထားသည့် ဆေးခန်းအား ရဟန်းရှင်လူပုဂ္ဂိုလ်မရွေး အခမဲ့ ဆေးဝါးကုသနိုင်ရန် ဆရာဝန်ကြီးလေးဦးတို့က ကုသပေးမည်ဖြစ်ကြောင်း ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌက ပြောသည်။

**မြင့်ဦး(အင်းစိန်)**


## အနူးအညွတ်တောင်းပန်အပ်ပါသည်

(၂၇-၃-၂၀၁၅)ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ထည့်သွင်းသည့် ပြင်ပကြားညှပ်အချပ်ပိုကြော်ငြာ (HEART Media)၏ စာမျက်နှာ(၂) တွင် ဖော်ပြပါရှိသော MTS ကုမ္ပဏီ၏ တပ်မတော်နေ့ ဂုဏ်ပြုကြော်ငြာတွင် ကြော်ငြာထည့်သူ ကုမ္ပဏီနှင့် HEART Media တို့၏ ချို့ယွင်းချက်၊ သတင်းစာတိုက်၏ စစ်ဆေးမှုအားနည်းချက်တို့ကြောင့် **"၂၀၁၅ ခုနှစ်၊ မတ်လ (၂၇)ရက်နေ့တွင် ကျရောက်သော နှစ်(၇၀)ပြည့် တပ်မတော်နေ့အား ဝမ်းမြောက် လှိုက်လှဲစွာဖြင့် MTS Co., Ltd. မိသားစုမှ ဂုဏ်ပြုအပ်ပါသည်။"** ဟု ဖော်ပြရမည့်အစား "ပြည်ထောင်စုနေ့"နှင့် မှားယွင်းဖော်ပြမိပါသည်။ ယင်းသို့မှားယွင်းခဲ့မှုအတွက် သတင်းစာဖတ်ပရိသတ်အား အနူးအညွတ်တောင်းပန်အပ်ပါကြောင်းနှင့် ကြော်ငြာအမှန်အတိုင်း ပြန်လည်ဖော်ပြပေးမည်ဖြစ်ပါသည်။

**ကြေးမုံသတင်းစာ၊ HEART Media & Advertising Co., Ltd. နှင့် Myanmar Telecommunication & Technology Services Co., Ltd.**


# မြင်းခြံခရိုင်ရဲတပ်ဖွဲ့ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိ ပညာပေးသင်တန်း မြင်းခြံတွင် ဖွင့်လှစ်ပို့ချ

**မြင်းခြံ မတ် ၂၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်ရဲတပ်ဖွဲ့ ခရိုင်ရဲရိပ်သာတွင် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးသင်တန်းကို မတ် ၂၃ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြင်းခြံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမောင်ဝင်းက ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအကြောင်းများကို အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

သင်တန်းတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးခင်မောင်၊ ခရိုင်ဥပဒေအရာရှိ ဒေါ်ခင်အုန်းမြင့်တို့က ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များ၊ ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများအား သင်တန်းပေးပို့ချပေးခဲ့သည်။

ယင်းသင်တန်းသို့မြင်းခြံခရိုင်အတွင်းရှိ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်မြို့နယ်များမှ အရာရှိသင်တန်းသား ၅၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလ ငါးရက်ကြာမြင့်မည်ဖြစ်သည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# မူးယစ်ဆေးဝါးအန္တရာယ်လျှော့ချရေး ပညာပေးဟောပြောပွဲ ကျင်းပ

**ရန်ကုန် မတ် ၂၇**



မြန်မာနှစ်သစ်ကူးပွဲတော်ကာလအတွင်း လူငယ်အချို့၏ စိတ်ကြွရူးသွပ်ဆေးပြားနှင့် အခြားမူးယစ်ဆေးဝါးများသုံးစွဲမှုကြောင့် ယာဉ်မတော်တဆမှုများ၊ ခိုက်ရန်ဖြစ်ပွားမှုများ၊ ကာယိန္ဒြေပျက်စီးမှုများ၊ သေဆုံးမှုများ မဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်သည့်အနေဖြင့် အသိပညာပေးဟောပြောပွဲအား အင်းစိန်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းဟောပြောပွဲတွင် မူးယစ်တပ်ဖွဲ့စု (၄၀) ခေတ္တတပ်ဖွဲ့စုမှူး ဒုရဲမှူးမျိုးကြည်က မူးယစ်ဆေးဝါးအမျိုးအစားများနှင့် မူးယစ်ဆေးသုံးစွဲခြင်းကြောင့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုးအန္တရာယ်များ၊ ဥပဒေအရ ပြစ်မှု၊ ပြစ်ဒဏ်များ၊ သင်္ကြန်ကာလအတွင်းဖြစ်ပွားခဲ့သည့် မှုခင်းအခြေအနေ၊ နမူနာမူးယစ်ဆေးဝါးအမှုများ၊ပြည်သူလူထုပူးပေါင်းပါဝင်နိုင်ရေးအတွက် ဆက်သွယ်ဆောင်ရွက်ရမည့် အခြေအနေများအား ရှင်းလင်းဟောပြောခဲ့သည်။

ဟောပြောပွဲသို့ ဒုမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အတွင်းရှိ ဆေးဆိုင်များမှ ပိုင်ရှင်နှင့်တာဝန်ခံများ စုစုပေါင်း အင်အား ၁၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**


## ကမ္ဘာ့အမှတ်အများဆုံးဆုရှင်သမီးလေးကို မွေးထုတ်ပေးခဲ့သူအတွက် အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

The Association of Business Executives (abe-UK) ၏အသိအမှတ်ပြု College တစ်ခုဖြစ်သော EVER UP Human Resources Institute မှ ဆရာမ "ဒေါ်စန်းစန်းငွေ"သည် 2014, abe-UK, December Exam တွင် "မမိုးသင်းချို" ($1^{st}$ M.B.,B.S ဆေး-၁) အား (Level-5) Quantitative Methods for Business Management ဘာသာရပ်ဖြင့် ကမ္ဘာ့အမှတ်အများဆုံးဆု (World First, Top Paper Prize) ရရှိအောင် သင်ကြားပေးနိုင်ခဲ့သည့် အောင်မြင်မှုအတွက် ဆရာမ ဒေါ်စန်းစန်းငွေနှင့်တကွ EVER UP HR Institute မှ ဆရာဦးညီညီမောင်နှင့် ဆရာ/ဆရာမများအားလုံးကို အထူးပင် ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဖေဖေ- ဒေါက်တာသန့်ဇင်နိုင်
(ဒုတိယပါမောက္ခချုပ်/စီမံ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်)
မေမေ- ဒေါ်ခင်သန်းထွေး(ကထိက-ငြိမ်း) ရန်ကုန်စီးပွားရေးတက္ကသိုလ်

## ကမ္ဘာ့အမှတ်အများဆုံးဆုဆွတ်ခူးရရှိသော သမီးလေးအတွက် အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

သာသနာရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ်(စီမံ)၊ ဒေါက်တာသန့်ဇင်နိုင်နှင့်ဇနီး ဒေါ်ခင်သန်းထွေး [ကထိက(ငြိမ်း)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်] တို့၏ တစ်ဦးတည်းသောသမီးလေး မမိုးသင်းချို ($1^{st}$ MBBS ဆေးတက္ကသိုလ်-၁) သည် The Association of Business Executives (abe-UK) မှ ကြီးမှူးကျင်းပသော 2014, abe-UK December Exam တွင် (Level-5) Quantitative Methods for Business Management ဘာသာရပ်တွင် ကမ္ဘာ့အမှတ်အများဆုံးဆု (World First, Top Paper Prize ရရှိခဲ့သည့်အတွက် ဝန်ကြီးဌာနဂုဏ်၊ တက္ကသိုလ်၏ဂုဏ်ကို သမိုင်းဝင်ဆောင်ကြဉ်းပေးနိုင်ခဲ့သော သမီးလေးအတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဦးဇော်ဇော်ဦး+ဒေါ်ကြည်ကြည်ခိုင် (အန်တီနီနီ)
ညွှန်ကြားရေးမှူး၊ ဌာနမှူး(စီမံ/ဘဏ္ဍာ)

ဦးဘဟိန်း+ဒေါ်စန္ဒာအောင် (အန်တီစန္ဒာ)
ညွှန်ကြားရေးမှူး(စီမံ)

ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ ဆရာ/ဆရာမများနှင့် ဝန်ထမ်းမိသားစုများ
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ သာသနာရေးဝန်ကြီးဌာန

# "အထူးကျေးဇူးတင်ရှိခြင်း"

ရန်ကုန်မြို့ "SEDONA HOTEL" GRAND BALL ROOM တွင် ၂၆ - ၃ - ၂၀၁၅ ရက်၌ ဂုဏ်ပြုညစာစားပွဲ ကျင်းပပြုလုပ်ခဲ့သော **HTOO MAW CO ., LTD (YANGON TYRE)** သို့ **MICHELIN SIAM CO., LTD ,THAILAND** မှ ထုတ်လုပ်သော **SIAMTYRE HIGH WAY RADIAL** အား တရားဝင် **DISTRIBUTER** အဖြစ် အသိအမှတ်ပြု ကိုယ်စားလှယ်ပေးအပ်ခြင်းနှင့် စတင်ဖြန့်ချိသည့်အခမ်းအနား၊ **YANGON TYRE** စက်ရုံ (ဘီးလင်း) မှ စတင်ထုတ်လုပ်သော **STEEL RADIAL TYRE** များ ဈေးကွက်သို့ မိတ်ဆက်ခြင်းအခမ်းအနားနှင့် **YANGON TYRE** အရောင်းဆိုင်ပိုင်ရှင်ကြီးများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြပါသော **MICHELIN SIAM CO., LTD** မှ **COMMERCIAL DIRECTOR (TRUCK & BUS TYRE) MR. LIONE CADEAU** နှင့် ဒါရိုက်တာအဖွဲ့ဝင်များအားလည်းကောင်း၊ **TAIWAN** နိုင်ငံမှ တာယာကုန်ကြမ်းနှင့် တာယာစက်ပစ္စည်း ထုတ်လုပ်ရောင်းချပေးသော **JUNKY ENTERPRISE CO., PTE LTD** မှ **CHAIRMAN, MR.CHENG, JUNG-SHENG** နှင့် စက်ရုံပိုင်ရှင်ကြီးများ၊ **YANGON TYRE** အရောင်းကိုယ်စားလှယ်ကြီးများ၊ မြန်မာပြည်တစ်ဝန်းမှ ကြွရောက်ချီးမြှင့်ကြသော တာယာအရောင်းဆိုင် ပိုင်ရှင်ကြီးများနှင့် အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသော မိတ်ဆွေများအားလုံးနှင့်တကွ အနယ်နယ်အရပ်ရပ်မှ ရန်ကုန်တာယာ သုံးစွဲသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ......။

ဒါရိုက်တာအဖွဲ့
ရန်ကုန်တာယာစက်ရုံ (ရန်ကုန်)
ရန်ကုန်တာယာစက်ရုံ (ဘီးလင်း)

**Your Travel** သင်္ကြန်ခရီးစဉ်များ 01-223180 / 09-31679777 / 09253634845

- ပုဂံဘုရားဖူးခရီးစဉ်
  - Thiripyitsaya Sanctuary Resort
  - April 12-16 ၁၈၅၀၀၀ကျပ်
- မန္တလေး-မုံရွာ-ပြင်ဦးလွင်ခရီးစဉ်
  - Scania Car
  - April 12-16 ၁၇၅၀၀၀ကျပ်
- ရှမ်းပြည်တောင်ပိုင်းခရီးစဉ်
  - Scania Car
  - April 12-16 ၁၇၅၀၀၀ကျပ်
- ငွေဆောင်ခရီးစဉ်
  - Sea View အခန်း April12-15 / 14-17
  - ၁၅၅၀၀၀ကျပ်

## ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်း

ရန်ကုန်မြစ်ကြောင်း ဗိုလ်တထောင်ဘုရားမှ သန်လျင်ရေနံချက်စက်ရုံအကြားရှိ သန်လျက်စွန်းအတွင်း စည်းခုံရေလမ်းကြောင်းတွင် ၂၈-၃-၂၀၁၅ရက်မှ ၁၀-၄-၂၀၁၅ရက်အထိ အထူးသောင်တူးလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါ၍ အဆိုပါ သောင်တူးလုပ်ငန်းခွင်ဧရိယာအတွင်း သွားလာနေသောရေယာဉ်များသည် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်သွားရန် ရေကြောင်းသတိပေးချက်ထုတ်ပြန်အပ်ပါသည်-

(က) သောင်တူးလုပ်ငန်းခွင်ဧရိယာအတွင်း ရေယာဉ်များအားလုံးညဘက်(နေဝင်ချိန်မှ နေထွက်ချိန်အတွင်း)ဝင်ထွက် ခုတ်မောင်းသွားလာခြင်းမပြုရန်။

(ခ) နေ့ဘက်ဝင်ထွက်သောရေယာဉ်များသည် ဆက်သွယ်ရေးစက် VHF Channel-16 တွင် သောင်တူးရေယာဉ်အင်တီဂွန်နှင့် ကြိုတင်ဆက်သွယ်ပြီးမှ ဖြတ်သန်းသွားလာရန်။

(ဂ) တွဲဆွဲသွားလာနေသော တွဲရေယာဉ်များသည် ရေဆန်ဖြင့်နေ့ဘက်၌သာ ဝင်ထွက်သွားလာရန်နှင့် စက်အားကောင်းသည့် တွန်းရေယာဉ်များကိုသာ အသုံးပြုသွားလာရန်။

(ဃ) အခြေအနေအရ သောင်တူးရေယာဉ်လမ်းကြောင်းကို ဖြတ်သန်းပြီးဝင်ထွက်ရမည်ဆိုလျှင် ရေယာဉ်ဦးတည်လမ်းကြောင်း၏ရှေ့မှ ဖြတ်မဝင်ဘဲ နောက်ဘက်(ပွဲ့ပိုင်း)မှသာ ဖြတ်သန်းရန်။

(င) သဲသမ္ဗန်များသည် ရေတက်ဦးဖြင့်စုပြုံဝင်ရောက်ခြင်းမပြုဘဲ ရေကျမကုန်မီ ရေဆန်ဖြင့် ကြီးကြပ်ရေးရေယာဉ်ဖြင့် ကြိုတင်ဆက်သွယ်ညှိနှိုင်းပြီး သောင်တူးရေယာဉ်နှင့် လွတ်ကင်းချိန်ကို ချိန်ဆ၍ဝင်ထွက်ရန်။

(စ) သောင်တူးရေယာဉ်သည် သောင်တူးကိရိယာများချထား၍ သောင်တူးနေစဉ် သတ်မှတ်လမ်းကြောင်းမှ ဖယ်ရှားတိမ်းရှောင်ပေးခြင်းမပြုနိုင်သဖြင့် ဖြတ်သန်းသွားလာသော ရေယာဉ်များသည် လုံလောက်သောအချိန်အတွင်း လုံလောက်သော အကွာအဝေးမှ ရှောင်တိမ်းသွားလာကြရန် လွတ်ကင်းနိုင်မှုမရှိဟု တွက်ဆရပါက အသွားနှုန်းလျှော့ခြင်း ရေဆန်ဘက်ဦးလှည့်၍ ရပ်တန့်ထားပြီး သောင်တူးရေယာဉ်နှင့် လွတ်ကင်းမှသာဖြတ်သန်းသွားလာရန်။

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## သွင်းကုန်ကြေညာလွှာပျောက်ဆုံးခြင်း

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ သွင်းကုန်ကြေညာလွှာအမှတ် ID 188398 , ID 185841, ID 515553, ID 517337, ID 104196, ID 500176 မှုရင်း(၆)စောင်တို့မှာ လမ်းခရီး၌ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာများသို့ ဆက်သွယ်ပေးပါရန်။ **ဆိပ်ကမ်းရှင်းလင်းရေးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း အမှတ်(၄၇)၊ စိမ်းလမ်းမေရိပ်သာလမ်း၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကင်းမြို့နယ်။**

## တိုက်ခန်းရောင်းမည်

ပေ(၁၅×၅၀)(၅လွှာ B) တိုက်သစ်၊ BCCကျပြီး၊ သမာဓိလမ်း၊ မေတ္တာညွန့်၊ တာမွေ။

မီးဖိုချောင် ကြွေပြား ကပ်/ခင်း၊ အိမ်သာဘိုထိုင်

Halltype၊ ရေ (ဂျိုးဖြူ/အဝီစိ)

**ဖုန်း-၀၉-၂၅၄၄၈၈၈၀၈၊ ၀၁-၂၄၅၆၉၈၊ ၀၉-၄၅၀၀၅၂၄၃၂**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၅/၂၀၁၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | IFB-171(14-15) | Spares for Doosan Natural Gas Engine Ex Daewoo Gen; Set (53) Items | US$ |
| (၂) | IFB-172(14-15) | Metering System Up Grade at Kanbauk(GRS) | US$ |
| (၃) | IFB-173(14-15) | 24" Pipe Line System Up Grade at PLC (Daw Nyein) | US$ |
| (၄) | IFB-174(14-15) | 4" Dia Steel Line Pipe(5000)M | US$ |
| (၅) | IFB-175(14-15) | 4" Dia Steel Line Pipe (9000)M (3LPE Coated) | US$ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၂၇-၄-၂၀၁၅ ရက် (၁၆း၃၀)နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆**

**Golden View Myanmar Travels & Tours**

★တောင်ကြီး-အင်းလေး ★မန္တလေး-စစ်ကိုင်း-ပြင်ဦးလွင်၊
★ပုဂံ-ညောင်ဦး-ပုပ္ပါး ★စစ်ကိုင်း-မုံရွာ-အလောင်းတော်ကဿပ
★ပြည်-အကောက်တောင် ★မော်လမြိုင်-ကျိုက္ကမီ-စက်စဲ
★ကျိုက်ထီးရိုး၊ ★ကရင်ပြည်နယ်-ဘုရင်ညီဂူ-ရေပူစမ်း
3*Hotels, Scania Express Meals , Guide
နေ့ချင်းပြန်
ချောင်းသာ ငွေဆောင်

၂/၄၊ဧယျာလမ်း၊လှည်းတန်း၊ စိန်ဂေဟာအနီး၊ကမာရွတ်၊ ၂၈၊ပထဝ်၊ဂု-လမ်း၊လမ်းမတော်

Call - Ph: 09450011107, 09795739610

## MIHARA CAR RENTAL SERVICES

**မြို့တွင်း/မြို့ပြင်ခရီးစဉ်များအတွက် ကားစီးလုံးငှား ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေပါသည်။ (၅/၁၅/၂၂/၂၅/၃၄ယောက်စီး)**

ဖုန်း-၀၉-၄၉၂၁၈၇၀၀၊ ၀၉-၅၀၂၅၄၀၀၊ ၀၉-၅၀၆၁၈၉၆







At the forefront of world-class
engineering & construction
" You Dream
We Develop "
M&A
CONSTRUCTION
Providing high quality engineering, procurement, fabrication and construction of high-rise development projects led by a team of highly capable personnel and professionals
Full project management capabilities for structure, architectural, mechanical and electrical works
Vantage Office Tower Project
Ngwe Saung Yacht Club & Resort Project for 27th SEA Games Sailing Event
Myint & Associates Construction Co., Ltd.
No. 84-85, Hlaing Myint Moh Lane #1, 10th Quarter, Hlaing Tsp., Yangon, Union of Myanmar
Tel : (95-1) 521 003 / 507 100 Fax : (95-1) 501 501
email : myint@myintassociates.com.mm




Contacts : 09 2501068632, 09 450055445, 09 402600766
www.facebook.com/LiebherrMyanmar

LIEBHERR




| | Installation in Thailand (Ex-Factory) | Installation in Yangon (Included tax and installation ) |
|---|---|---|
| 3 $m^3$ | Euro 13,800 | Euro 20,000 |
| 5 $m^3$ | Euro 15,000 | Euro 20,900 |
| 7 $m^3$ | Euro 16,300 | Euro 21,500 |
| 9 $m^3$ | Euro 20,500 | Euro 26,300 |

**Octagon Automobiles & Machinery Services - The Exclusive Authorised LIEBHERR Dealer in Myanmar.**

Contacts : 09 420122330, 09 250796160, www.facebook.com/LiebherrMyanmar

LIEBHERR

Hot Line No-0930500100

# မြေနီကုန်း ခုံးကျော်တံတား မော်တော်ယာဉ်များ စတင်ဖြတ်သန်းခွင့်ပြု

သတင်း » ဆုနှင်းလဲ့
ဓာတ်ပုံ » ဌေးအောင်



**ရန်ကုန် မတ် ၂၇**

၂၀၁၅ ခုနှစ် မတ်လကုန်တွင် ပြီးစီးရန် လျာထားတည်ဆောက်လျက်ရှိသည့် မြေနီကုန်းခုံးကျော်တံတားကို မတ် ၂၇ ရက်တွင် မော်တော်ယာဉ်များ စတင်ဖြတ်သန်းခွင့်ပြုလိုက်ကြောင်း သိရသည်။

ရန်ကုန်မြို့ ပြည်လမ်း မြေနီကုန်းမီးပွိုင့်လမ်းဆုံကို ဖြတ်ကျော်တည်ဆောက်ထားသည့် မြေနီကုန်း ခုံးကျော်တံတား ၉၉ ရာခိုင်နှုန်းခန့် ပြီးစီးသွားပြီဖြစ်ပြီး အချောသပ်လုပ်ငန်းများ အနည်းငယ်သာ ကျန်ရှိတော့သည်ဟု ခုံးကျော်တံတား တာဝန်ယူတည်ဆောက်နေသည့် Capital Construction Group မှ သိရသည်။

"ကျွန်တော်တို့ တံတားစဆောက်ခဲ့တဲ့အချိန်ကနေ အခု ဒီနေ့ ကားတွေဖြတ်သန်းနိုင်တဲ့ အချိန်အထိ ခြောက်လကျော်ကျော်လေးပဲရှိပါတယ်။ အပြီးသတ်လုပ်ငန်းတွေပြီးဖို့ မူလရည်ရွယ်ထားတဲ့ မတ်လကုန်အပြီးဖြစ်ပြီး ဧပြီလဆန်းမှာ လမ်းတွေလည်း အကုန်ပြန်ဖွင့်မှာပါ"ဟု စီမံကိန်းဒါရိုက်တာ ဦးသက်လင်းကပြောသည်။

မြေနီကုန်း ခုံးကျော်တံတားတွင် မော်တော်ယာဉ်များ စတင်ဖြတ်သန်းခြင်း အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး စတင်ဖြတ်သန်းသော မော်တော်ယာဉ်များကို လက်ဆောင်ပစ္စည်းများ ပေးဝေခဲ့သည်။ **စာမျက်နှာ ၁၂ ကော်လံ ၄ သို့**

# မြန်မာအသင်း အာရှယူ-၂၃ ခြေစစ်ပွဲအဖွင့်ပွဲ၌ ဂိုးပြတ်အနိုင်ရ

**တရုတ်(တိုင်ပေ) မတ် ၂၇**

အာရှယူ-၂၃ ခြေစစ်ပွဲ အုပ်စု(F) ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက တရုတ်(တိုင်ပေ)တွင် စတင်ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းက တရုတ်(တိုင်ပေ)အသင်းကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့သည်။

**မြန်မာ - သုံးဂိုး။**
**(လှိုင်းဘိုဘို-နှစ်ဂိုး၊ နေလင်းထွန်း -တစ်ဂိုး)**
**တရုတ်(တိုင်ပေ) - ဂိုးမရှိ။**

မြန်မာအသင်းမှာ အတောင့်တင်းဆုံးလူစာရင်းဖြင့် ပွဲထွက်လာခဲ့ပြီး အိမ်ရှင်တရုတ်(တိုင်ပေ)အသင်းကို အနိုင်ကစားကာ ပွဲဦးထွက်သုံးမှတ်ရယူနိုင်ခဲ့သည်။ မြန်မာအသင်းသည် ယခုပွဲတွင် ကစားပုံကောင်းမွန်ခဲ့သလို ခြေစွမ်းပြကစားနိုင်ခဲ့ပြီး ကွင်းလယ်ကစားသမား လှိုင်းဘိုဘိုက (၂၆၊ ၆၉)မိနစ်တွင် နှစ်ဂိုးနှင့် အသင်းခေါင်းဆောင် နေလင်းထွန်းက ၉၂ မိနစ်တွင် တစ်ဂိုးတို့ သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ ပွဲဦးထွက်အနိုင်ရလဒ်ကြောင့် ခြေစစ်ပွဲအောင်ရန် မျှော်လင့်ချက်ရှိလာခဲ့သည်။

မြန်မာအသင်းပါဝင်သော အုပ်စု(F)၏ အခြားပွဲစဉ်တွင် ဩစတြေးလျအသင်းက ဟောင်ကောင်အသင်းကို ခြောက်ဂိုးပြတ်ဖြင့်အနိုင်ရရှိခဲ့သည်။ အုပ်စုဒုတိယပွဲစဉ်များကို မတ် ၂၉ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မြန်မာနှင့် ဟောင်ကောင်၊ ဩစတြေးလျနှင့် တရုတ်(တိုင်ပေ)တို့ ကစားရမည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

# တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းများ အခမဲ့ပြသ လာရောက်ကြည့်ရှုသူများပြား



**ရန်ကုန် မတ် ၂၇**

နှစ်(၇၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုဇာတ်လမ်းများကို ရန်ကုန်မြို့ ရွှေဆောင်ရုပ်ရှင်ရုံတွင် ယနေ့နံနက် ၁၀ နာရီမှစတင်ကာ အခမဲ့ ပြသပေးလျက်ရှိရာ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိကြောင်း တွေ့ရသည်။

တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းများအား လာရောက်ကြည့်ရှုသည့် အလုံမြို့နယ်နေ စစ်မှုထမ်းဟောင်းတစ်ဦးဖြစ်သူ ဦးတင်ဝင်းက "တပ်မတော်နဲ့ဆိုင်တဲ့ ဇာတ်ကားတွေ ပြန်ကြည့်ရတဲ့အတွက် တပ်မတော်မှာ တာဝန်ထမ်းဆောင်ခဲ့သူတစ်ယောက်အနေနဲ့ ပြန်သတိရတယ်။ တပ်မတော်နေ့နီးမှ ပြတာမဟုတ်ဘဲ၊ ကြားထဲမှာလည်း ကြိုးကြားကြိုးကြား ပြစေချင်တယ်။ နိုင်ငံခြားကလာတဲ့ ဇာတ်ကားတွေကိုပြတာထက် တပ်မတော်ဇာတ်လမ်းဇာတ်ကားတွေပြတာ လူငယ်တွေအတွက် ဗဟုသုတလည်းရတယ်။ စိတ်ဓာတ်လည်း တက်ကြွစေတာပေါ့"ဟု ပြောသည်။

**စာမျက်နှာ ၁၀ ကော်လံ ၄ သို့** ❖

ယနေ့

## မာတိကာ

ရေမြင့်လျှင် ကြာတင့်မည်
စာမျက်နှာ - ၂

လူထုပရိသတ်ကို ဟောပြောနည်း
စာမျက်နှာ - ၆

နေမာ၊ အော်စကာနှင့် ဂတ်စတာတို့၏ သွင်းဂိုးများဖြင့် ပြင်သစ်မြေ၌ ဘရာဇီးအသင်းအောင်ပွဲခံ
စာမျက်နှာ - ၁၃

themirror.npt@gmail.com
www.facebook.com/themirrordaily



4TV ၏ တစ်ပတ်စာကြည့်ရှုရေးအစီအစဉ်ကောင်းများ
(၂၈-၃-၂၀၁၇ မှ ၃-၄-၂၀၁၇ အထိ)
အပတ်စဉ် စနေနေ့တိုင်း TV Guide မှစီစဉ်ထုတ်ဝေသည်။

KIDS for Kids
ကလေးတို့အကြိုက်
ကာတွန်းရုပ်သံလိုင်း



## 4TV ၏ တစ်ပတ်တာကြည့်စရာ အစီအစဉ်ကောင်းများ (၂၈-၃-၂၀၁၅ မှ ၃-၄-၂၀၁၅ အထိ)

### Channel 7 HD — ကောင်းကင်စေရာ

**8:00 PM 2-4-2015 (Thursday)**




မိဘမဲ့ဂေဟာမှာ မောင်နှမအရင်းတွေလိုနေခဲ့ကြတဲ့ ချာယောင်းနဲ့ဆောင်းထန်းတို့ နှစ်ယောက် အတင်းအကျပ်ခွဲခွာခံရမည့် အခြေအနေမှ ထွက်ပြေးပုန်းရှောင်ရင်း ချာယောင်းတစ်ယောက် အသက်အန္တရာယ်နဲ့ ကြုံတွေ့ခဲ့ရပါတယ်။ ဆောင်းထန်းမှာလည်း မတော်တဆဖြစ်ပြီးအတိတ်မေ့သွားကာ ဂီယောင်းအဖြစ် နေထိုင်ရန်ဖြစ်လာပြီး ချာယောင်းနှင့်ဝေးကွာခဲ့ရပါတယ်။ ချာယောင်းမှာအွန်ယောင်းကျန်တိုက်တွင် အလုပ်လုပ်ရင်း ဂီယောင်းနှင့် ပြန်လည်ဆုံတွေ့ခဲ့ပေမယ့် ထိုအချိန်တွင် ဂီယောင်းနှင့်ဂျယ်အင်းမှာ စေ့စပ်ထားသူများ ဖြစ်နေခဲ့ပါတယ်။

အတိတ်ကို ပြန်သတိရလာတဲ့ ဂီယောင်းတစ်ယောက် ဂျယ်အင်းနှင့်စေ့စပ်မှုကိုဖျက်ကာ ချာယောင်းနှင့်အတူ ဆောင်းထန်းဘဝကို ပြန်သွားဖို့ကြိုးစားခဲ့သော်လည်း နောက်ဆုံးတွင် ဂျယ်အင်းနှင့် လက်ထပ်ခဲ့ရပါသည်။ တစ်ဖက်မှာတော့ အွန်းယောင်းအပေါ် လက်စားချေရန် ချာယောင်းနှင့် ယောင်းအွန်တို့ ပူးပေါင်း၍ ဟန်ဆောင် လက်ထပ်ခဲ့ကြချိန်တွင် ချာယောင်းမှာ ဂီယောင်းနှင့် ကိုယ်ဝန်ပါလာခဲ့ပါတယ်။ မိသားစုမေတ္တာဖွဲ့ အိမ်ထောင်ရေးဇာတ်လမ်းကောင်းတစ်ပုဒ် ဖြစ်ပြီး စုန်ရေသာမကဆန်ရေမေတ္တာကိုပါ ဖော်ကြူးထားသော ဇာတ်ကားကောင်းတစ်ကားဖြစ်ပါသည်။

### 4 EDU — Designer's Secret

**7:50 PM 31-3-2015 (Tuesday)**



ဒီတစ်ပတ်ရဲ့ Designer's Secret အစီအစဉ်မှာ ခေါင်းစွပ် (Hoode) ပါ အင်္ကျီ Design Cutting ပြုလုပ်နည်းအကြောင်း ကိုကြည့်ရှုရမှာဖြစ်ပါတယ်။

### 4 COMEDY — အဝိုက်

**8:00 AM/12:00 PM/4:00PM/8:00 PM**
**29-3-2015 (Sunday)**




နေရာအသီးသီးတွင် အဖြစ်ပျက်များစွာရှိသည်။ ထိုအဖြစ်အပျက်များကို လူတိုင်းလူတိုင်း မသိလိုက်ကြတဲ့ အဝိုက်ရှိုးစုံမိသွားစုံအား ရီစရာလေးများအဖြစ် တင်ဆက်ပြသခြင်းဖြစ်ပါတယ်။

### European Qualifiers

**Match (5)** — LIVE

**28.3.2015 (Saturday)**

| Time | Team | Vs | Team | Channel |
|---|---|---|---|---|
| 2:15 AM | Spain | Vs | Ukraine | Channel 7 HD |
| 2:15 AM | England | Vs | Lithuania | MRTV-4 HD |
| 2:15 AM | Moldova | Vs | Sweden | 4 |

**28.3.2015 (Saturday)/ 29.3.2015 (Sunday)**

| Time | Team | Vs | Team | Channel |
|---|---|---|---|---|
| 11:30 PM | Czech Republic | Vs | Latvia | MRTV-4 HD |
| 11:30 PM | Azerbaijan | Vs | Malta | 4 |
| 11:30 PM | Croatia | Vs | Norway | Channel 7 HD |
| 2:15 AM | Bulgaria | Vs | Italy | Channel 7 HD |
| 2:15 AM | Netherlands | Vs | Turkey | MRTV-4 HD |
| 2:15 AM | Belgium | Vs | Cyprus | 4 |

**29.3.2015 (Sunday) / 30.3.2015 (Monday)**

| Time | Team | Vs | Team | Channel |
|---|---|---|---|---|
| 10:30 PM | Georgia | Vs | Germany | MRTV-4 HD |
| 10:30 PM | Scotland | Vs | Gibraltar | 4 |
| 10:30 PM | Romania | Vs | Faroe Islands | Channel 7 HD |
| 1:15 AM | Portugal | Vs | Serbia | MRTV-4 HD |
| 1:15 AM | Hungary | Vs | Greece | 4 |
| 1:15 AM | Republic of Ireland | vs | Poland | Channel 7 HD |





MOL MYANMAR ONLINE CO., LTD.
ကြော်ငြာလုပ်ငန်းများနှင့်ပတ်သက်၍ ဆက်သွယ်ရန်
01-204013, 204107, 256726 E mail : advertisingmol@gmail.com






